# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တော်သလင်းလဆန်း (၁) ရက် ၊ အင်္ဂါနေ့ ၊ (3-9-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၂၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ယခုနှစ် ဆောင်းရာသီတွင် နေကြာဧက ၁၄၇၀၀ တိုးချဲ့စိုက်ပျိုးသွားမည်



**နေပြည်တော် စက်တင်ဘာ ၂**

ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် နေကြာသီးနှံဧကသုံးသန်းကျော်စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိရာ ယခင်နှစ်က နေကြာသီးနှံဧက ၁ ဒသမ ၀၈ သန်း စိုက်ပျိုးခဲ့ပြီး ယခုနှစ်ဆောင်းရာသီတွင် ဧက ၁၄၇၀၀ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

နေကြာသီးနှံသည် ဆီထွက်သီးနှံများတွင် စိုက်ပျိုးရသော မျိုးစေ့ပမာဏနှင့် ထွက်ရှိသော မျိုးစေ့ပမာဏအချိုးအစားမြင့်မားခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကာလတိုအတွင်း တိုးချဲ့စိုက်ပျိုးရန် အလားအလာကောင်းခြင်း၊အခြားဆီထွက်သီးနှံများနှင့်နှိုင်းယှဉ်ပါက ဆီထွက်ရာခိုင်နှုန်း ပိုမိုများပြားခြင်း စသည့် အားသာချက်များကြောင့် တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

"ဆီထွက်သီးနှံ နေကြာဧက သုံးသန်းကျော် စိုက်ပျိုးဖို့အတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါ ပြီးခဲ့တဲ့နှစ်တွေတုန်းကတော့ ၁ ဒသမ ၀၈ သန်း စိုက်ပျိုးခဲ့တယ်။ ဒီလိုစိုက်ပျိုးခဲ့တဲ့အပေါ် ဒီနှစ်မှာ ဧက ၁၄၇၀၀ လောက် တိုးချဲ့စိုက်ပျိုးသွားမယ်။ လာမယ့်နှစ်တွေမှာလည်း

**စာမျက်နှာ ၁၉ ကော်လံ ၁**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်အေး အိန္ဒိယနိုင်ငံ National Defence College ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ**

စာမျက်နှာ- ၁၆

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ**

စာမျက်နှာ- ၁၈

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်းကို ပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ**

စာမျက်နှာ- ၁၈

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂**

မနက်ဖြန်မွန်းတည့်ချိန်ထိ ခန့်မှန်းချက်။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)




ရတနာပုံ
၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့စီးပွားပိုမိုဖွံ့ဖြိုးတိုးတက်ရေး

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်လာသောနိုင်ငံများသည် နိုင်ငံဖွံ့ဖြိုးရေး၊ စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများကို အစဉ်အမြဲတီထွင်ကြံဆ ကြိုးပမ်းအားထုတ်ခဲ့ကြသဖြင့် တိုးတက်သောနိုင်ငံများအဖြစ်သို့ တက်လှမ်းရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆိုရာတွင် အနည်းငယ်မျှဖွံ့ဖြိုးတိုးတက်ရုံဖြင့် ကျေနပ်ရောင့်ရဲနေမည်ဆိုလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် ရပ်တန့်နေမည်ဖြစ်သောကြောင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စိုက်ပျိုးရေးကဏ္ဍသည် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အဓိကထားသော စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစိုက်ပျိုး၊ မွေးမြူရေးနည်းစနစ်များကိုလေ့လာနှိုင်းယှဉ်၍ မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး လုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံ့စီးပွားတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံ၏အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများသည် အရေးပါပြီး စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ သီးနှံများဖြစ်ထွန်းအောင်မြင်ပြီး အထွက်နှုန်းကောင်းမွန်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသည့် နည်းလမ်း(၄)သွယ်ဖြင့် ဆောင်ရွက်သွားရန်လိုသည်။ စိုက်ပျိုးသည့်သီးနှံများ အထွက်နှုန်းတိုးတက်လာမည်ဆိုပါက စိုက်ပျိုးရေးတောင်သူများ ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံအတွက်လည်း ဝင်ငွေများရရှိပြီး နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုစေမည်ဖြစ်သည်။

ထို့ပြင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာသည့်အခါ ပြည်ပမှသွင်းလာသောသွင်းကုန်များနေရာတွင် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို အစားထိုးနိုင်မည်ဖြစ်သည်။ ပြည်တွင်းကုန်ထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ပြီး အရည်အသွေးကောင်းမွန်သည့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်လာခြင်းဖြင့် နိုင်ငံခြားငွေများ တိုးတက်ရရှိခြင်းကြောင့် နိုင်ငံသည် ယခုထက်ပို၍တိုးတက်လာနိုင်သည်။ ထို့ကြောင့် နိုင်ငံ၏ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်မှုနှင့် ပို့ကုန်အဆင့်မြှင့်တင်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားများဖြင့် လည်ပတ်ဆောင်ရွက်ရပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်သည်။ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာလျှင် နိုင်ငံရေးနှင့် ကာကွယ်ရေးမောင်းနှင်အားများသည်လည်း အားကောင်းမောင်းသန်ဖြစ်လာမည်ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံသူ၊ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ၏ နိုင်ငံရေးသည် တည်ငြိမ်အေးချမ်းကာ သာယာဝပြောမှုရှိမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး အားကောင်းခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသောကြောင့် စိုက်ပျိုးမွေးမြူရေးတောင်သူများ၊ လုပ်ငန်းရှင်များနှင့် အခြားဆက်စပ်ကဏ္ဍများမှ တာဝန်ရှိသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူလက်တွဲပြီး နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ကြသွားကြရန်လိုအပ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ရှမ်း)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး စက်တင်ဘာ ၂**

မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ရှမ်း)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ပဲပုပ်(ရှမ်း)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာကြောင်း၊ အဆိုပါ အရည်အသွေးကောင်းမွန်သည့် ပဲပုပ်(ရှမ်း)များကို ကုန်သည်များက ဝယ်ယူမှု များပြားလျက်ရှိကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်က ထွက်တဲ့ပဲပုပ်(ရှမ်း)ကို အခုလတ်တလော မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ ပြည်ပကနေပြီးတော့ ပြည်တွင်းက ထွက်ရှိတဲ့ ပဲပုပ်ကို မှာယူမှု အနည်းငယ်လောက်ပဲရှိတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ရှမ်း) ဈေးနှုန်းမှာ စက်တင်ဘာ ၁ ရက် ပေါက်ဈေးအရ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း သိရသည်။

အလားတူ ရေဦးဘက်မှထွက်ရှိသည့် ပဲပုပ်(ဗမာ)အမျိုးအစားများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုလတ်တလောတွင် ပဲပုပ်(ဗမာ)မှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

# စစ်ကိုင်းမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၅၇ ဧက စိုက်ပျိုးသွားမည်

**စစ်ကိုင်း စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၅၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၃၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌လည်း ဂျုံ ၃၁၀၅၇ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်အတွင်း လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံ ၃၁၀၅၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ဂျုံစိုက်ပျိုးတာနဲ့ပတ်သက်ပြီး တောင်သူအသိပညာပေး ဆွေးနွေးတာတွေလုပ်မယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေသြဇာကျွေးဖို့၊ ပေါင်းရှင်းဖို့ ဆောင်ရွက်ပေးသွားမယ်။ ဂျုံအထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက်ပေးသွားမယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဂျုံသီးနှံလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဂျုံများ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းဂျုံများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျုံစိုက်ပျိုးမှုအနေဖြင့် ဂျုံ တစ်ဧကစိုက်ပျိုးပါက ကုန်ကျစရိတ် ငွေကျပ် ၃၀၀၀၀၀ ခန့်ရှိပြီး ဂျုံတစ်ဧကလျှင် ၂၁ တင်း ထွက်ရှိကြောင်း၊ ဂျုံကို နိုဝင်ဘာ၊ အောက်တိုဘာ၊ ဒီဇင်ဘာလတို့တွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလတို့တွင် ထွက်ပေါ်ကြောင်း၊ စစ်ကိုင်းမြို့နယ်တွင် ဂျုံဖြူသန့်မျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဂျုံစိုက်ပျိုးမည့် တောင်သူများကို ဂျုံအထွက်နှုန်းတိုးတက်ရေးအတွက် ပညာပေးသင်တန်းများပို့ချပေးခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိရေးဆောင်ရွက်ပေးခြင်း၊ ပုလဲခတ်မြေသြဇာများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၀၆၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၀၆၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၄၃၀၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၁၀၀၆၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစပါးလျာထားဧကအားလုံးရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ ဒီနှစ်မိုးစပါးကို ဧက ၁၄၃၀၀၀ ကျော် လျာထားစိုက်ပျိုးနေပါတယ်။ ဒီနေ့ထိ စပါးဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့စပါးတွေကို ဆက်လက်စိုက်ပျိုးနေပါတယ်။ မိုးစပါးတွေ အခက်အခဲမရှိ စနစ်တကျရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ဆက်စပ်ဌာနတွေဖြစ်တဲ့ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနစတဲ့ဌာနတွေ၊ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်း ဆောင်ရွက်နေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးစပါးများစိုက်ပျိုးရာတွင် ပေါ်ဆန်းမွှေး ၊ ရက် ၉၀၊ ဗျောက်သုခ၊ GW-11၊ GW-1၊ မနောသုခ၊ ကျားပျံ၊ ဆင်းသုခ၊ နှံကား၊ မြီးတိုး စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် လူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**သာစည် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူးကုန်းကျေးရွာအုပ်စု လူးကုန်းကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက လူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်ထားသော မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လူးကုန်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၂၀ ဒသမ ၀၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၃၁ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို ငွေကျပ် ၅၁ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၁၅ လမ်း၊ ၈၇-၈၈ လမ်းကြားနေ ဒေါက်တာ ကျော်သင်းနိုင်-ဒေါ်သီတာစိုး၊ ဦးမြင့်အောင်-ဒေါ်နွယ်နွယ်ဝင်းမိသားစုတို့က ဦးဝင်းမောင်-ဒေါ်သင်းသင်းကြူတို့အားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့်ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၄၇ ဧက စိုက်ပျိုးပြီးစီး



**ပုတော စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၄၇ ဧကကို ယခုနှစ်မေလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဖူးစားပြောင်းများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာနဲ့ အခြားကူညီပံ့ပိုးမှုတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ အခု ဖူးစားပြောင်း ၂၄၇ ဧက လျာထားစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ယခင်နှစ်တွေကထက် အထွက်နှုန်းကောင်းစေဖို့၊ အရည်အသွေး ကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို အဆက်မပြတ်လုပ်ဆောင်ပေးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန်၊ ဖူးစားပြောင်းများ ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ဖောင်မြောင်တောင်ပိုး စသည့်ပိုးမွှားအန္တရာယ်များမကျရောက်စေရန်၊ ပြောင်းသီးနှံများ အထွက်နှုန်းကောင်းစေရန်နှင့် အရည်အသွေးကောင်းမွန်စေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကျော်ကျော်လင်း**

# ပင်းတယမြို့နယ် မြင်းမူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ စက်တင်ဘာ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းမူးကျေးရွာအုပ်စု မြင်းမူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ထုတ်ချေးပေးခဲ့သည်။

ရှေးဦးစွာ ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေး ရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇ ဒသမ ၉၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြင်းမူးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို အဌမအကြိမ်မြောက် ရန်ပုံငွေကျပ် ၄၇ ဒသမ ၉၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပင်းတယမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သိရသည်။ **ချိုသန်းညွန့်**

# ကလေးခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၃၄၂၅ ဧကစိုက်ပျိုးမည်

**ကလေး စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် လာမည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၃၄၂၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၃၁၉ ဧက၊ ကလေးဝမြို့နယ်တွင် ၃၁၃ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၇၉၃ ဧက စုစုပေါင်း ၃၄၂၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ၃၄၂၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်သွားမှာပါ။ ကြက်သွန်နီဈေးကွက်တွေ အရောင်းအဝယ်ကောင်းဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးတာတွေရှိတယ်"ဟု ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက်တောင်သူများ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန် နှင့်အရည်အသွေးကောင်းမွန်သည့်ကြက်သွန်နီ ဖြစ်စေရန်အတွက် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။


ကြက်သွန်နီစိုက်တောင်သူများအနေဖြင့် ကြက်သွန် တစ်ဧကစိုက်ပျိုးလျှင် ငွေကျပ် ၁၈ သိန်းခန့်ရှိပြီး တစ်ဧကထွက်နှုန်း ပိဿာချိန် ၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီကို အများဆုံးစိုက်ပျိုးကြပြီး ကြက်သွန်နီ အများဆုံးစိုက်ပျိုးကြသည့် မြို့နယ်များမှာ မုံရွာ၊ ကလေး၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘိုနှင့် မြင်းမူမြို့နယ်တို့ဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။ (၂၀၆)



# မျောက်ကျောက်ရောဂါကူးစက်ခံရခြင်း ကင်းဝေးကြစေဖို့

**ပါမောက္ခကိုကိုအောင်**



Monkeypox ခေါ် မျောက်ကျောက်ရောဂါသည် ဗိုင်းရပ်ကြောင့်ဖြစ်ပွားရသည့် ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး တိရစ္ဆာန်မှတစ်ဆင့်ကူးစက်သော Viral Zoonotic Disease ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်က အာဖရိကတိုက်အတွင်းရှိ ကွန်ဂိုနိုင်ငံ၌ အသက်ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး၌ ကူးစက်ဖြစ်ပွားနေသည်ကိုအတည်ပြုခဲ့ခြင်းက တိရစ္ဆာန်မှတစ်ဆင့် လူသားတို့ထံကူးစက်မှုကို ပထမဦးဆုံးတွေ့ရှိဖော်ထုတ်နိုင်ခဲ့သည်။

အဆိုပါ ရောဂါကိုဖြစ်စေသည့် ဗိုင်းရပ်ကို ၁၉၅၈ ခုနှစ်က ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ရှိ ဓာတ်ခွဲခန်း၌ မွေးမြူထားသောမျောက်များ၌ စတင်တွေ့ရှိခဲ့ရသည့်အတွက် သိပ္ပံပညာရှင်များက မျောက်ကျောက်ရောဂါ(Monkeypox)ဟု အမည်ပေးခဲ့ကြသည်။

နှောင်းအတိတ်ကာလက ကမ္ဘာ့ကပ်ရောဂါကြီးတစ်ခုအဖြစ် ထင်ရှားခဲ့သော Smallpox ခေါ် ကျောက်ကြီးရောဂါကို ဖြစ်ပွားစေသည့်ဗိုင်းရပ် (Variola Virus)နှင့် မျိုးဗီဇအုပ်စုတူညီသော မျောက်ကျောက်ရောဂါသည် ကိုဗစ်ဗိုင်းရပ်ကူးစက်ရောဂါကဲ့သို့ အသစ်ပေါ်ပေါက်လာသောရောဂါ (Emerging Infectious Disease) မဟုတ်ဘဲ တစ်ကျော့ပြန် ကူးစက်ဖြစ်ပွားသောရောဂါ (Re-emerging Infectious Disease) ဖြစ်သည့်အတွက် ကြိုတင်ကာကွယ်ကုသနိုင်သည့်နည်းလမ်းများက ရှိနှင့်နေပြီးဖြစ်သည်။

အဆိုပါနည်းလမ်းများအတိုင်း လူတိုင်းက စနစ်တကျ လိုက်နာလုပ်ဆောင်ကြမည်ဆိုပါက ကိုဗစ်-၁၉ ကဲ့သို့သော ကပ်ရောဂါကြီးအဖြစ် ရောက်ရှိသွားရန် အခွင့်အလမ်းက အလွန်နည်းလှသည်။ ကျောက်ရောဂါ(Pox) ဟု အမည်တပ်ထားသောရောဂါများထဲတွင် ကျောက်ကြီးရောဂါ (Smallpox)၊ နွားကျောက်ရောဂါ (Cowpox) နှင့် မျောက်ကျောက်ရောဂါ (Monkeypox) တို့က ကျောက်ရောဂါဗိုင်းရပ်အုပ်စု (Poxviridae) ထဲ၌ ပါဝင်ကြပြီး ရေကျောက်ဟုလူသိများကာ ပဲသီတာဟုလည်း ခေါ်ဝေါ်ကြသော Chickenpox ကမူ ရေယုန်ရောဂါဗိုင်းရပ်အုပ်စု (Herpesviridae) ထဲ၌ ပါဝင်နေသည်။

၁၉၇၀ ပြည့်နှစ်က ကွန်ဂိုနိုင်ငံ၌ လူသားတို့ထံ စတင်ကူးစက် ခဲ့သော မျောက်ကျောက်ရောဂါသည် အာဖရိက တိုက်အလယ်ပိုင်းနှင့်အနောက်ပိုင်းရှိ မိုးသစ်တော များနှင့်ဆက်စပ်နေသော ကင်မရွန်း၊ ဂါဘွန်၊ လိုက်ဘေးရီးယား၊ နိုင်ဂျီးရီးယား၊ ဆီရာလီယွန်စသော အာဖရိကဒေသတွင်းနိုင်ငံများသို့ ဆက်တိုက်ကူးစက်ပျံ့နှံ့ခဲ့သည်ကို တွေ့ရှိရသည်။

ထိုမှတစ်ဖန် ဂါနာနိုင်ငံမှတင်ပို့သော တောရိုင်းတိရစ္ဆာန်များကိုရောင်းချသည့် အရောင်းဆိုင်မှတစ်ဆင့် ဆက်စပ်လျက် ၂၀၀၃ ခုနှစ်က အမေရိကန်နိုင်ငံ၌ မျောက်ကျောက်ရောဂါဗိုင်းရပ်ကို စတင်တွေ့ရှိခဲ့ခြင်းဖြင့် အဆိုပါရောဂါက အာဖရိကဒေသပြင်ပသို့ ပထမဦးဆုံး စတင်ရောက်ရှိခဲ့သည်ဟု ယုံကြည်ရသည်။

၂၀၁၇ ခုနှစ်အတွင်းက နိုင်ဂျီးရီးယားနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ပြန့်ပွားမှု (Outbreak) ဖြစ်ပွားခဲ့ရာ အတည်ပြုလူနာ ၂၀၀ ကျော်နှင့် သံသယရှိသူဦးရေက ၅၀၀ ခန့်ထိပင်ရှိခဲ့သည်ဟု ခန့်မှန်းရသည်။ ၂၀၁၈ ခုနှစ်က အစ္စရေးနိုင်ငံသို့ ဝင်ရောက်လာသော နိုင်ဂျီးရီးယားခရီးသည်များ၌ မျောက်ကျောက်ရောဂါဗိုင်းရပ်ကို တွေ့ရှိလာရသလို ၎င်းနှစ်အတွင်းမှာပင် အင်္ဂလန်နိုင်ငံ၌လည်း အဆိုပါဗိုင်းရပ်ကို တွေ့ရှိခဲ့ရပြန်သည်။

ထို့နောက် ၂၀၁၉ ခုနှစ်အတွင်းက အင်္ဂလန်နှင့် စင်ကာပူတို့၌လည်းကောင်း၊ ၂၀၂၁ ခုနှစ် မေလက အင်္ဂလန်နိုင်ငံ၌လည်းကောင်း၊ ဇူလိုင်လနှင့် နိုဝင်ဘာလက အမေရိကန်နိုင်ငံ၌လည်းကောင်း၊ ၂၀၂၂ ခုနှစ် မေလက အင်္ဂလန်နိုင်ငံ၌လည်းကောင်း မျောက်ကျောက်ရောဂါဗိုင်းရပ်ကို ဆက်တိုက်တွေ့ရှိလာရသည်။

၂၀၂၂ ခုနှစ် မေ ၇ ရက်က အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၌ နိုင်ဂျီးရီးယားနိုင်ငံမှ ဝင်ရောက်လာသော ခရီးသည်တစ်ဦးထံ၌ မျောက်ကျောက်ရောဂါဗိုင်းရပ်ကို တွေ့ရှိခဲ့ရပြီးနောက်ပိုင်းတွင် ကမ္ဘာတစ်ဝန်း ကူးစက်ပျံ့နှံ့မှုများကို ဆက်တိုက်တွေ့ရှိလာခဲ့သည်။ ထပ်မံတွေ့ရှိရမှုသည် ယခင်က တွေ့ရှိခဲ့ရသည့် အာဖရိကဒေသ ပြင်ပကူးစက်မှုပုံစံနှင့်မတူဘဲ လျင်မြန်စွာ ပြန့်ပွားလာသည့်ပုံစံဖြစ်နေခဲ့သည်။

၂၀၂၂ ခုနှစ် မေလ ၂၅ ရက်ထိ အာဖရိကဒေသအတွင်းရှိ မော်ရိုကိုနိုင်ငံနှင့် အာဖရိကဒေသပြင်ပရှိ ဥရောပ၊ မြောက်အမေရိက၊ ဩစတြေးလျနှင့် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံပေါင်း ၂၀၊ စုစုပေါင်း ၂၁ နိုင်ငံ၌ မျောက်ကျောက်ရောဂါ အတည်ပြုလူနာဦးရေ ၂၂၀၊ အတည်ပြုနိုင်ခြေရှိသူ နှစ်ဦး၊ ရောဂါသံသယရှိသူ ၈၂ ဦးကိုတွေ့ရှိလာခဲ့ပြီး ၎င်းတို့အထဲတွင် အင်္ဂလန်နိုင်ငံမှ ၇၁ ဦး၊ စပိန်နိုင်ငံမှ ၅၁ ဦး၊ ပေါ်တူဂီနိုင်ငံမှ ၃၉ ဦး ပါဝင်နေခဲ့သည်။

သတိပြုသင့်သည့်အချက်များမှာ အာဖရိကဒေသပြင်ပ၌ အချိန်တိုကာလအတွင်း ရောဂါဖြစ်ပွားသူအရေအတွက် သိသာစွာများပြားလာခြင်း၊ ရောဂါတွေ့ရှိသူများအနေဖြင့် ရောဂါဖြစ်ပွားရာဒေသများဆီသို့ ခရီးသွားရာဇဝင်မရှိခဲ့ခြင်းနှင့် ရောဂါဖြစ်ပွားခဲ့သူများနှင့် တိုက်ရိုက်ထိတွေ့မှုမရှိခဲ့ကြခြင်းပင်ဖြစ်သည်။

မျောက်ကျောက်ရောဂါကူးစက်ခံရပါက ခန္ဓာကိုယ်အတွင်းသို့ စတင်ဝင်ရောက်ချိန်မှစ၍ ငါးရက်အတွင်း ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ပြန်ရည်ကျိတ် (Lymph node) များ ကြီးထွားရောင်ရမ်းခြင်း၊ ကြွက်သားများ နာကျင်ခြင်း၊ မောပန်းနွမ်းနယ်ခြင်းများကို ခံစားကြရလေ့ရှိသည်။ စတင်ဖျားနာပြီးနောက် သုံးရက်အတွင်း အရေပြားပေါ်၌ အကွက်ကလေးများပေါ်လာကာ ထိုမှတစ်ဆင့် အဖုကလေးများ ဖြစ်လာသည်။

မျောက်ကျောက်ရောဂါကူးစက်ခံကြရသူအများစုမှာ ရက်သတ္တနှစ်ပတ်မှ လေးပတ်အတွင်းမှာပင် သက်သာပျောက်ကင်းသွားကြသော်လည်း၊ ကလေးငယ်များ၊ နာတာရှည်ရောဂါအခံရှိသူများနှင့် ကိုယ်ခံအားနည်းသူများအဖို့မူ ရောဂါပြင်းထန်မှုဒဏ်ကို ခံစားကြရနိုင်သည်။ သုတေသနပြုထားချက်အရ ရောဂါကြောင့် အသက်ဆုံးရှုံးနိုင်ခြေမှာ သုံးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းအတွင်း ရှိနေကြောင်း တွေ့ရှိရသည်။

မျောက်ကျောက်ရောဂါကို ဖြစ်ပွားစေသည့် ဗိုင်းရပ်မှာ ရှဉ့်၊ ကြွက်၊ မျောက်များ၏ ခန္ဓာကိုယ်အတွင်း၌ရှိနေနိုင်ကြောင်း လတ်တလောအားဖြင့် သိရှိရသော်လည်း အကယ်၍ တောရိုင်းတိရစ္ဆာန်များကြား ရောဂါကူးစက်ပြန့်ပွားပုံကို ထဲထဲဝင်ဝင် လေ့လာပြီး သုတေသနပြုနိုင်မည်ဆိုပါက မျောက်ကျောက်ရောဂါဗိုင်းရပ်၏ သံသရာစက်ဝန်းကို တိကျစွာဖော်ထုတ်နိုင်မည်ဟု မျှော်လင့်ရသည်။

ရောဂါဖြစ်ပွားနေသည့် တိရစ္ဆာန်၏ ဆီး၊ သွေးနှင့် အနာဒဏ်ရာမှထွက်သော သွေးရည်ကြည်၊ ပြည်၊ မစင်နှင့် အညစ်အကြေးများကို ထိတွေ့မိပါက တိရစ္ဆာန်အချင်းချင်းသော်လည်းကောင်း၊ တိရစ္ဆာန်မှ လူတို့ထံသို့သော်လည်းကောင်း ရောဂါကူးစက်နိုင်သလို လူနာ သို့မဟုတ် လူနာ၏သွေးနှင့်အရည်ကြည်များ၊ အညစ်အကြေးများကို ကိုင်တွယ်ထိတွေ့မိပြီးနောက် စနစ်တကျကိုယ်လက်သန့်စင်မှုမပြုပါက သို့တည်းမဟုတ် လူနာ၏ပါးစပ်မှထွက်သော တံတွေးအစက်အမှုန်များ၊ နှာခေါင်းမှထွက်ရှိလာသော အစက်အမှုန်များကို ရှူရှိုက်မိပါကလည်း လူအချင်းချင်း ရောဂါကူးစက်မှုဖြစ်ပွားနိုင်သည်။

ဆိုင်ရာ အရေးပေါ်ကျန်းမာရေးအခြေအနေအဖြစ် ထပ်မံကြေညာခဲ့သည်။ Mpox ကူးစက်ခံထားရသူများအနက် ပါးစပ်ထဲ၌ အရည်ကြည်ဖုပေါက်သူနှင့် နီးကပ်စွာထိတွေ့စကားပြောသူများအဖို့ ရောဂါရှိသူက စကားပြောဆိုရာမှ ထွက်ရှိလာသည့် တံတွေးစက်ကလေးများမှတစ်ဆင့် ကူးစက်ခံရနိုင်ဖွယ်ရှိကြောင်းကိုလည်း WHO က သတိပေးထားသည်။

၂၀၂၄ ခုနှစ်အတွင်း ကွန်ဂိုနိုင်ငံနှင့် အခြားသော အာဖရိကတိုက်နိုင်ငံများ၌ Mpox ရောဂါ ကူးစက်ပြန့်ပွားမှုအရှိန် မြင့်တက်လာပြီး ကွန်ဂိုနိုင်ငံအရှေ့ပိုင်းတွင် မျိုးကွဲအသစ်ဖြစ်သည့် Clade 1b ကို တွေ့ရှိလာရသည်။ ကွန်ဂိုနိုင်ငံတွင် ရက်သတ္တပတ်အတွင်းမှာပင် လူ ၁၀၀၀ ကျော် ကူးစက်ခံကြရပြီး အာဖရိကတိုက်အတွင်းရှိ အခြားသောနိုင်ငံများစွာတို့၌လည်း ကူးစက်ပျံ့နှံ့လျက်ရှိနေသည်။ ၂၀၂၄ ခုနှစ်တွင် အာဖရိကတိုက်တစ်ခွင်လုံး၌ Mpox ရောဂါကူးစက်ခံကြရသူ စုစုပေါင်း ၁၈၉၁၀ ဦးအနက် ၉၄ ရာခိုင်နှုန်းမှာ ကွန်ဂိုနိုင်ငံတစ်ခုတည်းမှဖြစ်သည်။ ထို့အတူပင် Mpox ကူးစက်ခံရခြင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသူ ၅၄၁ ဦးအနက် ၅၃၅ ဦးမှာလည်း ကွန်ဂိုနိုင်ငံမှပင် ဖြစ်ကြသည်။

မျောက်ကျောက်ရောဂါ ကူးစက်ခံရပါက အထက်၌ဖော်ပြခဲ့သော ရောဂါလက္ခဏာများကို ခံစားကြရနိုင်သည့်အပြင် အဆုတ်ရောင်ခြင်း၊ ဦးနှောက်ရောင်ခြင်း၊ နှလုံးကြွက်သားများ ရောင်ရမ်းခြင်း၊ သွေးဆိပ်တက်ခြင်း၊ အသက်ဆုံးရှုံးခြင်းများ အထိပင် ဖြစ်ပွားနိုင်သည်။

သို့ဖြစ်၍ မျောက်ကျောက်ရောဂါကူးစက်မခံကြရစေရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သင့်ကြပေသည်။

- Mpox ရောဂါခံစားနေရသူ သို့မဟုတ် ကူးစက်ခံနေရသည်ဟု သံသယရှိနေသူနှင့် ခန္ဓာကိုယ်ချင်းထိတွေ့မှုမှန်သမျှကို ရှောင်ရှားပါ၊

**❖ Mpox ရောဂါ ခံစားနေရသူ သို့မဟုတ် ကူးစက်ခံနေရသည်ဟု သံသယရှိနေသူနှင့် ခန္ဓာကိုယ်ချင်းထိတွေ့မှုမှန်သမျှကို ရှောင်ရှားပါ။ မျက်လုံး၊ နှာခေါင်းနှင့်ပါးစပ်တို့ အကာအကွယ်ကင်းမဲ့နေသည့် အနေအထားဖြင့် နီးကပ်စွာ စကားပြောခြင်းကို ရှောင်ရှားပါ။ မျက်လုံး၊ နှာခေါင်းနှင့်ပါးစပ်တို့ကို လက်ဖြင့် ထိတွေ့ပွတ်သပ်ခြင်းကို ရှောင်ရှားပါ။ တစ်စုံတစ်ရာကို ကိုင်တွယ်ထိမိပြီးတိုင်း ဆပ်ပြာ သို့မဟုတ် ရေမလို လက်သန့်ဆေးရည်ဖြင့် ချက်ချင်း စနစ်တကျ ဆေးကြောပါ။ ❖**

လိင်တူဆက်ဆံသူများတွင် ကူးစက်မှုအများဆုံးတွေ့ရှိခဲ့ရသည့် မျောက်ကျောက်ရောဂါ (Mpox) ၏ ပြင်းထန်မှုမရှိသော Clade 2b မျိုးကွဲကို ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်ကျန်းမာရေးအခြေအနေအဖြစ် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်က ကြေညာခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) သည် အဆိုပါ ကြေညာချက်ကို ၂၀၂၃ ခုနှစ် မေ ၁၁ ရက်က ရုပ်သိမ်းခဲ့သည်။

အသစ်ထပ်မံတွေ့ရှိခဲ့သော မျောက်ကျောက်ရောဂါ ဗိုင်းရပ်ပိုးမျိုးကွဲ Clade 1b ကမူ ပိုမိုပြင်းထန်ပြီး ကူးစက်ရန်ပိုမိုလွယ်ကြောင်း ထုတ်ဖော်ပြောကြားချက်နှင့်အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က ၂၀၂၄ ခုနှစ် ဩဂုတ်၁၄ ရက်က ကမ္ဘာလုံး

- မျက်လုံး၊ နှာခေါင်းနှင့်ပါးစပ်တို့ အကာအကွယ်ကင်းမဲ့နေသည့်အနေအထားဖြင့် နီးကပ်စွာ စကားပြောခြင်းကို ရှောင်ရှားပါ၊
- မျက်လုံး၊ နှာခေါင်းနှင့် ပါးစပ်တို့ကို လက်ဖြင့် ထိတွေ့ပွတ်သပ်ခြင်းကို ရှောင်ရှားပါ၊
- တစ်စုံတစ်ရာကို ကိုင်တွယ်ထိမိပြီးတိုင်း ဆပ်ပြာ သို့မဟုတ် ရေမလို လက်သန့်ဆေးရည်ဖြင့် ချက်ချင်းစနစ်တကျဆေးကြောပါ၊
- အိမ်မွေးတိရစ္ဆာန်အပါအဝင် မည်သည့်တိရစ္ဆာန်ကိုမဆို အကာအကွယ်မဲ့ ကိုင်တွယ်ထိတွေ့မှုကို ရှောင်ရှားပါ၊
- အသားဟင်းလျာများကို လုံးဝကျက်သည်အထိ ချက်ပြုတ်ပြီးမှသာ စားသုံးပါ။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဖိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၉၁၅၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၉၁၅၂ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၃၂၉ ကေစိုက်ပျိုးရန် လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၉၁၅၂ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မြေပဲကေ ၃၀၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှု အနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက်မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၈၇၆ ကေ၊ ကနီမြို့နယ်တွင် ၂၆၅၈၉ ကေ၊ဆားလင်းကြီးမြို့နယ်တွင် ၆၁၉ ကေနှင့်ပုလဲမြို့နယ်တွင် ၆၈ ကေ စုစုပေါင်း ၂၉၁၅၂ ကေ တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် မြေပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၀၉၆ ကေ၊ ကနီမြို့နယ်တွင် ကေ ၂၉၃၈၀၊ ဆားလင်းကြီးမြို့နယ်တွင် ၇၈၅ ကေ နှင့် ပုလဲမြို့နယ်တွင် ၆၈ ကေ စုစုပေါင်း ၃၃၃၂၉ ကေတို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ကေလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိကြောင်းနှင့်တစ်ကေစိုက်ပျိုးပါက မြေပဲတင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေးနှင့် ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို သက်ဆိုင်ရာမြို့နယ်စိုက် ပျိုး ရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ညှော်မထဆန်အိတ်ရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာကပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ညှော်မထဆန်အိတ်ရေ ၅၄၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ညှော်မထဆန်အိတ်ရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ညှော်မထဆန်အိတ်ရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကိုရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ညှော်မထဆန်က စားကောင်းတဲ့ဆန်ကြမ်း အမျိုးအစားဖြစ်ပါတယ်။ ညှော်မထဆန်တွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ ဆန်ဈေးကတော့ ပုံမှန်အနေအထားမှာ ရှိနေပါတယ်။ ပြည်တွင်း ဆန်၊ စပါးဈေးကွက်မှာကို ဒီဆန်က အဝယ်လိုက်နေတာပါ''ဟု ဖျာပုံမြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော်မထဆန်အိတ်ရေ ဆန်အမျိုးအစားတစ်အိတ်လျှင် ငွေကျပ် ၉၉၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါညှော်မထဆန်များအရောင်းအဝယ်ကောင်းလာသည့်အတွက် ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ချစ်သောပြည်မြန်မာ

- သွေးချင်းညီနောင် စုပေါင်းဆောင်လို့
  တည်ထောင်ကြိုးပမ်း ရှေ့လျှောက်လှမ်း၍
  ဝန်ထမ်းစဉ်သာ ပြည်သာယာဖို့
  ညီညာပေါင်းစု အောင်ကြောင်းပြုရင်း
  ကောင်းမှုညီညာ ပြည်မြန်မာ။

- ဆန်ရေစပါး သီးနှံများနှင့်
  ထွက်အားဝေဆာ ရတနာများ
  ဝေဖြာစည်ဖြိုး အလှတိုးလို့
  မြတ်နိုးချစ်ကြည် မြန်မာပြည်ဝယ်
  ရွှေရည်ဝင်းလက် အဖိုးတက်။

- မြေပြန့်တောင်ပေါ် ပူးပေါင်းပျော်၍
  တွဲခေါ်မခြား အသွေးသားကွဲ့
  လေးစားဖော်ရွေ တို့ရေမြေမှာ
  ဘိုးမွေဘွားနှစ် ကောင်းကျိုးစစ်မို့
  မပစ်ကာကွယ် စောင့်ရှောက်မယ်။

- စေတီဘုရား ကျောင်းကန်များနှင့်
  လှအားပိုသည် လျှမ်းဝေစည်ပ
  မြန်ပြည်လှဆန်း မြန်မာ့နန်းမို့
  ပွင့်လန်းပန်းဝေ တင့်ဆန်းနေ၍
  မွေးစေဂုဏ်ဆင့် ပန်းသင့်။

- ဗုဒ္ဓနယ်မြေ ငြိမ်းချမ်းပေ၍
  များထွေသန့်ရှင်း ကြယ်လမင်းနှယ်
  အေးခြင်းမေတ္တာ ပေးစွမ်းရာတည့်
  ဆာယာအရိပ် နားခိုအိပ်လို့
  ချွေးသိပ်နေပါ မြန်ပြည်တည်တကား။

**စျာန်လေး(ပညာရေး)**

# စလင်းမြို့နယ် ငွေသောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**စလင်း စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် သနပ်ကုန်းကျေးရွာအုပ်စု ငွေသောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ငွေသောင်ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ငွေသောင်ကျေးရွာ၌ လမ်းအရှည် ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင် နှုန်းကျော်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သန်းသန်းစိုး**


# နိုင်ငံတကာ သတင်းများ

## တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တောင်အာဖရိကသမ္မတ ရာမာဖိုဆာတို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး

**ပေကျင်း စက်တင်ဘာ ၂**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တောင်အာဖရိကသမ္မတ ဆိုင်ရီးလ် ရာမာဖိုဆာတို့သည် ယနေ့တွင် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တောင်အာဖရိက သမ္မတ ရာမာဖိုဆာသည် တရုတ်-အာဖရိက ထိပ်သီးညီလာခံ တက်ရောက်ရေးအတွက် ပေကျင်းမြို့သို့ ရောက်ရှိခဲ့ပြီးနောက် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။



တောင်အာဖရိကနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရာတွင် ကုန်သွယ်ရေးလိုငွေပြမှုကို လျှော့ချရန်ဆန္ဒရှိကြောင်း တောင်အာဖရိကသမ္မတက တရုတ်သမ္မတနှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် ကျင်းပခဲ့သည့် တရုတ်-အာဖရိက ထိပ်သီးညီလာခံတွင် အာဖရိကထုတ်ကုန်များကို အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ဖိုးထိ ဝယ်ယူရန် ကတိပြုခဲ့သော်လည်း ၎င်းကတိကို အကောင်အထည်ဖော်နိုင်ခြင်း မရှိကြောင်း သိရသည်။

သို့ဖြစ်ရာ တောင်အာဖရိက သမ္မတ၏ တောင်းဆိုချက်သည် ယခုနှစ် တရုတ်-အာဖရိက ထိပ်သီးညီလာခံ၌ တရုတ်သမ္မတ ရှီကျင့်ဖျင် ရင်ဆိုင်ရနိုင်သည့် စိန်ခေါ်မှုများကို ပြသလျက်ရှိသည်။

လက်ရှိအချိန်တွင် တရုတ်-အာဖရိက ထိပ်သီးညီလာခံ တက်ရောက်ရေးအတွက် တောင်အာဖရိကသမ္မတအပြင် အာဖရိကခေါင်းဆောင်များလည်း ပေကျင်းမြို့သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ အရှေ့တောင်အာရှ ခရီးစဉ် စက်တင်ဘာ ၂ ရက်တွင်စတင်



**ဗာတီကန်စီးတီး စက်တင်ဘာ ၂**

ရိုမန်ကတ်သလစ်ခရစ်ယာန် သာသနာပိုင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ၁၂ ရက်ကြာ အရှေ့တောင်အာရှခရီးစဉ်ကို စက်တင်ဘာ ၂ ရက်တွင် စတင်ခဲ့ကြောင်း ဗာတီကန်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါခရီးစဉ်သည် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အတွက် ပုပ်ရဟန်းမင်းကြီးတာဝန် ရယူပြီးနောက်ပိုင်း ကာလအကြာမြင့်ဆုံး ခရီးစဉ် ဖြစ်လာလိမ့်မည်ဖြစ်သည်။

အဆိုပါခရီးစဉ်အတွင်း ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အင်ဒိုနီးရှား၊ စင်ကာပူ၊ တီမောလက်တေနှင့် ပါပူဝါနယူးဂီနီနိုင်ငံတို့သို့ သွားရောက်မည်ဖြစ်သည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ အရှေ့တောင်အာရှ ခရီးစဉ်သည် လေယာဉ်ပျံသန်းချိန်ပေါင်း ၄၃ နာရီခန့်နှင့် ခရီးအကွာအဝေး ကီလိုမီတာ ၃၂၀၀၀ ထိရှိကြောင်း သိရသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့သို့ ဦးစွာရောက်ရှိမည်ဖြစ်သည်။

ဂျာကာတာမြို့သို့ ရောက်ရှိချိန်တွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဗာတီကန်နန်းတော်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## နှစ်နိုင်ငံကုန်သွယ်မှုပမာဏကိုမြှင့်တင်ရန် နယူးဇီလန်နှင့် မလေးရှားနိုင်ငံတို့ စီစဉ်

**ကွာလာလမ်ပူ စက်တင်ဘာ ၂**

၂၀၃၀ ပြည့်နှစ်တွင် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏကို ၅၀ ရာခိုင်နှုန်းထိ ထပ်မံမြှင့်တင်ရန် မလေးရှားနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့က စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ထို့ပြင် နှစ်နိုင်ငံကြား လက်ရှိကုန်သွယ်ရေး သဘောတူညီချက်များကိုလည်း ပြန်လည်သုံးသပ်ရန် စီစဉ်ထားကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ခရစ္စတိုဖာလူဆွန်က မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်နှင့် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

နယူးဇီလန်ဝန်ကြီးချုပ် ခရစ္စတိုဖာလူဆွန်သည် မလေးရှားနိုင်ငံသို့ သုံးရက်ကြာခရီးစဉ်အဖြစ် စက်တင်ဘာ ၁ ရက်တွင် စတင်ရောက်ရှိခဲ့သည်။

အဆိုပါခရီးစဉ်သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် နယူးဇီလန်ဝန်ကြီးချုပ်ရာထူးကို ရယူပြီးနောက်ပိုင်း ခရစ္စတိုဖာလူဆွန်၏ ပထမဆုံး မလေးရှားခရီးစဉ် ဖြစ်ကြောင်း သိရသည်။

မလေးရှားနှင့် နယူးဇီလန်နိုင်ငံတို့ကြား နှစ်နိုင်ငံကုန်သွယ်ရေး ပမာဏကို ၂၀၃၀ ပြည့်နှစ်တွင် ၅၀ ရာခိုင်နှုန်းထိ ထပ်မံမြှင့်တင်မည်ဖြစ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ်က ယနေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သို့ရာတွင် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏကို မြှင့်တင်ရေးအတွက် မည်သို့လုပ်ဆောင်မည်ကို နယူးဇီလန်ဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တိုကာရာရေလက်ကြားကို တရုတ်သင်္ဘောများ ဖြတ်သန်းခွင့်ရှိကြောင်း တရုတ်ပြောကြား

**ပေကျင်း စက်တင်ဘာ ၂**

တရုတ်သင်္ဘောများ တိုကာရာရေလက်ကြားအားဖြတ်သန်းမှုမှာ အပြည့်အဝ တရားဝင်မှုရှိပြီး တရုတ်သင်္ဘောများအနေဖြင့် ၎င်းရေလက်ကြားကို ဖြတ်သန်းပိုင်ခွင့်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်ရေတပ်မှ တိုင်းတာရေးသင်္ဘောတစ်စီးသည် ဩဂုတ် ၃၁ ရက်က ဂျပန်ရေပြင်ပိုင်နက်အတွင်း ဝင်ရောက်ခဲ့ကြောင်း ဂျပန်နိုင်ငံက ပြောကြားပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါတုံ့ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ကုလသမဂ္ဂ ပင်လယ်ပြင် ဥပဒေကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များအရ တိုကာရာရေလက်ကြားမှာ နိုင်ငံတကာရေလမ်းကြောင်းဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့ သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားသည်။

သို့ဖြစ်ရာ အဆိုပါရေလက်ကြားတစ်လျှောက် တရုတ်သင်္ဘောများဖြတ်သန်းမှုမှာ အပြည့်အဝ တရားဝင်မှုရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

တရုတ်ရေတပ်မှ စစ်သင်္ဘောများသည် ရှေးယခင်ကလည်း တိုကာရာရေလက်ကြားကို ဖြတ်သန်းခဲ့ဖူးသည်။

တရုတ်ရေတပ် တိုင်းတာရေးသင်္ဘောတစ်စီးသည် ဩဂုတ် ၃၁ ရက်တွင် ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကမ်းလွန်ရေပြင်၌ ဂျပန်ရေပိုင်နက်အတွင်း ၂ နာရီကြာ ဝင်ရောက်ခဲ့ကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဂါဇာကမ်းမြောင်ဒေသ၌ ဓားစာခံခြောက်ဦးသေဆုံးခဲ့ရပြီးနောက် အစ္စရေးမြို့ကြီးများ၌ ဆန္ဒပြပွဲများဖြစ်ပွား



**ဂျေရုဆလင် စက်တင်ဘာ ၂**

ဂါဇာကမ်းမြောင် ဒေသတွင် အစ္စရေးဓားစာခံခြောက်ဦးသေဆုံးခဲ့ရပြီးနောက် အစ္စရေးနိုင်ငံမြို့ကြီးများ၌ စက်တင်ဘာ ၁ ရက်တွင် ဆန္ဒပြပွဲများ အကြီးအကျယ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အစ္စရေးမီဒီယာများ၏ အဆိုအရ ဂျေရုဆလင်၊ တဲလ်အဗစ်နှင့် အခြားမြို့ကြီးများ၌ စက်တင်ဘာ ၁ ရက်တွင်ဖြစ်ပွားခဲ့သော အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများတွင် အစ္စရေးပြည်သူဦးရေ ၅၀၀၀၀၀ ထိ ပါဝင်ခဲ့သည်။

အဆိုပါဆန္ဒပြပွဲများအတွင်း ဆန္ဒပြပြည်သူများက ဟားမတ်စ်အုပ်စုဖမ်းဆီးထားသည့် ဓားစာခံများ ပြန်လည်လွတ်မြောက်လာရေးအတွက် ပိုမိုအားစိုက်ကြိုးပမ်းရန် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကို တောင်းဆိုခဲ့ကြသည်။

ဂါဇာကမ်းမြောင်အခြေစိုက် ဟားမတ်စ်အုပ်စုသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလက အစ္စရေးနိုင်ငံကို အလစ်အငိုက်ဝင်ရောက်တိုက်ခဲ့ပြီးနောက် ဓားစာခံ ဦးရေ ၂၅၀ ကျော်ဖမ်းဆီးခေါ်ဆောင်သွားရာ လက်ရှိတွင် ဟားမတ်စ်အုပ်စုလက်ဝယ်၌ ဓားစာခံ ၁၀၁ ဦး ကျန်ရှိနေဆဲဖြစ်သည်။

ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာမြို့ ဥမင်လိုဏ်တစ်ခုအတွင်း သေဆုံးနေသည့် အစ္စရေးဓားစာခံခြောက်ဦးတို့၏ ရုပ်အလောင်းများကို အစ္စရေးစစ်ဘက်က ရှာဖွေတွေ့ရှိခဲ့ပြီးနောက် အစ္စရေးမြို့ကြီးများတွင် ဆန္ဒပြပွဲများပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။

စက်တင်ဘာ ၁ ရက်တွင် ဆန္ဒပြပွဲများတွင် ဆန္ဒပြသမား ၂၉ ဦး ဖမ်းဆီးခံခဲ့ရကြောင်း အစ္စရေး မီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာဂြိုဟ်က ဒြပ်ဆွဲအားနှင့် သံလိုက်စက်ကွင်းတို့အပြင် တတိယမြောက် စွမ်းအင်အလွှာတစ်ခုကိုလည်း ပိုင်ဆိုင်ထား



ဝါရှင်တန် စက်တင်ဘာ ၂

ကမ္ဘာဂြိုဟ်သည် ဒြပ်ဆွဲအားနှင့် သံလိုက်စက်ကွင်းတို့အပြင် တတိယမြောက် စွမ်းအင်အလွှာတစ်ခုကိုလည်း ပိုင်ဆိုင်ထားကြောင်း သိပ္ပံပညာရှင်များက စက်တင်ဘာ ၁ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များသည် ကမ္ဘာပတ်လည်တွင် ရှိနေသော အထက်ပါ လျှပ်စစ်စွမ်းအင်လွှာ၏ အထောက်အထားများကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

ကမ္ဘာဂြိုဟ်၏ တတိယမြောက်စွမ်းအင်လွှာကို Ambipolar Electric Field ဟူ၍ နာဆာသိပ္ပံပညာရှင်များက အမည်ပေးထားသည်။

Ambipolar Electric Field စွမ်းအင်လွှာသည် ကမ္ဘာဂြိုဟ်၏ ဝင်ရိုးစွန်းများမှ အဆက်မပြတ် ပေါ်ထွက်လာသော အသံထက် မြန်နှုန်းလွန် စွမ်းအင်မှုန်များအတွက် တာဝန်ရှိသည်ဟု နာဆာသိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

ထို့ပြင် Ambipolar Electric Field စွမ်းအင်လွှာကို ရှာဖွေတွေ့ရှိမှုသည် ကမ္ဘာပေါ်ရှိ သက်ရှိများ အဘယ်ကြောင့် ပေါ်ထွက်လာသည်ကို လေ့လာရာတွင်လည်း အထောက်အကူပြုနိုင်ကြောင်း နာဆာ သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

နာဆာသိပ္ပံပညာရှင်များသည် Ambipolar Electric Field စွမ်းအင်လွှာ၏ အထောက်အထားများကို ကမ္ဘာမြေပြင်အထက်မိုင် ၁၂၀ ခန့်အကွာတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ကမ္ဘာမြေဆီသို့ ဦးတည်ရွေ့လျားလာသော ကြယ်တံခွန်တစ်စင်းကို ကမ္ဘာပေါ်မှတစ်ဆင့် သာမန်မျက်စိဖြင့် တွေ့မြင်နိုင်ဖွယ်ရှိ

ဝါရှင်တန် စက်တင်ဘာ ၂

ကမ္ဘာမြေဆီသို့ ဦးတည်ရွေ့လျားလာသော ကြယ်တံခွန်တစ်စင်းကို လာမည့်လအနည်းငယ်အတွင်း ကမ္ဘာပေါ်မှတစ်ဆင့် သာမန်မျက်စိဖြင့် တွေ့မြင်နိုင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

C/2023 AS ဟူ၍ အမည်ပေးထားသော အဆိုပါကြယ်တံခွန်ကို တရုတ်နက္ခတ္တဗေဒ သိပ္ပံပညာရှင်များက ၂၀၂၃ ခုနှစ် နှစ်စပိုင်းတွင် ပထမဆုံးတွေ့ရှိခဲ့သည်။

နေအဖွဲ့အစည်း အတွင်းပိုင်းကိုဖြတ်သန်းနေစဉ် အဆိုပါကြယ်တံခွန်ပြိုကွဲသွားမည့်အရေး စိုးရိမ်ရသော်လည်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏အဆိုအရ C/2023 AS ကြယ်တံခွန်မှာ ပြိုကွဲခြင်းမရှိဘဲ မူလအနေအထားတွင်သာ ရှိနေဆဲဖြစ်ကြောင်း သိရသည်။



လက်ရှိအချိန်တွင် C/2023 AS ကြယ်တံခွန်သည် နေရှိရာဘက်သို့ တိုးဝင်ပျံသန်းနေဆဲဖြစ်ပြီး စက်တင်ဘာ ၂၇ ရက်တွင် နေနှင့်အနီးဆုံးမှတ်သို့ရောက်ရှိမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အဆိုပါ ကြယ်တံခွန်သည် လာမည့် အောက်တိုဘာ ၁၂ ရက်တွင် ကမ္ဘာမြေနှင့်အနီးဆုံးမှတ်သို့ ရောက်ရှိမည်ဖြစ်ပြီး မိုင်ပေါင်း ၄၄ သန်းအကွာမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်သန်းချိန်တွင် C/2023 AS ကြယ်တံခွန်ကို သာမန်မျက်စိဖြင့်ပင် တွေ့မြင်နိုင်ဖွယ်ရှိကြောင်း နာဆာ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Russia Today

Trs : KKO

## နာဆာနှင့် ဘလူးအော်ရီဂျင်ကုမ္ပဏီက New Glenn ဒုံးပျံကို အောက်တိုဘာ ၁၃ ရက်တွင် လွှတ်တင်ရန် စီစဉ်ထား

ဝါရှင်တန် စက်တင်ဘာ ၂

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Glenn ဒုံးပျံကို လာမည့် အောက်တိုဘာ ၁၃ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း စက်တင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

New Glenn ဒုံးပျံသည် ၎င်း၏ ပထမဆုံးမစ်ရှင်တွင် ESCAPADE အမည်ရှိ အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်တစ်စင်းကို သယ်ဆောင်သွားမည်ဖြစ်သည်။

New Glenn ဒုံးပျံလွှတ်တင်မည့်အချိန်သည် ၂၆ လလျှင် တစ်ကြိမ်ကျကျရောက်တတ်သော အခြားဂြိုဟ်ခရီးစဉ် ကာလနှင့် တိုက်ဆိုင်လျက်ရှိသည်။

နာဆာနှင့် ဘလူးအော်ရီဂျင်တို့သည် New Glenn ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့်လွှတ်တင်ရန် စီစဉ်ထားသည်။

New Glenn ဒုံးပျံဖြင့် လွှတ်တင်မည့် ESCAPADE အာကာသယာဉ်သည် ဩဂုတ် ၁၈ ရက်ကပင် ကိပ်ကာနေဗာရယ် အာကာသစခန်းသို့ ရောက်ရှိနေပြီဖြစ်သည်။

ESCAPADE အာကာသယာဉ်ကို Rocket Lab ကုမ္ပဏီက တည်ဆောက်ပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## အဆီဓာတ်နှင့်ရောင်ရမ်းမှုတိုင်းတာရေးသွေးစစ်နည်း အမျိုးသမီးများ၌ နှလုံးပြဿနာဖြစ်နိုင်ခြေ ဖော်ထုတ်နိုင်

နယူးယောက် စက်တင်ဘာ ၂

အဆီဓာတ်ပါဝင်မှုနှင့် ရောင်ရမ်းမှုတိုင်းတာရေး သွေးစစ်နည်းတစ်မျိုးသည် အမျိုးသမီးများ၌ လာမည့်နှစ် ၃၀ အတွင်း နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေ ရှိမရှိကို ခန့်မှန်းဖော်ထုတ်နိုင်ကြောင်း စက်တင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

သွေးလည်ပတ်မှုစနစ်အတွင်းရှိ အဆီဓာတ်နှစ်မျိုးနှင့် C-Reactive ပရိုတင်း ခေါ် ရောင်ရမ်းမှုဇီဝလက္ခဏာ ပရိုတင်းတစ်မျိုးကို စစ်ဆေးခြင်းသည် အမျိုးသမီးများ၏ နှလုံးကျန်းမာရေးအခြေအနေကို ခန့်မှန်းရာတွင် အထောက်အကူပြုနိုင်ကြောင်း အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၅၅ နှစ်ရှိ အမျိုးသမီး ၂၇၀၀၀ ကျော်တို့၏ သွေးလည်ပတ်မှုစနစ်အတွင်း C-Reaction ပရိုတင်းပါဝင်မှု အဆင့်၊ LDL နှင့် LP(a)ခေါ် ကိုလက်စထရောနှစ်မျိုး ပါဝင်မှုအဆင့်တို့ကို တိုင်းတာလေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ LDL ကိုလက်စထရောပါဝင်မှုအဆင့်အမြင့်ဆုံး အမျိုးသမီးများမှာ နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်နိုင်ခြေပုံမှန်ထက် ၃၆ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထိုနည်းတူ LP(a) ကိုလက်စထရောပါဝင်မှု အမြင့်ဆုံးအမျိုးသမီးများမှာ နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေ ၃၃ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဆေးခြောက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေ မြင့်တက်နိုင်

ပဲရစ် စက်တင်ဘာ ၂

ဆေးခြောက်နှင့် အခြားစိတ်အပန်းဖြေ မူးယစ်ဆေးဝါးများ သုံးစွဲမှုကြောင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေ သို့မဟုတ် သေဖြစ်နိုင်ခြေ ပုံမှန်ထက် မြင့်တက်လာနိုင်ကြောင်း စက်တင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

ဆေးခြောက်ကို စိတ်အပန်းဖြေ ဆေးဝါးတစ်မျိုးအဖြစ် ထောက်ခံသူများက ဆေးခြောက်မှာ သဘာဝအားဖြင့် လူ့ကျန်းမာရေးအတွက် ဥပဒ်မရှိနိုင်ကြောင်း လက်ခံထားကြသည်။

သို့ရာတွင် ပြင်သစ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆေးခြောက်တစ်မျိုး သုံးစွဲနေသူများမှာပင် နှလုံးသွေးကြောဆိုင်ရာပြဿနာများပေါ်လာနိုင်ခြေမှာ ပုံမှန်ထက် နှစ်ဆခန့် မြင့်မားကြောင်း သိရသည်။

ပြင်သစ် သုတေသနပညာရှင်များသည် ဆေးရုံအထူးကြပ်မတ်ဆောင်လူနာ ၁၃၀၀ ကျော်ကိုလေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဆေးခြောက်တစ်မျိုးတည်း သုံးစွဲခဲ့သော လူနာများ၌ နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၁ ဒသမ ၈ ဆမြင့်တက်နေတတ်ပြီး ဘိန်းဖြူသုံးစွဲသူများတွင်မူ ပုံမှန်ထက် ၃ ဒသမ ၆ ဆထိ ပိုမြင့်မားနေသည်ကိုတွေ့ရကြောင်း သိရသည်။

မူးယစ်ဆေးဝါးများ သုံးစွဲမှုသည် တစ်နှစ်တာအတွင်း နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်ပွားနိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# မန်စီးတီးကစားသမား ကာဘိုရီကို အငှားစာချုပ်ဖြင့် ဘင်ဖီကာအသင်းခေါ်ယူ

လစ္စဘွန်း စက်တင်ဘာ ၂

ဘင်ဖီကာ အသင်းသည် အပြောင်းအရွှေ့ နောက်ဆုံးအချိန်တွင် ခံစစ်ပိုင်းလိုအပ်ချက်အတွက် မန်စီးတီးအသင်း လူငယ်ကစားသမား ကာဘိုရီကို တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ခံစစ်ကစားသမား ကာဘိုရီသည် မန်စီးတီးအသင်းတွင် ပုံမှန်ပွဲထွက်ခွင့် ရရှိရန် ခက်ခဲနိုင်သဖြင့် ဘင်ဖီကာအသင်း၏ကမ်းလှမ်းမှုကို လက်ခံ၍ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သော်လည်း စာချုပ်တွင် အပြီးသတ်ဝယ်ယူခွင့် မပါခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား ကာဘိုရီသည် ၂၀၁၉ ခုနှစ်က ဘယ်လ်ဂျီယံကလပ် မီချီလန်အသင်းနှင့် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ စတင်ခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် မန်စီးတီးအသင်းသို့ ရောက်ရှိခဲ့သော်လည်း အသင်းအနေဖြင့် ပွဲကစားခွင့် မပေးနိုင်သောကြောင့် မီချီလန်အသင်းသို့သာ အငှားစာချုပ်ဖြင့် ပြန်လည်စေလွှတ်ခဲ့ကာ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီတွင် ထရွိုင်းယက်အသင်း၊ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် မာဆေးအသင်း၊ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် လူတန်အသင်းတို့တွင် အငှားစာချုပ်ဖြင့်သာ သွားရောက်ကစားခဲ့ရသည်။

အဆိုပါ အသင်းများတွင် ကစားခဲ့စဉ်က ကာဘိုရီအနေဖြင့် ပြိုင်ပွဲစုံတွင် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှု ခုနစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက လာမည့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည့် ကာဘိုရီကို ဘင်ဖီကာအသင်းသို့ အငှားထပ်မံစေလွှတ်ခဲ့ခြင်းဖြစ်သည်။

ကာဘိုရီသည် နိုင်ငံလက်ရွေးစင် ဘာကီနာဖာဆိုအသင်းတွင် ၂၀၂၁ ခုနှစ်က စတင်ပွဲထွက်ခွင့် ရရှိခဲ့ပြီး လက်ရှိအချိန်ထိ အဓိက ကစားသမားအဖြစ် ပါဝင်နေကာ ပုံမှန်ပွဲကစားခွင့် ရရှိနေသူဖြစ်ကြောင်း သိရသည်။

Ref : Slbenfica

Trs : ML




## အားကစားသတင်းအတိုအထွာများ

- အဲဗာတန်အသင်းနည်းပြ ဒိုက်ချီသည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းကို တန်းဆင်းဇုန်မှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုနှစ်ပရီးမီးယားလိဂ် ပွဲစဉ် သုံးပွဲကစားအပြီးတွင် သုံးပွဲစလုံးရှုံးနိမ့်၍ ပေးဂိုး ၁၀ ဂိုးထိရှိခဲ့သဖြင့် အသင်းမှ ထုတ်ပယ်ခံရရန် နီးစပ်နေကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။
- အာဆင်နယ်အသင်းက အပြောင်းအရွှေ့နောက်ဆုံးအချိန်တွင် အသင်းမှ လူငယ်ကစားသမား အိုမာရီကစ်ကို နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်းပေးခဲ့ပြီး အသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်ပြုခဲ့ကြောင်း သိရသည်။
- အာဆင်နယ်အသင်းက နည်းပြအာတီတာကို လာမည့် ၂၀၂၈ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးလျက်ရှိသည်။

ML

# မီနီမမ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ကာကွယ်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်လက်ဝှေ့သမား ဂျေရုစလင် ပြောကြား




မနီလာ စက်တင်ဘာ ၂

WBC မီနီမမ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဖိလစ်ပိုင်လက်ဝှေ့သမား ဂျေရုစလင်က လာမည့်စက်တင်ဘာ ၂၂ ရက်နေ့တွင် မက္ကဆီကိုလက်ဝှေ့သမား ကက်စတယ်လိုနှင့် ဖိလစ်ပိုင်နိုင်ငံ မန်ဒါလူယန်းမြို့တွင် ထိုးသတ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန် ကြေညာခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျေရုစလင်သည် လက်ရှိချန်ပီယံခါးပတ်အား ကာကွယ်သည့်ပွဲစဉ်ကို ပထမဆုံးအကြိမ် ထိုးသတ်သွားမည်ဖြစ်ပြီး ဂျေရုစလင်အား စိန်ခေါ်ထိုးသတ်ခွင့်ရရှိထားသည့် ကက်စတယ်လိုသည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမား တစ်ဦးဖြစ်ကြောင်း သိရသည်။

ဂျေရုစလင်သည် လက်ဝှေ့လောကတွင် စိန်ခေါ်ပွဲပေါင်း ၂၅ ပွဲ ထိုးသတ်ထားပြီး နိုင်ပွဲ ၂၂ ပွဲရရှိထားကာ ရှုံးပွဲ ၃ ပွဲသာရှိခဲ့ပြီး အနိုင်ရရှိခဲ့သည့် စိန်ခေါ်ပွဲ ၂၂ ပွဲတွင် ၁၂ ပွဲထိ ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိထားသည့် မှတ်တမ်းကောင်း တစ်ရပ်ကို ရရှိထားသည်။

ထို့ပြင် ကက်စတယ်လိုသည်လည်း စိန်ခေါ်ပွဲပေါင်း ၂၃ ပွဲတွင် ၂၂ ပွဲ အနိုင်ရရှိထားပြီး သရေပွဲ တစ်ပွဲသာရှိခဲ့ကာ နိုင်ပွဲ ၂၂ ပွဲတွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိသည့် ပွဲပေါင်း ၁၃ ပွဲထိ ရရှိထားသည့်အတွက် ကက်စတယ်လိုသည် ဂျေရုစလင်အတွက် ခက်ခဲသည့် ပြိုင်ဘက်တစ်ဦး ဖြစ်လာနိုင်သည်ဟု ဂျေရုစလင်၏ နည်းပြအဖွဲ့က သုံးသပ်ထားကြောင်း သိရသည်။

Ref : RT

Trs : AZL

# လာဇီယိုအသင်းကို သရေရလဒ်ထွက်ပေါ်ခဲ့သည့် အေစီမီလန်အသင်း အဖွင့်ပွဲသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့

ရောမ စက်တင်ဘာ ၂

နည်းပြသစ် ဖွန်စီကာ တာဝန်ယူနေသည့် အေစီမီလန်အသင်းသည် စီးရီးအေအမှတ်ပေးပွဲစဉ် (၃) တွင် လာဇီယိုအသင်းကို နှစ်ဂိုးစီသရေရလဒ်သာ ကစားနိုင်ခဲ့သောကြောင့် ရာသီအစ အဖွင့်ပွဲစဉ် သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သည့် မှတ်တမ်းဆိုးတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

အေစီမီလန် အသင်းသည် ၂၀၀၆ ခုနှစ်က စီးရီးဘီသို့ တန်းဆင်းခဲ့ပြီးနောက်ပိုင်း ရာသီအစ အဖွင့်ပွဲစဉ်များတွင် သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်း မရှိသော်လည်း ယခုနှစ် ဘောလုံးရာသီတွင် အဖွင့်ပွဲစဉ်၌ တိုရီနိုအသင်းကို အိမ်ကွင်းတွင် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒုတိယပွဲစဉ်တွင် ပါးမားအသင်းကို အဝေးကွင်းတွင် နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကာ ယခုပွဲစဉ်တွင် လာဇီယိုအသင်းကို နှစ်ဂိုးစီ သရေရလဒ်သာ ကစားနိုင်ခဲ့ပြီးနောက် စီးရီးအေပြိုင်ပွဲသို့ ရောက်ရှိခဲ့ပြီးနောက်ပိုင်း ပထမဆုံး သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ကြောင်း သိရသည်။

နည်းပြသစ် ဖွန်စီကာအနေဖြင့်လည်း နွေရာသီ အပြောင်းအရွှေ့ကာလက တိုက်စစ်မှူး မိုရာတာ၊ ခံစစ်ကစားသမား အယ်မာဆင်၊ ကွင်းလယ်ကစားသမား ဖိုဖန်နာ၊ တိုက်စစ်မှူး အေဘရာဟမ်တို့ကဲ့သို့ ခြေစွမ်းပိုင်း ထက်မြက်သည့် ကစားသမားများကို ခေါ်ယူခဲ့သော်လည်း အသင်းအနေဖြင့် နိုင်ပွဲရရှိရန် ရုန်းကန်နေရသောကြောင့် ဝေဖန်မှုများ မြင့်တက်လာခဲ့ပြီး ၎င်းက နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းနှင့် ပတ်သက်၍ ကစားသမားများဘက်မှကာကွယ်ပြောဆိုခဲ့ပြီး အဖြေရှာသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အေစီမီလန် အသင်းသည် လာဇီယိုအသင်းနှင့် ပွဲစဉ်တွင် ပွဲအစ ရှစ်မိနစ်ကတည်းက ဦးဆောင်ဂိုးသွင်းယူ၍ ပြိုင်ဘက်ကို ဖိအားပေးနိုင်ခဲ့သော်လည်း ပွဲကစားချိန် ဒုတိယပိုင်းအရောက်တွင် ခံစစ်ပိုင်း အားနည်းချက်ဖြစ်ပေါ်ခဲ့ရာ လာဇီယိုအသင်းက ပွဲချိန် ၆၂ မိနစ်နှင့် ၆၆ မိနစ်တို့တွင် သွင်းဂိုး နှစ်ဂိုး ဆက်တိုက်ရရှိခဲ့သောကြောင့် အေစီမီလန်အသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းခဲ့ရာ ပွဲချိန် ၇၂ မိနစ်တွင် ချေပဂိုးရရှိခဲ့ပြီး သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သော်လည်း အသင်းအနေဖြင့် သုံးပွဲကစားအပြီးတွင် ခံစစ်ပိုင်းက ပေးဂိုး ခြောက်ဂိုးထိ ခွင့်ပြုခဲ့ရကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# မန်ယူအသင်းနှင့် ပထမဆုံးတွေ့ဆုံခဲ့သည့်ပွဲစဉ်တွင် အနိုင်ရခဲ့သည့် လီဗာပူးအသင်းနည်းပြ အာနီစလော့ မှတ်တမ်းကောင်းရရှိ

လန်ဒန် စက်တင်ဘာ ၂

ပရီးမီးယားလိဂ် ပွဲစဉ်(၃) အဖြစ်ကစားခဲ့သည့် မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် လီဗာပူးအသင်းက အဝေးကွင်းမှ သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် နည်းပြသစ် အာနီစလော့သည် မန်ယူအသင်းနှင့် ပထမဆုံးတွေ့ဆုံခဲ့သည့်ပွဲစဉ်တွင် အနိုင်ရခဲ့သည့်နည်းပြအဖြစ် မှတ်တမ်းကောင်းရရှိခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်း သမိုင်းတွင် ၁၉၅၇ ခုနှစ်က နည်းပြ ဘာ့ပေစလေက မန်ယူအသင်းကို ပထမဆုံးတွေ့ဆုံခဲ့သည့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း မည်သည့်နည်းပြမျှ မန်ယူအသင်းနှင့် ပထမဆုံးတွေ့ဆုံမှုတွင် နိုင်ပွဲမရရှိခဲ့သော်လည်း နည်းပြသစ် အာနီစလော့က ယခုပွဲစဉ်တွင် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် နည်းပြဘောပါစလေနောက်ပိုင်း ပထမဆုံးတွေ့ဆုံမှုတွင် အနိုင်ရခဲ့သည့် မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အာနီစလော့သည် ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ပထမဆုံး သုံးပွဲဆက်တွင် ပေးဂိုးမရှိဘဲ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြအဖြစ်လည်း ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းသည် အဝေးကွင်းသို့ သွားရောက်ကစားခဲ့ရသော်လည်း ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများ ပြုလုပ်နိုင်ခဲ့ပြီး ပွဲကစားချိန် ခုနစ်မိနစ်တွင် ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း လူကျွံအနေအထားကြောင့် VAR ဖြင့် ပယ်ဖျက်ခံရပြီး ဆက်တိုက်ဖိအားပေးကစားနိုင်ခဲ့ရာ ပွဲချိန် ၃၅ မိနစ်နှင့် ၄၂ မိနစ်တွင် ဒီယက်ဇ်က ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သဖြင့် ပြိုင်ပွဲကို ထိန်းချုပ်ရန် ကြိုးပမ်းခဲ့သောကြောင့် မန်ယူအသင်း ချေပဂိုးရရှိရန် အခက်တွေ့ခဲ့ကာ ပွဲကစားချိန် ၅၆ မိနစ်တွင် တိုက်စစ်မှူး ဆာလာဟ်က တတိယဂိုး ထပ်မံသွင်းယူခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နည်းပြ အာနီစလော့က လူစားလဲမှုများ ပြုလုပ်၍ ခံစစ်အားပြုခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် လီဗာပူးအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။



Ref : Fotmob

Trs : ML

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် ကလပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**တောင်ကြီး စက်တင်ဘာ ၂**

ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် ကလပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်လက်ဝှေ့ ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော အားကစားဆပ်ကော်မတီအလိုက်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစားကွင်းအတွင်း၌ နေရာယူပြီးနောက် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာ အဓိဋ္ဌာန်လေးချက်ကို သံပြိုင်ရွတ်ဆိုခဲ့ကြပြီးနောက် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအားလိုက်လံနှုတ်ဆက်ကာ အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သော အ.ထ.က(၇) ဘင်ခရာအဖွဲ့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ အဖွင့်ပွဲစဉ်အဖြစ် အမျိုးသမီး(54-57) ကီလိုတန်းပွဲစဉ်၌ နင်းဆီအေး(နမ့်စန်)နှင့် မိုးပြည့်ပြည့်လွင် (ကလော)တို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် ကလပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲကို ယနေ့မှစတင်ပြီး စက်တင်ဘာ ၅ ရက်ထိ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံတွင် ပြိုင်ပွဲဝင်အသင်း ကိုးသင်းနှင့် ပြိုင်ပွဲဝင် အားကစားသမား စုစုပေါင်း ၆၂ ဦးဖြင့် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# ဒွန်နာဗီကစ်ကိုအနိုင်ရခဲ့သည့် ကျန်းကွင်းဝမ် US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တက်ရောက်

**နယူးယောက် စက်တင်ဘာ ၂**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပနေသည့် US Open အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် တရုတ်တင်းနစ်မယ် ကျန်းကွင်းဝမ်နှင့် ခရိုအေးရှားတင်းနစ်မယ် ဒွန်နာဗီကစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကျန်းကွင်းဝမ်က (၇-၆၊ ၄-၆၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကျန်းကွင်းဝမ်သည် ပဲရစ်အိုလံပစ် အားကစားပွဲတော်တွင်လည်း တရုတ်နိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိထားသူဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွင်း ကစားသမားဘဝ၏ အမြင့်မားဆုံးသော အောင်မြင်မှုများကို ဆွတ်ခူးထားသူဖြစ်သည်။

ထို့ပြင် ကျန်းကွင်းဝမ်သည် ကွာတားဖိုင်နယ် အဆင့်တွင် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆာဘာလင်ကာက စတုတ္ထအဆင့်တွင် ဘယ်လ်ဂျီယံတင်းနစ်မယ် မာတန့်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ (၆-၂၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကျန်းကွင်းဝမ်က "ကျွန်မရဲ့ ပွဲစဉ်ဇယားက ညအချိန် နှစ်ပွဲနဲ့ မနက်ပိုင်း နှစ်ပွဲ ကစားရမှာပါ။ အမေရိကန့် အာရှတိုက်က အချိန်ကွာဟချက် များတဲ့အတွက် ကျွန်မအတွက် အခက်အခဲရှိပါတယ်။ နယူးယောက်ကိုလဲ ပထမဆုံးအကြိမ် ရောက်ဖူးတာဖြစ်တဲ့အတွက် အသားမကျသေးဘူး။ ဒါပေမဲ့လဲ ပရိသတ်တွေရဲ့ အားပေးမှုတွေကတော့ အံ့မခန်းပါပဲ။ ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# မြန်မာနေရှင်နယ်လိဂ်-၂ ပွဲစဉ်(၆)တွင် ရွှေပြည်သာယူနိုက်တက်အသင်းနှင့် Glory Goal အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရွှေပြည်သာယူနိုက်တက်အသင်း နှင့် Glory Goal အသင်းတို့ ပြိုင်ဘက်များကို အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ် လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် Glory Goal အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ Glory Goal အသင်းက သုံးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး Glory Goal အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၆ မိနစ်တွင် မင်းခန့်သိန်း၊ ပွဲချိန် မိနစ် ၅၀ တွင် ရဝေကျော်၊ ပွဲချိန် ၈၂ မိနစ်တွင် ဝင်းဌေးတို့က သွင်းယူပေးနိုင်ခဲ့ပြီး ကချင်ယူနိုက်တက် အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၄၈ မိနစ်တွင် S Gun Lum က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက စလင်း အားကစားကွင်းတွင် ရွှေပြည်သာယူနိုက်တက် အသင်းနှင့် ရောဝတီရိန်းဂျားအသင်းတို့ ကစားခဲ့ရာ ရွှေပြည်သာယူနိုက်တက်အသင်းက ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ရွှေပြည်သာယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၅ မိနစ်တွင် ရန်ပိုင်လင်းထက်၊ ပွဲချိန် ၄၇ မိနစ်တွင် ညဏ်လင်းထက်နှင့် ပွဲချိန် ၄၉ မိနစ်၊ ၅၆ မိနစ်နှင့် ၆၂ မိနစ်တို့တွင် ချစ်ထွေးတို့က သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

STA

# AYA Pay Futsal Championship 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်

**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှ စတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့် ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီခွဲတွင် Pyae Sone FC အသင်းနှင့် Power HBI FC အသင်းတို့ ကစားခဲ့ရာ Pyae Sone FC အသင်းက သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် TG United အသင်းနှင့် YCDC Marga FC အသင်းတို့ ကစားခဲ့ရာ TG United အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နေ့လယ် ၁ နာရီတွင် Winner Soccer အသင်းနှင့် M-Millions FC အသင်းတို့ ကစားခဲ့ရာ Winner Soccer အသင်းက သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နေ့လယ် ၂ နာရီ ၄၅ မိနစ်တွင် UPK FC အသင်းနှင့် MH Dream Team အသင်းတို့ ကစားခဲ့ရာ MH Dream Team အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့် ပွဲစဉ်များအဖြစ် ဩဂုတ် ၃ ရက် နံနက် ၉ နာရီခွဲတွင် VUC FC အသင်းနှင့် Generations FC အသင်း၊ နံနက် ၁၁နာရီ ၁၅ မိနစ်တွင် M2K FC အသင်းနှင့် Futsal 19 FC အသင်း၊နေ့လယ် ၁ နာရီတွင် Seven FC အသင်းနှင့် 7 Brother FC အသင်း၊ နေ့လယ် ၂ နာရီ ၄၅ မိနစ်တွင် YRG FC အသင်းနှင့် MIU FC အသင်းတို့ ဆက်လက်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

STA



# မြန်မာ့လက်ရွေးစင်အသင်းက စင်ကာပူ၊ လက်ဘနွန်အသင်းတို့နှင့် ခြေစမ်းပွဲကစားမည်

**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာ့လက်ရွေးစင် အသင်းသည် အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် Mitsubishi Eelctric Cup 2024 ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် လာမည့် နိုဝင်ဘာလအတွင်း စင်ကာပူအသင်း၊ လက်ဘနွန်အသင်းတို့နှင့် ခြေစမ်းပွဲစဉ်များ အသီးသီးကစားသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ဂျာမနီလူမျိုးနည်းပြဖိုက်တန်ဘိုင်နာနှင့် လမ်းခွဲခဲ့ပြီးနောက် လက်ရှိတွင် နည်းပြမရှိဘဲဖြစ်နေပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က လစ်လပ်နေသည့် နည်းပြရာထူးအတွက် မကြာမီခန့်အပ်နိုင်ရန် စီစဉ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၇ ရက်တွင် စင်ကာပူ အသင်းနှင့်လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် လက်ဘနွန် အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

Mitsubishi Eelctric Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို လာမည့် ဒီဇင်ဘာ ၈ ရက်မှစတင်ပြီးဒီဇင်ဘာ ၂၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှားအသင်း၊ ဖိလစ်ပိုင်အသင်း၊ လာအိုအသင်းနှင့် ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် အိမ်ကွင်းတွင် နှစ်ပွဲနှင့် အဝေးကွင်းတွင် နှစ်ပွဲ ကစားသွားရမည်ဖြစ်ပြီး ဒီဇင်ဘာ ၉ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် အိမ်ကွင်းတွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် အဝေးကွင်းတွင် လည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်းတွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်းတွင်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ပါကစ္စတန်၏ အကြမ်းဖက်ဝါဒတန်ပြန်ချေမှုန်းရေးကြိုးပမ်းမှုများတွင် ကူညီလျက်ရှိသောတရုတ်နိုင်ငံ

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး လီကီယိုမင်သည် ဩဂုတ် ၂၆ ရက်တွင် အစ္စလာမာဘတ်မြို့၌ ပါကစ္စတန်ဝန်ကြီးချုပ် ရှီဘက်ဇ်ရှာရစ်ဖ်၊ ကာကွယ်ရေးဝန်ကြီး ခါဝါဂျာမိုဟာမက်အဆစ်ဖ်၊ ကြည်းတပ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး ဆာယက်အဆင်မူနီယာတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ပါကစ္စတန်ဝန်ကြီးချုပ် ရှီဘက်ဇ်ရှာရစ်ဖ်က ပါကစ္စတန်နှင့်တရုတ်တို့သည် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မိတ်ဖက်များနှင့် ယုံကြည်ရသော မိတ်ဖက်နိုင်ငံများဖြစ်ကြောင်း၊ နက်ရှိုင်းသော အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိကြောင်း၊ နှစ်နိုင်ငံတပ်မတော်ကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုတို့အတွက် များစွာအရေးပါလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး လီကီယိုမင်က တရုတ်နိုင်ငံသည် ပါကစ္စတန်နှင့်ဆက်ဆံရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိတ်ဖက်ဆက်ဆံရေးကို ပူးပေါင်းဆောင်ရွက်မှုအဆင့်သစ်ထိ တိုးမြှင့်သွားရန် ဆန္ဒရှိနေကြောင်း၊ နှစ်နိုင်ငံတပ်မတော်များ၏စွမ်းဆောင်ရည်တည်ဆောက်မှု မြှင့်တင်ရန် ပါကစ္စတန်နှင့် ပူးပေါင်းဆောင်ရွက်သွားမည့် PLA ၏ခိုင်မာသော သန္နိဋ္ဌာန်ကိုလည်း ထပ်လောင်းအတည်ပြု ပြောကြားသွားခဲ့သည်။

ပါကစ္စတန်ကာကွယ်ရေးဝန်ကြီး ခါဝါဂျာမိုဟာမက်အဆစ်ဖ်သည် ဗိုလ်ချုပ်ကြီးလီနှင့် တွေ့ဆုံစဉ် တရုတ်နိုင်ငံနှင့်ချစ်ကြည်ရင်းနှီးမှုသည် ဒေသတွင်းကမ္ဘာလုံးဆိုင်ရာရေးရာများနှင့်စပ်လျဉ်း၍ လွှမ်းခြုံရှုမြင်သော ပါကစ္စတန်၏ နိုင်ငံခြားရေးမူဝါဒတွင် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ အဆိုပါဆက်ဆံရေးများသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို အလေးထားလျက်ရှိကြောင်း၊ နှစ်နိုင်ငံကြား မဟာဗျူဟာမြောက်ဆက်ဆံရေးသည် အပြန်အလှန်ယုံကြည်မှုကို အခြေခံထားကြောင်း၊ ပါကစ္စတန်-တရုတ် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းတည်ငြိမ်မှု၏ ဒေါက်တိုင်တစ်ခုဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

နှစ်နိုင်ငံကြည်းတပ်ဦးစီးချုပ်များသည် အပြန်အလှန်အကျိုးစီးပွား၊ ဒေသတွင်းလုံခြုံရေး၊ စစ်ရေးလေ့ကျင့်မှုဆိုင်ရာများအပြင် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် အစီအမံများ၊ ပါကစ္စတန်၏ စစ်ဘက်အဆင့်မြှင့်တင်ရန် မဟာဗျူဟာမြောက်ကြိုးပမ်းမှုများ၊ အထူးသဖြင့် တရုတ်နိုင်ငံမှ စစ်လက်နက်ပစ္စည်းများဝယ်ယူရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဗိုလ်ချုပ်ကြီးလီ၏ ပါကစ္စတန်သို့ သွားရောက်လည်ပတ်မှုသည် နှစ်နိုင်ငံကာကွယ်ရေး မိတ်ဖက်ဆက်ဆံရေး၏ မဟာဗျူဟာမြောက် အရေးပါမှုကို မီးမောင်းထိုးပြသလျက်ရှိပြီး အထူးသဖြင့် နယ်စပ်တစ်လျှောက်တွင် စစ်သွေးကြွတိုက်ခိုက်မှုများ မြင့်တက်လာလျက်ရှိသော ပါကစ္စတန်ကို အကူအညီပေးသွားမည်ဖြစ်သည်။ ဗိုလ်ချုပ်ကြီးလီ၏ခရီးစဉ်အတွင်း စစ်ဘက်အဆင့်မြင့်ပုဂ္ဂိုလ်များ၏ ဆွေးနွေးမှုသည် အိန္ဒိယနှင့်ထိန်းချုပ်ရေးမျဉ်း(LoC)တစ်လျှောက်တွင် အထိအခိုက်မခံသောအခြေအနေ၊ တရုတ်-အိန္ဒိယ နယ်စပ်တင်းမာမှုများနှင့် ကက်ရှ်မီးယားနှင့် အာဖဂန်နစ္စတန်တို့တွင် ပြောင်းလဲဖြစ်ပေါ်နေမှုများ အပါအဝင် ဒေသတွင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို အလေးထားဆွေးနွေးခဲ့သည်။

ပါကစ္စတန်အနေဖြင့် ပထဝီနိုင်ငံရေးဆိုင်ရာ နောက်ခံအခြေအနေများ အလျင်အမြန်ပြောင်းလဲဖြစ်ပေါ်နေသည့်အချိန်တွင် တရုတ်နိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် ကြိုးပမ်းလျက်ရှိသောကြောင့် ဗိုလ်ချုပ်ကြီးလီ၏ အချိန်ကိုက်ခရီးစဉ်သည် ထူးခြားလေးနက်လျက်ရှိသည်။

ပါကစ္စတန်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံမှ အစပျိုးသည့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိသည်။ Tehreek-e-Taliban Pakistan (TTP) သည် အာဖဂန်တာလီဘန် အစိုးရအဖွဲ့၏ ကာကွယ်မှုဖြင့် အကြမ်းဖက်မှုများ လုပ်ဆောင်လျက်ရှိသည်။ TTP ပြဿနာအတွက် သံခင်းတမန်ခင်း အဖြေရှာဖွေရန် ပါကစ္စတန်၏ ကြိုးပမ်းမှုများသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ အကြောင်းမူကား ပါကစ္စတန်နိုင်ငံအနေဖြင့် စစ်သွေးကြွအုပ်စုများနှင့်စပ်လျဉ်း၍ မူဝါဒပြောင်းလဲရေး၊ အာဖဂန်နစ္စတန်ကို ဖိအားပေးရေး တရုတ်နိုင်ငံကဲ့သို့သော နိုင်ငံများ၏ ပံ့ပိုးကူညီမှုများ ရှာဖွေရလျက်ရှိသောကြောင့်ပင်ဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုများစွာ လုပ်ဆောင်ထားသော ပါကစ္စတန်၏ ဘလိုချီစတန်ပြည်နယ်သည် ဗိုလ်ချုပ်ကြီးလီ၏ ခရီးစဉ်အတွင်း အပါအဝင် အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုများ ရုတ်တရက်မြင့်တက်လာလျက်ရှိသည်။ ၎င်းပြည်နယ်တွင် လူဦးရေ ၅၀ သေဆုံးခဲ့သည့် နောက်ဆုံးဖြစ်ပေါ်လာသော တိုက်ခိုက်မှုများသည် ပါကစ္စတန်၏ လုံခြုံရေးဆိုင်ရာစွမ်းဆောင်ရည်များနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများ ပြန်လည်မြင့်တက်လာခဲ့ပြီး တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများနှင့်နိုင်ငံများကို ကာကွယ်ရေးအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်ထောက်ခံသွားရန် လိုအပ်ပေသည်။



Baloch စစ်သွေးကြွများမှ နောက်ဆုံးတိုက်ခိုက်မှုများသည် ဒေသတွင်း ဝါဒဖြန့်လိုသူများအတွက် အချိန်ကိုက်ပင်ဖြစ်သည်။ ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အတိုင်းအတာသည် စနစ်တကျ ကြိုတင်စီမံထားသည့် လုပ်ဆောင်မှုပင်ဖြစ်သည်။ ခိုက်ဘာပတ်တွန်ခွါနှင့် ဘလိုချီစတန်ပြည်နယ်တို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လာခြင်းသည် စစ်သွေးကြွများချေမှုန်းရေး ပါကစ္စတန်၏ ကြိုးပမ်းမှုများကို နိုင်ငံတကာမှ အသိအမှတ်မပြုကြောင်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

ထို့ကြောင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုဖြစ်နေသည့် ပါကစ္စတန်နိုင်ငံသို့ တရုတ်ကြည်းတပ်ဦးစီးချုပ်၏ သွားရောက်လည်ပတ်မှုသည် ထူးခြားလေးနက်စေလျက်ရှိသည်။ အဆိုပါခရီးစဉ်သည် ၎င်း၏ မဟာဗျူဟာမြောက် မိတ်ဖက်အပေါ် တရုတ်နိုင်ငံ၏ တစိုက်မတ်မတ် ပံ့ပိုးကူညီမှုကို သက်သေပြလျက်ရှိသည့်အပြင် ဒေသတွင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများတွင် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏အရေးပါမှုကို မီးမောင်းထိုးပြသလျက်ရှိသည်။

ထို့ပြင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်နေချိန်တွင် ပါကစ္စတန်သို့ တရုတ်ကြည်းတပ်ဦးစီးချုပ်၏ အလည်အပတ်ခရီးစဉ်သည် အကြမ်းဖက်အုပ်စုများကို ပါကစ္စတန်နှင့် တရုတ်၏ ချစ်ကြည်ရင်းနှီးမှုသည် အကြမ်းဖက်လိုသော စစ်သွေးကြွများအတွက် အမှာစကားပင်ဖြစ်ပေသည်။ ပါကစ္စတန်သို့ ဗိုလ်ချုပ်ကြီးလီ၏ ခရီးစဉ်အတွင်း ဘလိုချီစတန်ပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်ပြီးနောက် တရုတ်နိုင်ငံက စစ်သွေးကြွအုပ်စုများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ရှုတ်ချလျက် အကြမ်းဖက်ဝါဒ တန်ပြန်ချေမှုန်းရေးတွင် ပါကစ္စတန်နိုင်ငံကို ဆက်လက်ကူညီသွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့သည်။

ပါကစ္စတန်အနေဖြင့် မကြာသေးမီလများအတွင်း စစ်သွေးကြွများ၏ ဖိအားပေးမှုများနှင့် တိုးမြှင့်ရင်ဆိုင်နေရသည့်အချိန်တွင် အစွန်းရောက်များချေမှုန်းရေးကို အစွမ်းကုန်ဆောင်ရွက်လျက်ရှိသည်။ ခိုက်ဘာပတ်တွန်ခွါနှင့် ဘလိုချီစတန်ပြည်နယ်တို့တွင် အကြမ်းဖက်ဝါဒ တန်ပြန်ချေမှုန်းရေးစစ်ဆင်ရေးများ အရှိန်မြှင့်တင်လုပ်ဆောင်ခြင်းသည် မကြာသေးမီ ရက်သတ္တပတ်များအတွင်း TTP နှင့်Baloch စစ်သွေးကြွရာပေါင်းများစွာ သေဆုံးခဲ့သည်။

ပါကစ္စတန်ရှိစစ်သွေးကြွပြဿနာသည် တိုက်ခိုက်ချေမှုန်းသွားရန်လိုသည့် ရေရှည်ပြဿနာပင်ဖြစ်သည်။ ပါကစ္စတန်အတွက် စိန်ခေါ်မှုသည် တရုတ်ခေါင်းဆောင်များကို စည်းရုံးသွားနိုင်ရန်ပင်ဖြစ်သည်။ စစ်သွေးကြွများကို ထိရောက်စွာထိန်းချုပ်ရေးအတွက် တရုတ်၏လက်နက်များ တိုးမြှင့်လွှဲပြောင်းပေးခြင်းသည် ပါကစ္စတန်အတွက် များစွာအကျိုးရှိစေမည်ဖြစ်သည်။ ထို့ပြင် ပါကစ္စတန်အနေဖြင့် အကြမ်းဖက်သမားများကို လက်မခံရေးအတွက် ဖိအားပေးမည့် အာဖဂန်ခေါင်းဆောင်များကို တရုတ်၏သံခင်းတမန်ခင်းမှလည်း အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ အလားတူ တရုတ်၏ အကျိုးစီးပွားများကိုလည်း ခြိမ်းခြောက်လျက်ရှိသည့် ပါကစ္စတန်မြေပေါ်၌ လှုပ်ရှားနေသော စစ်သွေးကြွများကိုပင်လျှင် အီရန်မှ နေရာပေးရန် ငြင်းဆိုသွားမည်ဖြစ်သည်။ အီရန်နှင့် အာဖဂန်နစ္စတန်တို့အပေါ် တရုတ်နိုင်ငံ၏ သိသာထင်ရှားသော လွှမ်းမိုးမှုများရှိနေသောကြောင့် ထိုသို့လုပ်ဆောင်ခြင်းသည်TTP အပြင် Baloch စစ်သွေးကြွများအပေါ် ပါကစ္စတန်၏ ချေမှုန်းမှုများကို အပြုသဘောဆောင်သော အထောက်အပံ့များ ရရှိစေမည်ဖြစ်သည်။

တရုတ်နိုင်ငံနှင့် ပါကစ္စတန်၏ အလုံးစုံသော ဆက်ဆံရေးသည် တစ်ခါတစ်ရံတွင် ကသိကအောက်အခြေအနေကို ရင်ဆိုင်ရဖွယ်ရှိသော်လည်း နှစ်နိုင်ငံစစ်ဘက်ကြား ချစ်ကြည်ရင်းနှီးမှုသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း နက်ရှိုင်းစွာ တိုးတက်လာခဲ့သည်။ နှစ်နိုင်ငံ ကြည်းတပ်နှင့်ရေတပ်တို့သည် စစ်သုံးပစ္စည်းများမျှဝေခြင်း၊ ခေတ်မီ ပူးတွဲစစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်ခြင်း၊ တာဝန်ရှိသူများ အပြန်အလှန်သွားရောက်လည်ပတ်ခြင်းများ လုပ်ဆောင်ခဲ့သည်။ ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့ကြား လက်နက်ပံ့ပိုးမှုနှင့် ဆက်သွယ်ရေးကွန်ရက်များသည် ပိုမိုလိုက်လျောညီထွေရှိလာသောကြောင့် နှစ်နိုင်ငံသည် ကာကွယ်ရေးစွမ်းဆောင်ရည်များ ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ကြောင့် ပါကစ္စတန်အနေဖြင့် အကြမ်းဖက်ဝါဒ တန်ပြန်ချေမှုန်းရေးနှင့် စွမ်းဆောင်ရည်တည်ဆောက်မှုတို့အတွက် အထောက်အပံ့ပိုမိုရရှိရေးအတွက် တရုတ်နိုင်ငံနှင့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို အကျိုးရှိစွာ အသုံးချသွားသင့်ပေသည်။ ပါကစ္စတန်၏ စစ်ဘက်နှင့် အရပ်ဘက်ခေါင်းဆောင်များအနေဖြင့် အကြမ်းဖက်ဝါဒ တန်ပြန်ချေမှုန်းရေးစွမ်းဆောင်ရည်များ မြှင့်တင်မှုကို မည်သို့မည်ပုံ စတင်ဆောင်ရွက်သွားမည်နှင့် ဗိုလ်ချုပ်ကြီးလီနှင့် တွေ့ဆုံဆွေးနွေးစဉ် လုံခြုံရေးဆိုင်ရာ ဘုံရည်မှန်းချက် အောင်မြင်မှုရရှိရေး နှစ်နိုင်ငံ ကြည်းတပ်ကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေးအတွက် တောင်းဆိုခဲ့သလားဆိုသောအချက်မှာမူ ရှင်းရှင်းလင်းလင်းမသိရှိရပေ။ ထို့ပြင် တရုတ်နိုင်ငံနှင့် ပါကစ္စတန်၏ နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် တရုတ်ကြည်းတပ်ဦးစီးချုပ်၏ ခရီးစဉ်မှ အကျိုးကျေးဇူးများ ဖြစ်ထွန်းသလားဆိုသောအချက်မှာမူ ရှင်းရှင်းလင်းလင်း မသိရှိရသေးပေ။

မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှု ပြုပြင်ပြောင်းလဲရန် ပါကစ္စတန်၏ကြိုးပမ်းမှုများသည် ပါကစ္စတန်တွင် စဉ်ဆက်မပြတ် ဖြစ်ပေါ်လျက်ရှိသော နိုင်ငံရေးမတည်ငြိမ်မှုနှင့် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ(CPEC)တို့နှင့်ဆက်နွှယ်သည့် ကြွေးမြီကိစ္စကဲ့သို့သော တရုတ်၏ နိုင်ငံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများအပေါ် တည်မှီလျက်ရှိသည်။ ပါကစ္စတန်အနေဖြင့် ထိုသို့ရှုပ်ထွေးသည့် စိန်ခေါ်မှုများကြားတွင် ရပ်တည်ရလျက်ရှိသောကြောင့် တရုတ်နိုင်ငံနှင့် စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု တောင့်တင်းခိုင်မာအောင်ဆောင်ရွက်ခြင်းသည် ၎င်း၏လုံခြုံရေးနှင့်ဒေသတွင်း လွှမ်းမိုးမှုမြှင့်တင်ရာ၌ များစွာအရေးပါလျက်ရှိပေသည်။

**ကိုးကား**

- **Chinese General Li Visits Pakistan Amid Deteriorating Security by The Diplomat.**
- **Pakistan, China explore ways to boost defense cooperation – Pakistan – DAWN.COM**

**ဝင်းဇင်(သုတေသန)**

# ကျိုက္ခမီမြို့လုံးကျွတ် ပျားရည်ဆွမ်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်



**ကျိုက္ခမီ စက်တင်ဘာ ၂**

မွန်ပြည်နယ် ကျိုက္ခမီမြို့နယ်ရှိ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးဂေါပကအဖွဲ့က ဦးဆောင်ကျင်းပသည့် ကျိုက္ခမီမြို့လုံးကျွတ် ပျားရည်ဆွမ်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စက်တင်ဘာ ၁၆ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးဖိုးငြိမ်းက ပြောပြ၍ သိရသည်။

ကျိုက္ခမီမြို့လုံးကျွတ် ပျားရည်ဆွမ်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယခင်နှစ်များအတိုင်းရေလယ်ဘုရားကုန်းတော်ပေါ်ရှိ (သီရိဇေယျာ)ခန်းမဆောင်ရှေ့မှ စတင်ပြီး လျှင် ကျိုက္ခမီမြို့တွင်း လမ်းမတစ်လျှောက် မြို့လယ်လွတ်လပ်ရေး ကျောက်တိုင်ထိ သံဃာတော်များ၊ သာမဏေများနှင့် သီလရှင်များက အလှူခံကြွရောက်တော်မူမည်ဖြစ်ကြောင်း သိရသည်။

"ပျားရည်ဆွမ်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကတော့ နှစ်စဉ်ကျင်းပနေကျ ပွဲတော်ဖြစ်ပါတယ်။ စက်တင်ဘာ ၁၆ ရက် ညနေ ၄ နာရီမှာ စတင်ကျင်းပမှာဖြစ်ပါတယ်။ မြို့ပေါ်မှာရှိတဲ့ ဘုန်းတော်ကြီးကျောင်း ၅၈ ကျောင်းကသံဃာတော် ၂၈၄ ပါး၊ ရှင်သာမဏေ ၂၁၆ ပါးနဲ့ သီလရှင် ၂၄ ပါးကို ပျားရည်၊ ဆွမ်းဆန်တော်၊ အသီးအနှံ၊ စားသောက်ကုန် လှူဖွယ်အစုစုကို မြို့ပေါ်ရှိ မိသားစုတွေက အိမ်တိုင်းစေ့နီးပါးထွက်ပြီးတော့လောင်းလှူကုသိုလ်ယူကြမှာ ဖြစ်ပါတယ်။ ပျားရည်ဆွမ်းနဲ့ ဆွမ်းဆန်စိမ်း အလှူခံကြတဲ့ သံဃာတော်တွေ၊ သာမဏေတွေနဲ့ သီလရှင်တွေကို မြို့လယ်ဓမ္မာရုံကြီးမှာလဲ စာရေးတံမဲဖောက် အလှူပြုအုံးမှာ ဖြစ်ပါတယ်"ဟု ဦးဖိုးငြိမ်းက ပြောပြသည်။

ထိုကဲ့သို့ လှူဒါန်းရာတွင် မြို့သူ၊ မြို့သားများက လမ်းမကြီးတစ်လျှောက် ပျားရည်၊ ဆွမ်းဆန်တော်၊ ဆီနှင့် အခြားလှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူကြခြင်းဖြစ်ပြီး ပျားရည်ရှားပါးသည့် ဒေသဖြစ်သည့်အတွက် ပျားရည်ကို ကျောင်းတိုက်တိုင်းအတွက် အဓိကထား လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။ **ASH**

# I Want Your Sex ဇာတ်ကားတွင် အဆိုတော် Charli Xcx ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၂**

Black Bear ရုပ်ရှင်ကုမ္ပဏီ၏ I Want Your Sex လျှို့ဝှက်သည်းဖို ဇာတ်ကားသစ်တွင် ကမ္ဘာကျော် အမျိုးသမီးအဆို တော် Charli Xcx ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

I Want Your Sex ဇာတ်ကားသည် Charli Scx အတွက် ဒုတိယမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး Charli Xcx သည် Legendary ရုပ်ရှင်ကုမ္ပဏီ၏ Faces of Death ရုပ်ရှင်ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားသည်။

I Want Your Sex ဇာတ်ကားတွင် Charli Xcx သည် မင်းသမီး အိုလီဗာဝိုင်း၊ မင်းသား ကူးပါးအော့မင်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂရက်အရာကီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ရိုက်ကူးရေးလုပ်ငန်းကို ယခုနှစ် အောက်တိုဘာလတွင် စတင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် I Want Your Sex ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# အမျိုးသမီး တေးသံရှင်သုံးဦး၏ Pop Star Night ဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ် Inya Lake Garden ၌ ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၂**

ထင်ရှားကျော်ကြားသည့် အမျိုးသမီးတေးသံရှင် သုံးဦး၏ Pop Star Night တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆို ပါ တေးဂီတဖျော်ဖြေပွဲတွင် ပါဝင် ဖျော်ဖြေမည့် တေးသံရှင် ယွန်းမြတ်သူက ပြောပြ၍ သိရသည်။




Pop Star Night တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ရေဗက္ကာဝင်း၊ L ဆိုင်းဇီ၊ ယွန်းမြတ်သူတို့၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို Daily Gita Band တေးဂီတအဖွဲ့က တီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"Inya Lake Garden မှာ ပြုလုပ်မဲ့ Pop Star Night မှာ ယွန်းမြတ်သူရယ်၊ Lဆိုင်းဇီရယ်၊ ရေဗက္ကာဝင်းရယ် ပါဝင်ဖျော်ဖြေကြမှာ ဖြစ်ပါတယ်။ ပရိသတ်တွေ အလွတ်ရနေတဲ့ သီချင်းတွေကိုပဲ သီဆိုပေးမှာမို့ ပရိသတ်နဲ့ ထပ်တူကျမဲ့ ညတစ်ညကို Inya Lake Garden မှာ ဖြတ်သန်းကြပါစို့" ဟု တေးသံရှင် ယွန်းမြတ်သူက ပြောပြသည်။

အဆိုပါ Pop Star Night တေးဂီတဖျော်ဖြေပွဲကို Inya Lake Garden တွင် စက်တင်ဘာ ၆ ရက် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ASH**

# 4 Kids Walk Into a Bank ၌ မင်းသားကြီး လီအမ်နီဆန် ပါဝင်ဖွယ်ရှိ

**နယူးယောက် စက်တင်ဘာ ၂**

4 Kids Walk Into a Bank အမည်ရှိ ဘဏ်ဖောက်မှုနောက်ခံဟာသဇာတ်ကားသစ်၌ ကမ္ဘာကျော် မင်းသားကြီး လီအမ်နီဆန် ပါဝင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် လီအမ်နီဆန်သည် 4 Kids Walk Into a Bank ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် ထုတ်လုပ်သူများနှင့် ဆွေးနွေးနေကြောင်း သိရသည်။

သဘောတူညီချက်ရရှိခဲ့ပါက 4 Kids Walk Into a Bank ဇာတ်ကားတွင် ဆယ်ကျော်သက်အရွယ် မြေးမလေးကို စောင့်ရှောက်နေရသော ဘဏ်ဓားပြဟောင်း တစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး တာကီယာရိုင်ဒါ၊ ဒေကွန် ဖီးလစ်၊ မင်းသား နိုအာဂျူ ဗစ်ဘနီပိတ်နှင့် ဂျက်ဒီလန်ဂရေလာတို့လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

4 Kids Walk Into a Bank ဇာတ်ကားကို ဒါရိုက်တာ ဖရန်ကီရှောက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# မြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက ငွေကျပ် ၁၀ သိန်း လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂**

ယခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက အလှူငွေကျပ် ၁၀ သိန်းကို စက်တင်ဘာ ၁ ရက်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ လာရောက်လှူဒါန်းခဲ့ကြောင်း အဆိုပါအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ယခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချိုရပ်ကွက်ရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး (ဗဟို)တွင် ကျင်းပသွားမည်ဖြစ်သည့်အတွက် ရုပ်ရှင်လောကသားများ၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ လာရောက် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

"ရုပ်ရှင် သက်ကြီးပူဇော် ကန်တော့ပွဲကတော့ မကြာခင်ကျင်းပမှာမို့ အနုပညာရှင်၊အတတ်ပညာရှင်တွေကို ပါဝင်လှူဒါန်းနေကြတာတွေ ရှိပါတယ်။ ဒီနှစ်မှာတော့ အစည်းအရုံးမှာ မနှစ်ကလို အလှူစျေးတန်းထည့်မယ်။ လက်ရှိ သက်ကြီးကန်တော့ခံတွေက လူဦးရေတိတိကျကျဖြစ်အောင် ပြန်တွက်နေတာတွေ ရှိပါတယ်။ တချို့ ကွယ်လွန်သွားတဲ့သူတွေရှိသလို ထပ်တိုးလာတဲ့သူတွေလဲ ရှိပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပခဲ့သည့် ၁၀၃ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၆ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲတွင် သက်ကြီးရုပ်ရှင်အနုပညာရှင် ဦးရေ ၁၄၀ အား ငွေသားအပါအဝင် စားသောက်ကုန်ပစ္စည်းများဖြင့် ကန်တော့နိုင်ခဲ့ကြောင်း ဦးအေးကြူလေးက ဆက်လက်ပြောပြ၍ သိရသည်။ **ASH**

# Republic of the Union of Myanmar
# Anti-Terrorism Central Committee
# Notification 1/2024

## 14th Waning of Wagoung 1386 ME

## 2 September 2024

# Declaration on terrorist groups

The Anti-Terrorism Central Committee issued this notification by exercising the authority mentioned in Subsection (e) of Section 6 and Subsection (b) of Section 72 of the Counter-Terrorism Law, with the approval of the Union government.

1. Myanmar National Democratic Alliance Army (MNDAA) and Ta'ang National Liberation Army (TNLA) commit terror acts mentioned in the Counter-Terrorism Law by harming public security and their life and property and violently causing loss and damage to essential infrastructures of individuals or public, State-owned buildings, vehicles, machinery and accessories, including the violent acts to blow up public roads and bridges, explode electric towers, fire on populated towns and villages from far distance with the use of heavy weapons, drop bombs, kill innocent people, forcefully recruit new members and destroy State-owned buildings, vehicles, machinery and equipment. Moreover, these groups based inside the country are committing terror acts against the State.

2. As such, the Anti-Terrorism Central Committee has declared the aforementioned groups as terrorist groups which are committing terror acts mentioned above.

**Chairman**
**Anti-Terrorism Central Committee**

# Republic of the Union of Myanmar
# Anti-Terrorism Central Committee
# Notification 2/2024

## 14th Waning of Wagoung 1386 ME

## 2 September 2024

# Terrorist group declared with reversing revocation of previous terrorist group declaration

The Anti-Terrorism Central Committee has issued this notification by exercising the authority mentioned in Subsection (e) of Section 6 and Subsection (b) of Section 72 of the Counter-Terrorism Law, with the approval of the Union government.

1. The Anti-Terrorism Central Committee declared the United League of Arakan (ULA)/Arakan Army (AA) as a terrorist group under its notification 1/2020 dated 23 March 2020. However, the declaration against that terrorist group was revoked under notification of the central committee dated 11 March 2021 in order to restore durable peace nationwide in accord with the five-point roadmap and nine objectives adopted by the State Administration Council.

2. Currently, the United League of Arakan (ULA)/Arakan Army (AA) still commits terror acts mentioned in the Counter-Terrorism Law by harming public security and their life and property and violently causing loss and damage to essential infrastructures of individuals or public, State-owned buildings, vehicles, machinery, and accessories, including the violent acts to blow up public roads and bridges, explode electric towers, fire on populated towns and villages from a far distance with the use of heavy weapons, drop bombs, kill innocent people, forcibly recruit new members and destroy State-owned buildings, vehicles, machinery and equipment. Moreover, the group based in the country is committing terror acts against the State.

3. As such, the Anti-Terrorism Central Committee has cancelled the revocation of its declaration over the aforementioned group under notification 1/2021 dated 11 March 2021 and has declared such a group as a terrorist group.

**Chairman**
**Anti-Terrorism Central Committee**

# Sri Lanka customs hands over 3 million smuggled cigarettes for destruction

**Colombo September 2**

Sri Lanka Customs has transferred approximately 3 million cigarettes confiscated during the first half of 2024 at Colombo Bandaranaike International Airport (BIA) for destruction, state media reported on Monday.

The estimated street value of the cigarettes handed over to the Ceylon Tobacco Company (CTC) for destruction exceeds 75 million rupees (250,000 U.S. dollars), said the report.

If these cigarettes had reached the Sri Lankan market, the South Asian country would have lost roughly 480 million rupees (1.6 million U.S. dollars) in duties and other levies, according to the report.

The cigarettes were primarily smuggled by passengers arriving by air, said the report.

CTC, a subsidiary of British American Tobacco (BAT), holds the monopoly of cigarette and tobacco sales in Sri Lanka, where cigarettes are subject to high taxation.

Xinhua

# 4 dead, 2 injured in shooting in Hawaii

**Los Angeles September 2**

Four people, including the suspect, were dead, with another two getting injured in a shooting Saturday night in Honolulu County in the U.S. state of Hawaii, authorities said on Sunday.

Shortly after 11:15 p.m. Saturday local time (0915 GMT on Sunday), police officers responded to a residence in the Waianae Valley area, according to the Honolulu Police Department.

Multiple 911 calls coming from the Waianae residence reported that their neighbor was operating a front loader and using it to ram multiple cars into the home. Multiple individuals were in the carport and fled or tried to flee when the suspect opened fire, striking the victims, said the department in a press release, adding that at some point, a 42-year-old male resident of the home fatally shot the suspect with a handgun.

The resident who shot the suspect has been arrested for murder in the second degree, according to the press release.

"Three individuals, including the suspect, were pronounced dead at the scene. Additional people were taken to the hospital," said the department earlier in a Facebook post.

Hours later, the department confirmed in an update that one of the wounded died at a hospital and the other two remain hospitalized. Xinhua

# Kalay Township finishes cultivation of more than 90,000 acres of monsoon paddy


A thriving monsoon paddy field.

**Kalay September 2**

Statistics of Kalay Township Agriculture Department stated that a total of 91,012 acres of monsoon paddy has so far been planted in Kalay Township of Sagaing Region.

In 2024-25 monsoon, farmers in the township could grow 91,012 acres of monsoon paddy against the target of 127,157 acres of monsoon this year.

U Naing Tun Win, Head of Kalay Township Agriculture Department explained: "Local authorities set a plan to grow more than 100,000 acres of monsoon paddy in Kalay Township but local farmers planted more than 90,000 acres. They are striving for meeting the target acreage. We are giving necessary agricultural technologies and quality strains of crops, encouraging local farmers to grow paddy in time."

This year, officials from relevant township agricultural departments cooperate with local farmers in growing monsoon paddy to overcome any challenges.

In Kalay Township, officials assist in growing monsoon paddy with agricultural techniques, prevention of pests, minimizing loss and waste of crops, and keeping paddy under shelter in time.

This year, officials encourage local farmers for thriving of monsoon paddy plantations in the farmlands in Kalay Township, selection of quality strains of crops, prevention of pests, weeding and removal of different species and systematic broadcasting of fertilizers at the farmlands. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers plant more than 600 acres of chilli in Yinmabin District

**Yinmabin September 2**

Statistics of Yinmabin District Agriculture Department stated that a total of 644 acres of monsoon chilli has been planted as monsoon crop in Yinmabin District of Sagaing Region.

In 2024-25 monsoon season, Yinmabin District earmarked 1,095 acres of chilli but local farmers have so far planted 644 acres of monsoon chilli against the target cultivation.

Daw Myat Moe Win, Head of Yinmabin District Agriculture Department stated: "Local farmers have planted 644 acres of monsoon chilli against the target of more than 1,000 acres in Yinmabin District. Their chilli plantations are thriving at present. Our department urged farmers to grow chilli on a commercial scale."

This year, Yinmabin Township grew 46 acres of chilli, Kani Township 156 acres, Salingyi Township 420 acres and Pale Township 22 acres, totalling 644 acres.

In 2024-25 monsoon, Yinmabin Township earmarked 385 acres of chilli, Kani Township 690 acres and Pale Township 20 acres, totalling 1,095 acres.

Staff members of relevant agriculture departments help local farmers fetch good prices of chilli in the market, use agricultural techniques, prevent pests, improve fertile soil and make natural fertilizers.

Local farmers have to spend K1.5 million per acre for cultivation of chilli on own land but K2.5 million for rented lands. Chilli must be harvested once every 15 days for six months. It yields some 100 viss per acre but its yield increases to 400-500 viss per acre weekly. 206


A chilli plantation.

# More than 70,000 acres of pulses and beans planted in Wetlet Township

**Wetlet September 2**

A total of 73,399 acres of pulses and beans have been planted in Wetlet Township of Sagaing Region, according to the township agriculture department.

In 2024-25 monsoon season, the township authorities earmarked 73,873 acres of pulses and beans but local farmers planted 73,399 acres of pulses and beans against the target cultivation.

Daw Kyin San, Head of Wetlet Township Agriculture Department commented: "Local authorities earmarked cultivation of 73,873 acres of pulses and beans this monsoon in Wetlet Township but local farmers have so far planted 73,399 acres. They are trying hard to meet the target cultivation. Our department urged local farmers to expand sown acreage of pulses and beans and shared techniques with local farmers to choose quality strains of crops."

This year, local farmers have planted 38,524 acres of green gram, 6,021 acres of small red bean, 5,998 acres of rice bean, 22,365 acres of pigeon pea and 491 acres of lablab bean, totalling 73,399 acres.

In 2024-25 monsoon cultivation season, Wetlet Township planned to grow 38,641 acres of green gram, 5,854 acres of small red bean, 5,997 acres of rice bean, 21,256 acres of pigeon pea and 2,125 acres of lablab bean, totalling 73,873 acres.

This year, agriculturists help local farmers choose quality strains of crops, use agricultural inputs and apply post-harvest technology. 206

# Onion from Seikpyu marketable in Mandalay

**Mandalay September 2**

Onions produced from Seikpyu of Magway Region are in high demand at Mandalay market, said Daw May The Swe, the owner of onion and potato brokerage in Mandalay.

Mandalay market is trading onions from Seikpyu of Magway Region in the last week of June. Moreover, both domestic and international markets offer to purchase onions from Seikpyu.

"Merchants purchase onions from Seikpyu at Mandalay market at present. So, Seikpyu's onion is marketable in Mandalay," she added.

On 24 August, Seikpyu's onion fetched K2,300 per viss in Mandalay market.

Daw May The Swe continued, "Onion from Seikpyu as well as Taungtha and Pakokku flows into Mandalay market on a daily basis. At present, onion from Seikpyu is top in trading at Mandalay market. Onion from Myingyan and Taungtha are being traded as normalcy." 184

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က ကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ Javelin တင့်ဖျက်ဒုံးကျည်များ ထပ်မံမှာယူ



အမေရိကန်ကြည်းတပ်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ Javelin တင့်ဖျက်ဒုံးကျည်များ ထပ်မံမှာယူခဲ့ပြီး ခြေလျင်တပ်ဖွဲ့များအတွက် တင့်ကားများ၊ သံချပ်ကာစွမ်းရည်များ အဆင့်မြှင့်တင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်ဟု The Defense Post သတင်းဌာနက ဩဂုတ် ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် မတ်လအတွင်း အမေရိကန်ကြည်းတပ်သည် Lockheed Martin ကုမ္ပဏီ၊ Raytheon ကုမ္ပဏီတို့နှင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ ဘီလီယံ တန်ဖိုးရှိ ပမာဏများပြားသော ဝယ်ယူရေးသဘောတူညီချက် ပြုလုပ်ခဲ့ပြီးနောက် နောက်ဆက်တွဲအမှာစာပေးပို့မှုကို ပထမဆုံးအကြိမ် ပြုလုပ်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

Javelin Joint Venture (JJV) ဥက္ကဋ္ဌ Andy Amaro က အမေရိကန်ကြည်းတပ်ထံမှ ယခုကဲ့သို့ အမှာစာများထပ်မံလက်ခံရရှိခဲ့ခြင်းသည် ကမ္ဘာပေါ်တွင် အထိရောက်ဆုံးနှင့် တိုက်ပွဲဝင်လက်တွေ့ကျကျ သက်သေပြထားနိုင်သော တင့်ဖျက်လက်နက်စနစ်၏ ရေပန်းစားလူကြိုက်များမှုဂုဏ်သတင်းကို အထူးပင်ပြောရန်လိုမည်မထင်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

"အခုလို ဝယ်ယူရေးစာချုပ်တွေ ချုပ်ဆိုနိုင်ခဲ့တာတွေကတစ်ဆင့် နိုင်ငံအမျိုးသားအကျိုးစီးပွားနဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကာကွယ်ဖို့ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေအားလုံးကြိုးပမ်းလုပ်ဆောင်တဲ့နေရာမှာ ကြည်းတပ်၊ ခြေလျင်တင့်သံချပ်ကာတပ်ဖွဲ့တွေကိုပံ့ပိုးကူညီနိုင်စေဖို့၊ လိုအပ်တဲ့စွမ်းဆောင်ရည်တွေပေးအပ်နိုင်စေဖို့အတွက် ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်" ဟု ၎င်းကထည့်သွင်းပြောကြားခဲ့သည်။

ယူကရိန်းပဋိပက္ခကြောင့် ဝယ်လိုအားမြင့်မားလာနိုင်သည့်အတွက် Lockheed Martin ကုမ္ပဏီသည် Javelin တင့်ဖျက်ဒုံးကျည်များ ထုတ်လုပ်မှုအရှိန်မြှင့်တင်လုပ်ဆောင်သွားမည်ဟု ၂၀၂၂ ခုနှစ်ကတည်းက ပြောကြားခဲ့ဖူးသည်။ ထိုအချိန်မှစ၍ တစ်နှစ်လျှင် ဒုံးကျည်အစင်း ၂၄၀၀ ထုတ်လုပ်ခဲ့ပြီး ယခင်နှစ်ထက် ၁၅ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ သို့သော် ကမ္ဘာ့အခြားဒေသများတွင် ပထဝီနိုင်ငံရေး ပဋိပက္ခများပေါ်ပေါက်လာသည်နှင့်အမျှ Lockheed Martin ကုမ္ပဏီနှင့် Raytheon ကုမ္ပဏီနှစ်ခုပေါင်း ဖက်စပ်လုပ်ငန်းစုသည် ၎င်းတို့၏ထုတ်လုပ်မှုကို ၂၀၂၆ ခုနှစ်တွင် နှစ်စဉ်ထုတ်လုပ်မှုဒုံးကျည်အစင်းရေ ၃၉၆၀ ထိ တိုးမြှင့်ထုတ်လုပ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိခဲ့ကြသည်။

ထုတ်လုပ်ရေး စက်ပစ္စည်းကိရိယာသစ်များ၊ စမ်းသပ်ရေးကိရိယာများ အသုံးပြု၍ ထုတ်လုပ်ရေးပိုင်းတိုးတက်မြင့်မားစေရေး မြှင့်တင်လုပ်ဆောင်ပေးခြင်းဖြင့် လက်ရှိ တင်ပို့ရောင်းချ၊ ပံ့ပိုးနေသည့် လုပ်ငန်းစဉ်များနှင့် အသားကျဖြစ်အောင် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်ဟု Lockheed Martin ကုမ္ပဏီက ပြောကြားခဲ့သည်။

Javelin တင့်ဖျက်ဒုံးကျည်သည် တင့်ကားများ၊ သံချပ်ကာယာဉ်များကို တိုက်ခိုက်ချေမှုန်းရန် တီထွင်ထုတ်လုပ်ထားသည့် ဘက်စုံသုံး ပခုံးထမ်းတင့်ဖျက်ဒုံးကျည်အမျိုးအစားဖြစ်သည်။ ၎င်းတွင် ပစ်ခတ်သူတပ်ဖွဲ့ဝင်များအနေဖြင့် မြင်နိုင်စွမ်းလွန် ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန်အတွက် ပစ်ပြီးမေ့ထားနိုင်သော(Fire and Forget) စနစ် အသုံးပြုထားသည်။ သက်တမ်းအားဖြင့် နှစ်ပေါင်း ၂၀ကျော် တိုက်ပွဲဝင်သက်သေပြသနိုင်ခဲ့သော စွမ်းဆောင်ရည်များဖြင့် အဆိုပါ တင့်ဖျက်လက်နက်ကို ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲနှင့် လက်ရှိဖြစ်ပွားနေသော ရုရှား-ယူကရိန်းပဋိပက္ခ အပါအဝင် လက်နက်ကိုင်ပဋိပက္ခများတွင် တွင်ကျယ်စွာ အသုံးပြုခဲ့ကြကြောင်း သိရသည်။

**US Army Increases Massive Javelin Missile Order by $1.3B ကို ဘာသာပြန်ဆိုထားပါသည်။**

## အီတလီနိုင်ငံက ဆိုမာလီယာနိုင်ငံကို Bell 412EPX ရဟတ်ယာဉ်လေးစင်း ရောင်းချခဲ့

အီတလီနိုင်ငံသည် ဩဂုတ် ၂၉ ရက်တွင် ဆိုမာလီယာနိုင်ငံကို Bell 412EPX ရဟတ်ယာဉ်လေးစင်း ရောင်းချပေးခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ ၁၆ သန်း တန်ဖိုးရှိသော ဤလွှဲပြောင်း၊ ရောင်းချမှုသည် ဆိုမာလီယာနိုင်ငံအပေါ် ချမှတ်ထားသော လက်နက်ပိတ်ဆို့အရေးယူမှုကို ရုပ်သိမ်းခဲ့ပြီးနောက်ပိုင်း အထူးခြားဆုံး စစ်လက်နက်ပစ္စည်းများ ပေးပို့ရောင်းချမှုအဖြစ် အီတလီနိုင်ငံအစိုးရက လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ရဟတ်ယာဉ်များ၏ ကြံ့ခိုင်မှုနှင့် ဘက်စုံသုံးနိုင်မှုကြောင့် လူသိများသော Bell 412EPX ရဟတ်ယာဉ်များသည် တပ်ဖွဲ့ဝင်များ သယ်ယူပို့ဆောင်ခြင်း၊ ရှေ့တန်းစစ်မျက်နှာမှ ဒဏ်ရာရလူနာများကို ဆေးကုသမှုများ ပြုလုပ်နိုင်ရန် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းအစရှိသည့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်ရန် အထူးရည်ရွယ်၍ ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ခက်ခဲသောအခြေအနေများနှင့် လိုက်လျောညီထွေရှိစွာ ဆောင်ရွက်နိုင်မှုနှင့် တိုက်ပွဲဝင် သက်သေပြနိုင်ခဲ့မှုတို့သည် သောင်းကျန်းသူအဖွဲ့ Al Shabaab ကို တိုက်ထုတ်ရာတွင် ဆိုမာလီယာနိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့များအတွက် အဖိုးတန်ပစ္စည်းများ ဖြစ်လာစေလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အရ ဆိုမာလီယာနိုင်ငံရှိ အာဖရိကသမဂ္ဂ အသွင်ကူးပြောင်းရေးမစ်ရှင် (ATMIS)က ၎င်း၏တပ်ဖွဲ့ဝင်များကို ဖြည်းဖြည်းချင်း ဆုတ်ခွာပေးနေသည့်အချိန်၌ အဆိုပါရဟတ်ယာဉ်များ လွှဲပြောင်းပေးပို့သည့်သတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

တပ်များဆုတ်ခွာပေးမှုတွင် ၂၀၂၄ ခုနှစ် ဇွန်လကုန်၌ စစ်သည် ၂၀၀၀ ဆုတ်ခွာပေးခဲ့ပြီး စက်တင်ဘာလကုန်၌ စစ်သည် ၃၀၀၀ ဆုတ်ခွာပေးရမည်ဖြစ်ကာ နိုင်ငံ၏လုံခြုံရေးတာဝန်များကို ဆိုမာလီယာနိုင်ငံ တပ်ဖွဲ့ဝင်များထံ အဆင့်ဆင့်လွှဲပြောင်း ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



နာမည်ကြီး Bell ရဟတ်ယာဉ်စီးရီး၏ နောက်ဆုံးဗားရှင်းဖြစ်သော Bell 412EPX သည် ခေတ်မီလေကြောင်းဆိုင်ရာ နည်းပညာများကိုအသုံးပြုထားပြီး အရပ်ဘက်နှင့် စစ်ဘက်အသုံးပြုမှု နှစ်ရပ်စလုံးအတွက် စွမ်းဆောင်ရည်နှင့်ယုံကြည်စိတ်ချရမှုမြင့်မားကောင်းမွန်သည့် ရဟတ်ယာဉ် အမျိုးအစားများဖြစ်ကြသည်။ ချောဆီချို့ယွင်းသည့်အခြေအနေတွင်ပင် လည်ပတ်နိုင်သည့် ပင်မပန်ကာတစ်ခုကို တပ်ဆင်ထားပြီး Bell 412EPX ရဟတ်ယာဉ်သည် အများဆုံးအတွင်းပိုင်း အလေးချိန် တင်ဆောင်နိုင်မှုပေါင် ၁၂၂၀၀ နှင့် ပြင်ပအလေးချိန်ပေါင် ၁၃၀၀၀ တို့နှင့်အတူ ဝန်သယ်ဆောင်နိုင်စွမ်းတိုးမြှင့်ထားသည်။ ထိုသို့ဝိသေသလက္ခဏာများသည် ရဟတ်ယာဉ်မှူး၊ အဖွဲ့သားများကို ပစ္စည်းကိရိယာများ ပိုမိုသယ်ဆောင်နိုင်စေခြင်းဖြင့် တိုက်ပွဲဝင်(လုပ်ငန်း) ဆောင်ရွက်မှုကို ထိရောက်စွာလုပ်ဆောင်နိုင်စေလိမ့်မည်လည်းဖြစ်သည်။

ဆိုမာလီယာနိုင်ငံကို အဆင့်မြင့် ရဟတ်ယာဉ်များ ရောင်းချပေးခြင်းသည် အီတလီနိုင်ငံဘက်က ပြည်တွင်းလုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် ဆိုမာလီယာအစိုးရ၏ တုံ့ပြန်နိုင်စွမ်းကို အားကောင်းအောင် သိသိသာသာပံ့ပိုးပေးခြင်းလည်းဖြစ်သည်။

**Italy Supplies Four Bell 412EPX Helicopters to Somalia ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၀၆၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၀၆၄၃ ဧကထိ စိုက်ပျိုးပြီး စီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၀၂၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၆၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မြေပဲဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် မြောင်မြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်စေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပခန်းစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပခန်းစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်းက ပခန်းစပါးတင်းရေ ၆၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ပခန်းစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ဩဂုတ်လအတွင်း ပခန်းစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ဓနုဖြူမြို့နယ်ကနေရန်ကုန်ဈေးကွက်ကိုတင်ပို့တဲ့ ပခန်းစပါးတွေက အရည်အသွေးတော်တော်ကောင်းပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပခန်းစပါးက အကြမ်းအုပ်စုထဲမှာပါတဲ့စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်ဝယ်လက်တွေက ဝယ်ယူမှုများနေလို့တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ လက်ရှိစပါးဈေးကလဲ ကောင်းနေပါတယ်။ ပြည်တွင်းဆန်၊ စပါးဈေးကွက်မှာကို ပခန်းစပါးက အဝယ်လိုက်နေတာပါ"ဟု ဓနုဖြူမြို့နယ်မှ ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။



ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ သိရသည်။ **ကျော်ကျော်လင်း**

# မင်းဘူးမြို့နယ် ကံသစ်ကျေးရွာ၌ ပဉ္စမအကြိမ် VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံသစ်ကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်း က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ဖြင့် ကံသစ်ကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူသူများနှင့် အသေးစားစီးပွားရေး လုပ်ငန်းလုပ်ကိုင်လိုသူများလိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းဝင်အဖွဲ့များထံ လည်ပတ်ရန်ပုံငွေကျပ် ၃၆၃ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကံသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၁ ဦးကို ရန်ပုံငွေကျပ် ၃၃၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ရန်ပုံငွေကျပ် ၂၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၈၀ ကို ရန်ပုံငွေကျပ် ၃၆၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂-၉-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၂၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး အိန္ဒိယနိုင်ငံ National Defence College ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ National Defence College မှ အကြီးတန်းနည်းပြအရာရှိ (Senior Directing Staff)ဖြစ်သူ Major General Ajay Kumar Singh, AVSM, SM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ National Defence College မှ အကြီးတန်းနည်းပြအရာရှိ (Senior Directing Staff)ဖြစ်သူ Major General Ajay Kumar Singh, AVSM, SM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေး၊ သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အိန္ဒိယနိုင်ငံNational Defence College မှ အကြီးတန်းနည်းပြအရာရှိ(Senior Direct-ing Staff)ဖြစ်သူနှင့်အတူ သင်တန်းသားအရာရှိကြီးများ၊မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ)

# ဇေယျာသီရိမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဆောင်ရွက်ပေး

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် လုပ်ငန်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားကာ ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။



မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇေယျာသီရိမြို့နယ် ရွာသစ်ကြီးကျေးရွာ ရွာသစ်ကြီးပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒိယအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆို၊ ဝါကပ်ကြမည့် ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စည်ပင်ကြီးကျေးရွာတွင် ပေါင်းလောင်းမြစ်နှင့် ဆင်သေချောင်းတို့မှ ရေများမြင့်တက်ခဲ့မှုကြောင့် ကျေးရွာအတွင်း နေအိမ်များနှင့် လယ်ယာမြေများရေနစ်မြုပ်ခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စည်ပင်ကြီးကျေးရွာဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဂန္ဓမာအား ဖူးမြော်ကြည်ညိုပြီး ဝါဆို၊ ဝါကပ်ကြမည့် ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ စည်ပင်ကြီးကျေးရွာဘုန်းတော်ကြီးကျောင်း၌ ရေဝင်ရောက်မှုကြောင့် ခေတ္တပြောင်းရွှေ့နေထိုင်ကြသည့် စည်ပင်ကြီးကျေးရွာမှ ပြည်သူများကို နေပြည်တော်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကိုလည်းကောင်း၊ရေကြီးနစ်မြုပ်မှုကြောင့် ဖြစ်ပွားတတ်သည့်ရောဂါများမဖြစ်ပွားစေရေးအတွက် နေပြည်တော်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျေးရွာအတွင်း ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ ကြိုတင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စု ပင်လောင်းလမ်းဆုံမီးပွိုင့်အနီး ရန်ကုန်-မန္တလေးကားလမ်းဟောင်းဘေး ရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "လှပသာယာပြည်မြန်မာ"ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊နေရာဒေသနှင့်လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသောဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့်ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆိုအသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD)ကိုတစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသောဓာတ်ပုံများနှင့် ပြည်တွင်း၊ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသောဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း (အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၃၈၄၈၁၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။ (သတင်းစဉ်)

# ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေး





**နေပြည်တော် စက်တင်ဘာ ၂**

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ပိုးရယ်အောင်သိန်း၊မန်းငြိမ်းမောင်၊ ဒေါက်တာမူထန်၊ ဒေါက်တာဘရွှေ၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ပါမောက္ခချုပ်များ၊ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊နည်းပြများနှင့်အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယနေ့အချိန်အခါတွင် တက္ကသိုလ်အားကစားကဏ္ဍကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ လူမှုရေးဦးတည်ချက်များ၊ နိုင်ငံတော်အကြီးအကဲ၏ အားပေးလမ်းညွှန်မှုများအရ စဉ်ဆက်မပြတ်မြှင့်တင်ပေးလျက်ရှိပါကြောင်း၊ယခုကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲကို "တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့" ဆိုသည့် ဦးတည်ချက်နှင့်ကျင်းပပေးခြင်းဖြစ်ပြီး ယခုပြိုင်ပွဲမှ တစ်ဆင့် ထူးချွန်ထက်မြက်သည့် တက္ကသိုလ်ကျောင်းသား အားကစားသမားများကို ရွေးချယ်လေ့ကျင့်ပြီး အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြစေမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် အဓိက စွမ်းအားစုသည် ကျောင်းသား၊ ကျောင်းသူများနှင့်လူငယ်များပင်ဖြစ်ပါကြောင်း၊လူငယ်များကို အားကစားကဏ္ဍအပါအဝင် ဘက်စုံကဏ္ဍစုံတွင် နိုင်ငံ၏သားကောင်းသမီးကောင်းများဖြစ်လာစေရန် နိုင်ငံတော်က ဘက်စုံပညာရေးကို အကောင်အထည်ဖော်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ယခု ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ အုပ်ချုပ်သူများ၊ နည်းပြများ၊ကျောင်းသားအားကစားသမားများအနေဖြင့် မိမိတို့၏အရည်အချင်းများကို ဖော်ထုတ်ပြီး တက္ကသိုလ်ကျောင်းသားများ၏ ဂုဏ်သိက္ခာနှင့်အညီ ညီညီညွတ်ညွတ် စည်းကမ်းရှိရှိ၊ ပျော်ပျော်ရွှင်ရွှင်၊ ချစ်ကြည်ရင်းနှီးစွာဖြင့် သန့်သန့်ရှင်းရှင်းယှဉ်ပြိုင်ကစားကြပြီး တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ထိ အောင်မြင်မှုများရရှိစေရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားရင်း ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ မိတ္ထီလာပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူလေးများက ပန်းဖွားအကဖြင့် သရုပ်ဖော်ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ပညာရေးဝန်ကြီးဌာန၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စားပြု တက္ကသိုလ်များဘောလုံးအသင်း ခုနစ်သင်းတို့ပါဝင်ပြီး ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၉ ရက်ထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

ယခု ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲတွင်



ယနေ့ပွဲစဉ်အဖြစ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကိုယ်စားပြုဘောလုံးအသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ကိုယ်စားပြုဘောလုံးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကိုယ်စားပြု ဘောလုံးအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ကိုယ်စားပြုဘောလုံးအသင်းကို ခုနစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အသင်းလိုက် ပထမဆု၊ဒုတိယဆု၊တတိယဆု၊စတုတ္ထဆုနှင့် နေရာအလိုက် တစ်ဦးချင်းအကောင်းဆုံးဆုများကိုလည်း ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးသွားမည့်အပြင် ထူးချွန်သည့် ဘောလုံးအားကစားသမားများကို လာမည့် ၂၀၂၆ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲအတွက် ဘောလုံးလက်ရွေးစင်အားကစားသမားများ အဖြစ် ရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လွိုင်ကော်မြို့ ဘီလူးချောင်းရေမြင့်တက်မှုကြောင့်ရေဝင်ရောက်သည့်နေရာများသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**လွိုင်ကော် စက်တင်ဘာ ၂**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေဝင်ရောက်လျက်ရှိသည့် နမ့်ကွတ်ရပ်ကွက်အတွင်းရှိ နေအိမ်များ၊ ရေစီးကွေ့၊ ဒေါနိုးကူးတံတား၊ရှမ်းပိုင်းတံတားနှင့် ကန္ဒရဝတီတံတားတို့၌ ဘီလူးချောင်းရေမြင့်တက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နမ့်ကွတ်ရပ်ကွက်အတွင်းရှိ နေအိမ်အချို့၌ ဘီလူးချောင်းရေဝင်ရောက်မှုအခြေအနေများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများက နေအိမ်များအတွင်း ရေထပ်မံမဝင်ရောက်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အသင့်ပြင်ဆင်ထားရှိသော မီးသတ်တပ်ဖွဲ့ဝင်များကို ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နမ့်ကွတ်ရပ်ကွက် ရေစီးကွေ့၊ ဒေါနိုးကူးတံတား၊ ရှမ်းပိုင်းတံတား၊ ကန္ဒရဝတီတံတားတို့သို့ သွားရောက်၍ ဘီလူးချောင်းရေမြင့်တက်မှုအခြေအနေကိုကြည့်ရှု၍ ရေနစ်မြုပ်မှုမရှိရန် ကာရံထားသည့် မြေထိန်းနံရံများကြွခိုင်မှုရှိ၊ မရှိ၊ မြေထိန်းနံရံနေရာများနှင့် နေအိမ်များတွင် ဘီလူးချောင်းရေထပ်မံဝင်ရောက်မှု မရှိစေရေးအတွက် တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊မီးသတ်တပ်ဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများက သဲအိတ်များကာရံခြင်း၊ မြေထိန်းနံရံများ ပြုလုပ်ပေးခြင်း စုပေါင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ၂၄ နာရီရေကင်းစောင့်ကြည့်နိုင်ရေး၊စိုးရိမ်ရေမှတ်ကျော်လွန်သည့်အခြေအနေရှိပါက အမိန့်စောင့်ဆိုင်းရန်မလိုဘဲ အချိန်နှင့်တစ်ပြေးညီ ပြည်သူများသို့ ကြေညာချက်ထုတ်ပြန်အသိပေး၍ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

လွိုင်ကော်မြို့အတွင်း ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရပ်ကွက်လေးရပ်ကွက်ရှိ နေအိမ် ၁၄၄ အိမ်တွင် ရေဝင်ရောက်လျက်ရှိရာ ရေထပ်မံမြင့်တက်လာပါက ရွှေ့ပြောင်းပေးနိုင်ရေးအတွက် ယာယီခိုလှုံရေးစခန်းလေးခုစီမံဆောင်ရွက်ထားရှိပြီး ရေဘေးအန္တရာယ်ကျရောက်လာပါက စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် ဘဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ရုံးကို ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်း၌ ဖွင့်လှစ်ထားရှိကြောင်းနှင့် အရေးပေါ်အခြေအနေ ကျရောက်လာပါက ချက်ချင်း တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁ /၂၀၂၄**
၁၃၈၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂ ရက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ The Myanmar National Democratic Alliance Army(MNDAA) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် Ta'ang National Liberation Army(TNLA) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုဖြစ်သည့် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများဖြစ်သည့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း၊ လျှပ်စစ်တာဝါတိုင်များကို ဖောက်ခွဲဖျက်ဆီးခြင်း၊ လူနေထူထပ်သည့် မြို့ရွာများကို အဝေးမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ နိုင်ငံတော်ပိုင် အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိကြသည်။ ထို့ပြင် နိုင်ငံတော်အတွင်းအခြေပြု၍ နိုင်ငံတော်ကို အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိသည်။

၂။ သို့ဖြစ်ပါ၍ အထက်ပါအကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် The Myanmar National Democratic Alliance Army(MNDAA) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် Ta'ang National Liberation Army(TNLA) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တို့ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်းကို ပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၂၄**
၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်းကို ပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် United League of Arakan(ULA)/ Arakan Army(AA) လက်နက်ကိုင်အဖွဲ့အား အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၂၃-၃-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပါသည်။ သို့ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့နှင့်အညီ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးတည်ဆောက်နိုင်ရန်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၁၁-၃-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့် ယင်းအဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းပေးခဲ့ပါသည်။

၂။ ယခုအခါ အဆိုပါ United League of Arakan(ULA)/ Arakan Army(AA) လက်နက်ကိုင်အဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုဖြစ်သည့် အများပြည်သူ၏လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန်ပြုလုပ်မှုများဖြစ်သည့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လျှပ်စစ်တာဝါတိုင်များကို ဖောက်ခွဲဖျက်ဆီးခြင်း၊ လူနေထူထပ်သည့်မြို့ရွာများကို အဝေးမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို ပြန်လည်ကျူးလွန်လာခဲ့သည့်အပြင် နိုင်ငံတော်အတွင်းအခြေပြု၍ နိုင်ငံတော်ကို အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်လျက်ရှိသည်။

၃။ သို့ပါ၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၁၁-၃-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့် ယင်းအဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းပေးခြင်းကိုပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဖြစ် တင်မြှောက်ခံရသူများစာရင်းကို ဖြည့်စွက်ပြင်ဆင်အသိပေးကြေညာ

၁။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်အဖြစ် တင်မြှောက်ခံရသူများနှင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်အရွေးချယ်ခံခွင့်ရှိသူများစာရင်းကို ၂၃-၈-၂၀၂၄ ရက်တွင် နိုင်ငံပိုင်သတင်းစာများ၌ အသိပေးကြေညာခဲ့ပြီးဖြစ်သည်။

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့နှင့်ညှိနှိုင်း၍ သတင်းမီဒီယာနည်းဥပဒေများ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်(၂/၂၀၂၄)ကို ၃၀-၈-၂၀၂၄ ရက်တွင် ညွှန်ကြားချက်(၃/၂၀၂၄)ဖြင့် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

၃။ သတင်းမီဒီယာနည်းဥပဒေများ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ ပြင်ဆင်ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်(၃/၂၀၂၄)အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရန် ကောင်စီဝင်အရေအတွက်အချိုးအစားအရ နယ်ပယ်ကိုယ်စားပြုသူ ၁၁ ဦး၏ အမည်စာရင်းကို အောက်ပါအတိုင်း ဖြည့်စွက်ပြင်ဆင်အသိပေးကြေညာအပ်ပါသည်-

| | |
|---|---|
| (က) ဒေါက်တာတင်အောင်ခိုင် | မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ |
| ( ခ ) ဦးသိုက်ထွန်း | မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း |
| ( ဂ ) ဒေါက်တာဇော်သန်း | မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ |
| (ဃ) ဦးကြည်ညွန့် | မြန်မာနိုင်ငံပုံနှိပ်သူနှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း |
| ( င ) ဦးဥက္ကာအေး | မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း |
| ( စ ) ဦးတင်ကိုကို | မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် |
| (ဆ) ဦးမြတ်စိုး(မြတ်စိုး-လှိုင်) | မြန်မာနိုင်ငံစာရေးဆရာအသင်း |
| ( ဇ ) ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်) | မြန်မာနိုင်ငံစာရေးဆရာအသင်း |
| (ဈ) ဦးဝင်းနိုင်(မင်းဆက်ပိုင်) | မြန်မာနိုင်ငံစာရေးဆရာအသင်း |
| (ည) ပါမောက္ခဒေါက်တာမြသိန်းဟန် | မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ |
| ( ဋ ) ဒေါက်တာစန်းဦး | မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ |

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် တည်ဆောက်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ယနေ့မွန်းလွဲပိုင်းက လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက် ရန်ကုန်-ပုသိမ်လမ်းနှင့် ရန်ကုန်-ညောင်တုန်းလမ်းဆုံရှိ ဘုရင့်နောင်ပန်းခြံ တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်၍ ဘုရင့်နောင်ပန်းခြံ တိုးချဲ့မြေနေရာတွင် ကွန်ကရစ်ခင်းကျင်းထားရှိမှု၊ ရန်ကုန်-ပုသိမ်လမ်းနှင့် ဘုရင့်နောင်တိုးချဲ့ပန်းခြံအကြား အုတ်ရေမြောင်း တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်-ပုသိမ်လမ်းရှိ သောင်ကြားချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုကိုကြည့်ရှု၍ ရန်ကုန်-ပုသိမ်လမ်း ရေမြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေပြီး လှိုင်မြစ်အတွင်းသို့စီးဝင်စေရေး စက်ယန္တရားများအသုံးပြု၍ တိုးချဲ့ဖောက်လုပ်ရန် မှာကြားသည်။

ယင်းနောက် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၄)ရပ်ကွက် ဘုရင့်နောင်တံတားအမှတ်(၁)သို့ သွားရောက်၍ ရန်ကုန်-ပုသိမ်လမ်း တောင်ဘက်ခြမ်းရေစုကန်ရေမြောင်းမှ ညောင်ချောင်းရေတံခါးသို့ စီးဆင်းသည့်ရေမြောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"ပြည်သူတွေခိုလှုံရာ အရပ်သားပစ်မှတ်တွေကို အဓိကထားတိုက်ခိုက်လာတဲ့ အကြမ်းဖက်သမားများ"**ခေါင်းစဉ်ဖြင့် ၄-၉-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် လျှပ်စစ်ဓာတ်အား မထုတ်လုပ်နိုင်မှု မဂ္ဂါဝပ် ၁၆၀၀ ကျော်ရှိနေသည့် ရေအားလျှပ်စစ်စီမံကိန်းရှစ်ခုနှင့် အခြားရပ်ဆိုင်းထားရသည့်စီမံကိန်းများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကရင်လဂျာအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထား လိုက်သည်။

## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းအမှတ်စဉ်(၂/ ၂၀၂၄) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် ဆန္ဒမဲပေးနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း အမှတ်စဉ်(၂/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံး အဆောက်အအုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဦးအောင်စောဝင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ နည်းပြများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများမှ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦးက နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် မဲမသမာမှုများ ထပ်မံမဖြစ်ပွားစေရေး စနစ်ဖြင့်ထိန်းချုပ်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်အတွက် MEVM မဲပေးစက်နှင့် မဲစာရင်းပြုစုရာတွင် မှန်မှန်ကန်ကန် တိတိကျကျဖြစ်စေမည့် Admin DEO၊ CVLMS စနစ်များကို ရေးဆွဲဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ MEVM မဲပေးစက်ဖြင့် မဲပေးရာတွင် မဲလက်မှတ်များမလိုအပ်ဘဲ တိတိကျကျမှန်မှန်ကန်ကန်ဖြင့် လွယ်ကူလျင်မြန်စွာ မဲပေးနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါသင်တန်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့၌ မဲရုံတွင် မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်ကိုပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို သင်ကြားပြသပေးမည်ဖြစ်ပြီး သင်တန်းသို့တက်ရောက်ခြင်းဖြင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများကို ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချချိန်တွင် ကျွမ်းကျွမ်းကျင်ကျင် ညွှန်ကြားပြသနိုင်မည်ဖြစ်၍ ရွေးကောက်ပွဲတွင် မဲပေးစက်ဖြင့် မဲပေးခြင်းကို ကောင်းမွန်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အသုံးပြု၍ ရွေးကောက်ပွဲတွင် မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများသည် လွယ်ကူလျင်မြန်စွာဖြင့်



သက်သောင့်သက်သာ မဲပေးနိုင်မည်ဖြစ်ပြီး မဲရလဒ်များကိုလည်း တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာ ၂ ရက်မှ ၄ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှအဆက်

ဧကကို တဖြည်းဖြည်းချင်း တိုးချဲ့စိုက်ပျိုးသွားမှာဖြစ်ပြီးတော့ သုံးနှစ်မြောက်တဲ့နှစ်မှာ ဧကသုံးသန်းရရှိအောင် ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ အဓိကဆောင်ရွက်သွားမယ့်လုပ်ငန်းစဉ်က မြန်မာနိုင်ငံမှာ သီးထပ်စိုက်တဲ့ ဧရိယာတွေမှာ ရေရှိရေး လုပ်ငန်းကို စီမံဆောင်ရွက်ပြီးတာနဲ့ နေကြာဧကသုံးသန်းပြည့်မီရေးကိုရည်ရွယ်ဆောင်ရွက်တာဖြစ်ပါတယ်။

အဓိကနေကြာမျိုးတွေရရှိရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် သက်ဆိုင်ရာ ဆက်စပ်ဦးစီးဌာနတွေနဲ့ ချိတ်ဆက်ပြီး မြေပြင်မှာ ကွင်းဆင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့နှစ်က မျိုးဆောင်ရွက်ခဲ့တဲ့ နေကြာဧက ၁ ဒသမ ၀၈ သန်းအပေါ်မှာ ဧက ၁၄၇၀၀ ကို ဒီနှစ်ဆောင်းမှာ တိုးချဲ့ပြီး ဧက ၁ ဒသမ ၀၉ သန်းအထိ စိုက်ပျိုးသွားမယ်။ လာမယ့်နှစ်မှာ ၁ ဒသမ ၃ သန်းအထိ တိုးချဲ့ပြီး နှစ်အလိုက် ဧကသုံးသန်းရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ ပြည်တွင်းမှာရှိတဲ့ နေကြာမျိုးတွေကို တောင်သူလယ်သမားတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပေါင်းစပ်ပြီးတော့ မျိုးစေ့ထုတ်တဲ့လုပ်ငန်းတွေ၊ ပြည်ပကနေ တင်သွင်းရမယ့် နေကြာမျိုးစေ့လုပ်ငန်းတွေကို အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်နေပါတယ်။

နောင်နှစ်တွေမှာတော့ ပြည်တွင်းမှာပဲ နေကြာမျိုးစေ့ကို ထုတ်လုပ်နိုင်ဖို့အတွက် လုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ နေကြာမျိုးကောင်းမျိုးသန့်တွေရရှိဖို့၊ ဧကသုံးသန်းအထိ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေအနေနဲ့ ဒေသဆီဖူလုံရေးကို အဓိကအာရုံစိုက်ပြီး နေကြာသီးနှံကို အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုတာဖြစ်ပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောပြသည်။

ပြည်တွင်းစားသုံးဆီ ဖူလုံရေးမျှော်မှန်းချက်အောင်မြင်စေရန်အတွက် နေကြာသီးနှံကို သီးညှပ်စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် နေကြာသီးနှံစိုက်ပျိုးခြင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုးနှင့်ဆောင်း စုစုပေါင်းစိုက်ဧက ၁ ဒသမ ၀၉ သန်း လျာထားဆောင်ရွက်လျက်ရှိပြီး နှစ်အလိုက် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကာ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် မိုးနှင့်ဆောင်း စုစုပေါင်းစိုက်ဧက ၃ ဒသမ ၀၇ သန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်နေကြောင်း သိရသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပြည်တွင်းစားသုံးဆီ ဖူလုံရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေး အစီအမံများချမှတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဟန်နီ**

## ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၂၇ ရက်သာ လိုတော့သည်



## ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ (၂/ ၂၀၂၄-၂၀၂၅) အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ (၂/၂၀၂၄-၂၀၂၅) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေကို စဉ်ဆက်မပြတ်ထုတ်ချေးနိုင်ရေးအတွက် အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်နှင့် လုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အကြံပြုဆွေးနွေးတင်ပြကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေအဆိုပြုလွှာများ လက်ခံရရှိမှုအခြေအနေကိုလည်းကောင်း၊ Participating Financial Institutions(PFI)ဘဏ် နှစ်ဘဏ်ဖြစ်ကြသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများက စဉ်ဆက်မပြတ် ချေးငွေထုတ်ချေးနေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းအဖွဲ့ဝင်များက ဆီစက်ဖွံ့ဖြိုးရေးချေးငွေများ လျင်မြန်စွာ တိုးချဲ့ထုတ်ချေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော် ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာရေကန် ၂၂ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန် ခနစ်ကန်ကို ပြန်လည်တူးဖော် ထိန်းသိမ်းရေးဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသောရေကန်များကိုလည်း ဆက်လက်၍ တူးဖော်ထိန်းသိမ်းကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှ လှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်းလှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ၊ ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော် ဖုန်း ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.06713906701442701 တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

**လျှပ်စစ်မီတာခ သက်သာဖို့**

**LED ပစ္စည်း သုံးကြစို့။**

## (၁၉) ကြိမ်မြောက် အာရှမီဒီယာထိပ်သီးညီလာခံ၏ ဆက်စပ်အစည်းအဝေးများနှင့် အကြိုအလုပ်ရုံဆွေးနွေးပွဲများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂**

(၁၉)ကြိမ်မြောက်အာရှမီဒီယာထိပ်သီးညီလာခံ၏ ဆက်စပ်အစည်းအဝေးများ (19th ASIA MEDIA SUMMIT & ASSOCIATED MEETINGS )ကို စက်တင်ဘာ ၁ ရက်နှင့် ယနေ့တို့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အာရှ-ပစိဖိတ်ဒေသတွင်းရုပ်သံလွှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း(AIBD) က စီစဉ်ကျင်းပလျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့လည်း သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ ထိပ်သီးညီလာခံကို "Media: The New Odyssey" ဆောင်ပုဒ်နှင့်အညီ ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုများနှင့်မီဒီယာနှင့် ရုပ်သံထုတ်လွှင့်မှုများ၊ AI ၏ ရှုထောင့်အမျိုးမျိုး၊ သင်ယူခြင်းနှင့် တိုးတက်မှုများအတွက် ပူးပေါင်းအားထုတ်မှုများကို ယင်းထိပ်သီးညီလာခံ အကြိုဆက်စပ်အစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများ စုစုပေါင်းအကြောင်းအရာ ၁၀ ခုဖြင့် စီစဉ်ကျင်းပရာ အာရှ-ပစိဖိတ်ဒေသမှ ဆက်သွယ်ရေးနှင့်ပြန်ကြားရေးဝန်ကြီးများ၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာ မီဒီယာကဏ္ဍဆုံးဖြတ်ပိုင်ခွင့်ရှိသူများ၊ ပညာရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ မီဒီယာကျွမ်းကျင်သူများ၊ အာရှ-ပစိဖိတ်ဒေသတွင်းမှ ဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်အနေဖြင့် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် IP-PTAR, Angkasapuri ၌ ကျင်းပသည့် သတင်းတု၊ သတင်းမှား တိုက်ဖျက်ခြင်းနှင့် မီဒီယာသိနားလည်မှု မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ မွန်းလွဲပိုင်းတွင် Sheraton Hotel ၌ ကျင်းပသည့် 22nd AIBD General Conferenceသို့ တက်ရောက်သည်။

ဆက်လက်၍ ယနေ့တွင် IPPTAR Training Room ၌ ကျင်းပသည့် ထိခိုက်လွယ်အုပ်စုများအတွက် မီဒီယာလက်လှမ်းမီမှုမြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Pre-Summit Workshop on Promoting Media Accessibility for Vulnerable Groups)ကို အပိုင်း လေးပိုင်းဖြင့် ကျင်းပရာ ထိခိုက်လွယ်သောအုပ်စုများနှင့်စည်းရုံးရေးဗျူဟာများအတွက် မီဒီယာအရေးပါမှု၊ မီဒီယာ Content များ ဖန်တီးမှုအတွက် အကောင်းဆုံးအလေ့အထများ၊ ထိခိုက်လွယ်သောအုပ်စုများအတွက် အားလုံးပါဝင်သောရုပ်သံထုတ်လွှင့်ခြင်း၊ထိခိုက်လွယ်သောအုပ်စုများအတွက် မီဒီယာကဏ္ဍမြှင့်တင်ခြင်းစသည့် အကြောင်းအရာများအလိုက် ဦးစွာဆွေးနွေးကြပြီး နိုင်ငံများအလိုက် အတွေ့အကြုံမျှဝေသည့် အစီအစဉ်ကို ဆက်လက်ကျင်းပရာ အိန္ဒိယ၊ ပါကစ္စတန်၊ မြန်မာ၊မလေးရှားနှင့် ပါပူအာနယူးဂီနီနိုင်ငံတို့ ပါဝင်ဆွေးနွေးကြရာ မြန်မာနိုင်ငံအကြောင်းအရာကို ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ထိခိုက်လွယ်သောအုပ်စုများအတွက် မီဒီယာလက်လှမ်းမီမှုမြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ ပါဝင်ဆွေးနွေးသည်။

ထို့ပြင် စက်တင်ဘာ ၁ ရက်နှင့် ယနေ့တို့တွင် တစ်ပြိုင်တည်းကျင်းပသည့် သတင်းခန်းများတွင် AI အသုံးပြုမှုဆိုင်ရာ ဒေသအဆင့်အလုပ်ရုံဆွေးနွေးပွဲနှင့် ရုပ်သံထုတ်လွှင့်မှုအရွေ့တွင် 5G trends ဖြင့် 4K ထုတ်လွှင့်မှုဆိုင်ရာ ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲများသို့လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဦးမြင့်လှိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးထက်အောင်တို့ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ အာရှမီဒီယာထိပ်သီးညီလာခံသည် ထင်ရှားကျော်ကြားသည့် Media Event တစ်ခုဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသတွင်းရှိ မီဒီယာလုပ်ငန်းများ ချိတ်ဆက်ရန်၊ အသိပညာဗဟုသုတများ ဆွေးနွေးမျှဝေရန်နှင့်ရုပ်သံလွှင့်လုပ်ငန်းများ၏ အနာဂတ်ကိုဆွေးနွေးရန် မီဒီယာကျွမ်းကျင်သူများအတွက် ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း၊ အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း(AIBD)ကို ၁၉၇၇ ခုနှစ်တွင် ယူနက်စကို၏ ဦးဆောင်မှုဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ရုပ်/သံထုတ်လွှင့်မှုနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်ရန် ကတိကဝတ်ပြုထားသော ဒေသဆိုင်ရာအစိုးရများအကြား ပူးပေါင်းဖွဲ့စည်းထားသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ရာ အာရှ-ပစိဖိတ်ဒေသတွင် တက်ကြွ၍ ညီညွတ်သောအီလက်ထရောနစ်မီဒီယာဝန်းကျင်မြှင့်တင်မှုတွင် အခရာကျသည့် အခန်းကဏ္ဍတွင်ရပ်တည်လျက်ရှိကြောင်း၊ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် AIBD သို့ တင်းပြည့်အဖွဲ့ဝင်(Full Membership) အဖြစ် ၁၉၉၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး အသင်းဝင်စည်းကမ်းများနှင့် ကိုက်ညီစွာပူးပေါင်းဆောင်ရွက်လျက်ရှိရာ AIBD မှ စီစဉ်ကျင်းပသည့် သင်တန်းများ၊ အစည်းအဝေးများ၊ Seminar များ၊ Conference များနှင့် Online မှ ပြုလုပ်သော သင်တန်းများသို့ သက်ဆိုင်ရာပညာရပ်အလိုက် ဝန်ထမ်းများ ပါဝင်တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ သြဝါဒနှင့်အညီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များအသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော်အဖွင့် အဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊စာသားနှင့်စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထားသန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

၂။ စတင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ နှစ်အုပ်၊ ပုံနှိပ်ဆဲမှာ ခြောက်အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ခြောက်အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာအုပ်ရေ ၂၀ ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ်တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀(ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး)သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉ ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း- ၀၂၄၀၆၁၁၁၂၊ ၀၉ ၄၂၁၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉ ၂၀၃၈၅၆၃၊ ဦးကျော်လှိုင်(ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း-၀၂ ၄၀၃၆၃၁၂၊ ၀၉ ၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/ ၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၈-၈-၂၀၂၄ ရက်ကပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၂၀-၅-၂၀၂၄ ရက်မှ ၁၆-၈-၂၀၂၄ ရက်ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦးနှင့် အထွေထွေ ၂၄ ဦး ပေါင်း ၂၅ ဦးကို အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့ထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၄၅၅ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၀၉ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၅၆၂ ဦးကို အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန




# အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့်အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတို့ကို **"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုရရှိသူများကို နေပြည်တော်တွင် ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်သူများထံ အသိပေးပန်ကြားချက်

❖ ပြည်တွင်းတွင် သာမန်မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားလာမှုနှင့် ပတ်သက်၍ ၁-၉-၂၀၂၄ ရက်မှစ၍ စာအုပ်ဖိုးငွေကျပ် ၃၅၀၀၀ မှ ငွေကျပ် ၄၀၀၀၀ သို့ ပြောင်းလဲသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်မှုအား နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားခြင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့်ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့်ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး တစ်ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့်လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5˚C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့် ၂၁ ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ၊ ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာများဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့်
  နှာခေါင်းစည်း (Mask)ကို တပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကိုဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%)ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေ၊ ဆပ်ပြာနှင့်စနစ်တကျလျှော်ဖွပ်၍အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊အသားများကိုကျက်အောင်ချက်ပြုတ်စားပါ၊

**Mpox (မျောက်ကျောက်)ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း(သို့မဟုတ်) ရောဂါသံသယလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့် ကုသမှုခံယူပါ။**

ကျန်းမာရေးဝန်ကြီးဌာန
ဩဂုတ်လ၊ ၂၀၂၄

# တရားမဝင်သစ်မျိုးစုံ၊ ဓာတုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၃၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သြဂုတ် ၃၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် မြရည်ပုလဲလမ်း ယင်းဝါဆည်အနီး၌ လိုင်စင်မဲ့ Toyota Liteace မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။









အလားတူ စက်တင်ဘာ ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် အင်းတကော်မြို့နယ်၌ လိုင်စင်မဲ့ Toyota Probox မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၆၀၅ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၂၇၅၂ ကို သစ်တောဥပဒေအရလည်းကောင်း၊ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ တောင်ငူမြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့်Yutong Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၁၂၇၅၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၁ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် ၁၁ စီးနှင့် မော်တော်ဆိုင်ကယ် ၁၄ စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် လေးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၈မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၅၅၆၀၀ ကိုလည်းကောင်း၊ MITT ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ ထိန်းချုပ်ဓာတုပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၉၈၆၄၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၄၅၄၂၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ သြဂုတ် ၃၀ ရက်၊ ၃၁ ရက်နှင့် စက်တင်ဘာ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၃၉ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၃၆၆၉၂ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Aung ZinOo (ကြွက်)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၂)ရပ်ကွက် နေအောင်ဇော်ဦး (ခ) အောင်ကြိုင် (ခ) ကြွက်အား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ “YairYair” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁၂) နေရဲဇာနည်အောင်(ခ)အာကြီးအား ညနေ ၃ နာရီတွင်လည်းကောင်း၊ “MDY” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ် ခနုံးကျေးရွာနေ ဟန်သော်စိုးအား ည ၆ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊“မိကျူး” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အမှတ်(၄) ရပ်ကွက်နေ ထက်ထက်ဝင်း(ခ)မိကျူးအား ည ၁၀ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

### ❖ ကျောဖုံးမှအဆက်

အမေရိကန်ဂေါက်သီးရိုက်ကစားသမား မိုရီကာဝါက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားတစ်ဦးပင်ဖြစ်သည့် တီဂါလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ချန်ပီယံဆုကို ဆွတ်ခူးခဲ့သော စကော့တီရှက်ဖလာက “ဒီလိုပုံစံကောင်းနဲ့ ချန်ပီယံဆုဖလားကိုဆွတ်ခူးနိုင်ဖို့အတွက် ကျွန်တော်တို့ အလုပ်တွေအများကြီးလုပ်ခဲ့ရတယ်။ ဒီပြိုင်ပွဲအတွက် ကြိုးစားပြင်ဆင်ထားတဲ့အတိုင်း ကစားနိုင်ခဲ့သလို စံချိန်တင်မှတ်တမ်းမျိုးနဲ့ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းမြောက်ဂုဏ်ယူကြောင်း ဘယ်လိုစကားလုံးနဲ့ ပြောရမယ်ဆိုတာမသိတော့ပါဘူး”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : AZL

### ☆ ဖမ်းဆီးရမိ

ဝင်းကိုကိုတို့ သုံးဦးကို ည ၁၁ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် သိပ္ပံလမ်း ၅၉-၆၀ လမ်းကြားရှိ ဟိုတယ်တွင် LANDCRUISER မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများကို ရှမ်းပြည်နယ်မှ ကရင်ပြည်နယ် မြဝတီမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် KTV/CLUB/BAR နှင့်စားသောက်ဆိုင်များတွင် လူငယ်များကို အန္တရာယ်ဖြစ်စေသည့် စိတ်ပြောင်းဆေးဝါးများ ဖြန့်ဖြူးရောင်းချနေမှုများကို ထိရောက်စွာတားဆီးနိုင်ရေးအတွက် စီမံချက်ချအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊NUG၊PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပင်လယ်ငါးတစ်မျိုးဖြစ်သော ငါးနှပ်ခေါ် အာပွဲခြောက်ငါး

နှင်းအိ(ရာမညမြေ)

ငါးနှပ်သည် အင်ဒို-ပစိဖိတ်ဒေသ၏ အပူပိုင်းဒေသများတွင် နေထိုင်ကျက်စားသည့်ငါးမျိုးဖြစ်သည်ဟုဖော်ပြကြပြီး ထိုမှတစ်ဆင့် အိန္ဒိယကမ်းရိုးတန်းသို့ မျိုးဆက်ပြန့်ပွားလာဟန်ရှိသည်ဟု အချို့အဏ္ဏဝါဗေဒလေ့လာသူများက ဆိုသည်။ ယခုအခါ အဆိုပါငါးများကို ဘင်္ဂလားပင်လယ်အော်နှင့် တောင်တရုတ်ပင်လယ်တို့တွင်လည်း အများအပြား တွေ့ရတတ်သည်။ အစောပိုင်းကာလများ၌ ဘင်္ဂလားပင်လယ်အော်မှဖမ်းဆီးမိသော ငါးနှပ်ငါးများကိုမစားသုံးဘဲ လွှင့်ပစ်လေ့ရှိကြသည်။ သို့သော် နောက်ပိုင်းတွင် အဆိုပါငါးများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စတင်၍ ပင်လယ်စာစားဖွယ်အဖြစ် စားသုံးကြရာမှ ငါးနှပ်၏ အရသာပြည့်ဝမှုကိုသိရှိသွားကြသည်။ ယခုအခါ ကမ္ဘာ့အနှံ့တွင် လူ့ခန္ဓာကိုယ်အတွက်လိုအပ်သည့် ဖြည့်စွက်စာပင်လယ်စာအဖြစ် ငါးနှပ်ကို ခုံမင်စွာစားသုံးနေကြပြီဖြစ်ကြောင်း သိရသည်။

ပါဏဗေဒအလိုအရ ငါးနှပ်သည် စကိုပယ်လီဒေးမျိုးရင်းတွင်ပါဝင်သည်။ သိပ္ပံအမည်အားဖြင့်ငါးနှပ်ကို 'Harpadon nehereus (ဟာပို့ဒွန်နေဟေးရီးယပ်)'ဟု ခေါ်သည်။ အင်္ဂလိပ်အခေါ်မှာ Bombay duck, bummalo, bombil, bombili, boomla, bumla, lote, loitta ဟု ခေါ်ဆိုကြပြီး ဖော်ပြပါအမည်များထဲမှ Bombay duck နှင့် Loitta Fish သည် ကမ္ဘာပေါ်တွင် လူသိများသောအမည်များ ဖြစ်ကြသည်။ ငါးနှပ်သည် lizardfish မျိုးစိတ်တွင်ပါဝင်ပြီး ရေငန်ပိုင်းနှင့် ရေချိုရေငန်စပ်တို့တွင် အများဆုံးတွေ့ရလေ့ရှိသည်။

**ငါးနှပ်၏ ပုံပန်းသဏ္ဌာန်**

ငါးနှပ်၏ ပုံပန်းသဏ္ဌာန်မှာ ခန္ဓာကိုယ်သည် ရှည်လျား၍အနည်းငယ်ပြားပြီး၏။ မျက်လုံးသေးသေး၊ ပါးစပ်ကျယ်ကျယ်ဖြစ်သည်။ ဦးခေါင်းတို့၍ တုတ်သည်။ နှာတံသည် ကျယ်၍ ထိပ်ပိုင်းသည်။ ပါးစပ်မှာ အလွန်ကျယ်သည်။ မေးရိုးနှစ်ခုစလုံးတွင် ချွန်ထက်သောသွားများရှိသည်။ ဦးခေါင်းနှင့် ဆူးတောင်တို့သည် အလင်းပေါက်လုနီးဖြစ်သည်။ ဝမ်းပိုင်းနေရာမှ လွဲ၍ကျန်ကိုယ်ပိုင်းသည်လည်း အလင်းပေါက်လုနီးဖြစ်သည်။ တစ်ကိုယ်လုံးတွင် မည်းနက်သော အစက်အပြောက်များရှိသည်။ ဝမ်းပိုင်းတွင် ငွေရောင်သန်းလျက်ရှိသည်။ အကြေးခွံသည် သေးငယ်၍အလင်းပေါက်သဖြင့် လတ်ဆတ်သောငါးနှပ်တွင် အကြေးခွံကို ခွဲခြား၍သိနိုင်ရန် ခဲယဉ်း၏။ ငါးနှပ်ခြောက်ကို အာပွဲခြောက်ဟူ၍ ခေါ်ကြသည်။

**ငါးနှပ်၏သဘာဝ**

ငါးနှပ်တစ်ကောင်၏ ဘဝသက်တမ်းသည် နှစ်နှစ်ခန့်အသက်ရှင်နိုင်သည်ဟု သိရသည်။ ခန္ဓာကိုယ်တစ်ဝက်ခန့် သေးငယ်သောအကြေးများရှိသည်။ ခန္ဓာကိုယ်မှာအလွန်ပျော့ပျောင်းနူးညံ့သည်။ ကမ်းလွန်ပိုင်းတွင်နေပြီး ရွံ့ပေါ်သောသဲနှံ့အောက်ခြေတွင်လည်းတွေ့ရသည်။ မြစ်ဝများတွင် တစ်နှစ်ပတ်လုံး နေထိုင်ကျက်စားကြပြီး အုပ်စုလိုက်တွေ့ရတတ်သည်။ မိုးရာသီတွင် မြောက်မြားစွာတွေ့ရသည်။ ငါးနှပ်သည် တစ်နှစ်လျှင်ခြောက်ကြိမ်ခန့် မျိုးပွားသားပေါက်လေ့ရှိကြောင်း သိရသည်။ ရန်လိုတတ်ပြီး အသားစားငါးဖြစ်သည်။ ညအချိန်တွင် ခန္ဓာကိုယ်မှ မီးစုန်းအရောင်တောက်ပသည်။

ငါးနှပ်ငါးများသည်အုပ်စုဖွဲ့နေတတ်ကြပြီး ၎င်းတို့ကိုကျားပါးစပ်(Bagnet)၊ မျှောပိုက်များတွင် ဖမ်းမိပြီး အများအားဖြင့် မျှောပိုက်တွင်ဖမ်းမိသော ငါးနှပ်သည် ပို၍လတ်ဆတ်သည်။ အရွယ်ရောက်ငါးနှပ်သည် အရှည်ဆုံးခန္ဓာကိုယ်အလျား ၄၀ စင်တီမီတာ(၁၆ လက်မ)ရှိပြီး တွေ့ရများသောအရွယ်အစားမှာ၂၀ စင်တီမီတာမှ ၂၅ စင်တီမီတာထိ ရှိသည်။



ငါးနှပ်ငါးကို ဒေသအခေါ်အရ ဗရဲဂါးငါးဟုခေါ်ဆိုကြပြီး အဆိုပါငါးကို အခြောက်လှန်း၍ရလာသော ငါးခြောက်ကို အာပွဲခြောက်ဟုခေါ်ကြလေသည်။

**ပြည်ပပို့ကုန်**

ငါးနှပ်ငါးကို ဆားနယ်၊ အခြောက်လှန်းပြီး နိုင်ငံခြားပို့ကုန်အဖြစ် တင်ပို့ကြသည်။ ငါးနှပ်သည် အိန္ဒိယနိုင်ငံ၏ အချို့သောဒေသများ၊ အထူးသဖြင့် Maharashtra တွင် လူကြိုက်များသော အစားအစာဖြစ်သည်။ သီရိလင်္ကာတွင် ငါးနှပ်ခြောက်ကို ကြော်၍စားသုံးကြသည်။ ငါးနှပ်ခြောက်(အာပွဲခြောက်)သည် ဘင်္ဂါလီနှင့် အိန္ဒိယလူမျိုးတို့၏ အဓိကအစားအစာဖြစ်သည်။

**ဒေသအစားအစာဖြစ်**

ငါးနှပ်ခြောက်သည် မြန်မာနိုင်ငံတွင်လည်း လူကြိုက်များသော ငါးခြောက်အမျိုးအစားထဲပါဝင်ပါသည်။ သို့ရာတွင် ရခိုင်ဒေသတွင် ငါးနှပ်ငါးကို အခြောက်ပြုလုပ်စားသုံးခြင်းထက် လတ်ဆတ်သော ငါးနှပ်ကို ဟင်းရည်သောက်အဖြစ် ချက်ပြုတ်စားသောက်လေ့ရှိကြသည်။ ငါးနှပ်သောက်ဆမ်းကို သံပရာရည်ညှစ်ပြီး ချဉ်ပူပူလေးသောက်ခြင်းအားဖြင့် လန်းဆန်းတက်ကြွသွားစေသည်။ မွန်ပြည်နယ်ဒေသတွင် ငါးနှပ်ကို မရမ်းပြား၊ ငရုတ်သီးစိမ်းစသည်တို့ဖြင့်ချက်ထားသော ငါးနှပ်ဟင်းသည် မွန်လူမျိုးတို့၏ ချဉ်ချဉ်စပ်စပ်တုန်တုန်အိအိလေးနှင့် ခံတွင်းမြိန်စရာ နာမည်ကြီးဟင်းတမည်ဖြစ်သည်။ ငါးနှပ်မွှန်ဟင်းကို ငါးနှပ်အစိုနှင့်ချက်ရပြီး ငါးနှပ်အစိုကို အခြောက်လှန်းထားသော ငါးနှပ်ခြောက် ခေါ် အာပွဲခြောက်ကလည်း ရောင်းအားကောင်းသော ရေထွက်ကုန်ခြောက်တစ်မျိုးလည်းဖြစ်ကြသည်။

**ငါးနှပ်စားဖွယ်စုံ**

ငါးနှပ်ကို ငါးနှပ်အစပ်ဟင်း၊ ငါးနှပ်မွှန်ဟင်း၊ ငါးနှပ်ရခိုင်သောက်ဆမ်း၊ ငါးနှပ်တန်ပူရာကြော်၊ ငါးနှပ်ငါးဆုပ်ကြော်အပြင် ငါးနှပ်ဟင်းရည်ထဲသို့ မှန့်တီဖတ်ထည့်၍လည်း စားသုံးကြပါသည်။ ငါးနှပ်ခြောက်ကို ဗာလချောင်ကြော်၊ အမွှကြော်၊ ငါးနှပ်ခြောက်ဖုတ် စသည်ဖြင့်လည်း စားသုံးကြသည်။ ထို့ပြင် ငါးနှပ်ငါးဖြင့် ငါးမုန့်ခြောက်လည်း ပြုလုပ်ကြသည်။

**ငါးနှပ်တွင်ပါဝင်သောအာဟာရဓာတ်များ**

ငါးနှပ်သည်အာဟာရဓာတ်ကြွယ်ဝပြီး ကျန်းမာရေးအတွက်ကောင်းမွန်သောငါးဖြစ်သည်။ ငါးနှပ်တွင် ပရိုတင်း၊ ဗီတာမင်(အထူးသဖြင့်ဗီတာမင်အေ)၊ သတ္တုဓာတ်များ၊ ဖက်တီးအက်စစ်ကဲ့သို့သော အရေးကြီးသည့် အာဟာရအရင်းအမြစ်များကြွယ်ဝသည်။ Chondroitin sulfate၊ Phosphorous နှင့် Calcium တို့သည် တွယ်ဆက်တစ်ရှူးများ၊ အရိုးနုများ တည်ဆောက်ခြင်း၊ အရိုးကျန်းမာရေးကို ပြုပြင်ထိန်းသိမ်းရာတွင် ကူညီပေးသည်။

**ငါးနှပ်နှင့်ကျန်းမာရေး**

ငါးနှပ်သည် အိုမီဂါ-၃ ကြွယ်ဝသော ပင်လယ်ငါးတစ်မျိုးဖြစ်သည်။ အိုမီဂါ-၃ သည် ပင်လယ်ငါးများတွင်ပါရှိသော ဖက်တီးအက်စစ်တစ်မျိုးဖြစ်ပြီး နှလုံး၊ ဦးနှောက်၊ ကြွက်သားများကို ကျန်းမာစေသည်။ အိုမီဂါဓာတ်သည် လူ့ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဖက်တီးအက်စစ်ဖြစ်သည်။ လူ့ခန္ဓာကိုယ်မှ အိုမီဂါဓာတ်ကို မထုတ်လုပ်နိုင်ဘဲ စားသောက်သောအစားအစာများမှသာ ရရှိနိုင်သည်။ ပင်လယ်ငါးဖြစ်သော ငါးနှပ်မှရရှိသော eicosapentaenoic acid (EPA)၊ docosahexaenoic acid (DHA)နှင့် အပင်များမှရရှိသော alpha-linolenic acid(ALA)ဓာတ်များသည် လူသားများအတွက် အလွန်အရေးပါသောဓာတ်များဖြစ်ကြ၏။ ၎င်းဓာတ်တို့သည် လူ့ကိုယ်ခန္ဓာရှိ ဆဲလ်များ၏ပတ်ပတ်လည်တွင်ရှိသော အမြှေးပါးကို ဖြစ်တည်စေသည်။ ထိုအမြှေးပါးများက ဆဲလ်များထဲသို့ မည်သည့်အရာမဆိုဝင်ရောက်နိုင်ခြင်း၊ ထွက်သွားခြင်း၊ ဆဲလ်တစ်ခုနှင့်တစ်ခုဆက်သွယ်ခြင်းတို့ကို ထိန်းချုပ်ပေးသည်။ အိုမီဂါ-၃ ကြွယ်ဝနေသော ဆဲလ်များသည် အရည်ဓာတ်ပိုများပြီး မှန်ကန်စွာအလုပ်လုပ်နိုင်စွမ်းပိုရှိသည်။ ထို့ပြင် ငါးနှပ်တွင်ပါဝင်သော အိုမီဂါ-၃ (fatty acid) မှာeicosanoid ဟုခေါ်သည့် ဟော်မုန်းများထုတ်လုပ်ခြင်းကို သင့်လျော်အောင်ထိန်းညှိပေးသည်။ ငါးနှပ်တွင်ပါဝင်သော အိုမီဂါ-၃ သည် ရောင်ကိုင်းခြင်း၊ သွေးကြောပိတ်ဆို့ခြင်းတို့ကို လျော့ကျစေသည်။ သိပ္ပံပညာရှင်များက အိုမီဂါ-၃ သည် နှလုံးရောဂါအတွက် များစွာအရေးပါလိုအပ်ကြောင်း လေ့လာသိရှိခဲ့ကြသည်။

ငါးနှပ်တွင်ပါသော အိုမီဂါ-၃ သည် အဆစ်အမျက်ရောင်ရမ်းကိုက်ခဲခြင်းရောဂါများကို သက်သာစေသည်။ နို့စို့ကလေးငယ်များအတွက် DHA ဓာတ်အရင်းအမြစ်ဖြစ်သည့် မိခင်နို့ရည်မှလွဲ၍ ဦးနှောက်ကို ဖွံ့ဖြိုးစေသောဓာတ်မှာ အိုမီဂါ-၃ ပဲ ဖြစ်သည်။

ဖက်တီးအက်စစ်ကြွယ်ဝသော ငါးများဖြစ်သည့် salmon၊ herring၊ mackerel ၊ sardine (ငါးသေတ္တာငါး) နှင့်anchovies (ငါးနှပ်အုပ်စုဝင်) ငါးများကို တစ်ပတ်လျှင် ၂ ကြိမ်စားသုံးခြင်းဖြင့် ရရှိသောပမာဏနှင့်ညီပါသည်။ နှလုံးရောဂါဝေဒနာသည်များသည် ပင်လယ်ငါးမှရရှိသော အိုမီဂါ-၃ ဓာတ် ပိုမိုလိုအပ်သည်။

ပင်လယ်ငါးနှင့် ဓာတ်မတည့်သည့်သူများအနေဖြင့် ပင်လယ်ငါး ငါးနှပ်စားသုံးမှုကို ရှောင်ကြဉ်သင့်သည်။

အချုပ်အားဖြင့်ဆိုရသော် ငါးနှပ် ခေါ် အာပွဲခြောက်ငါးသည် လူကြိုက်များသော ဈေးကွက်ဝင်ပင်လယ်ငါးတစ်မျိုးဖြစ်ပြီး အာဟာရဓာတ်လည်းများပြားစွာပါဝင်သောကြောင့် စားပေးသင့်သောပင်လယ်ငါးတစ်မျိုးဖြစ်ပါကြောင်း လေ့လာဖော်ပြလိုက်ရပါသည်။

**ကိုးကား-**


- မြန်မာ့စွယ်စုံကျမ်းအတွဲ(၃)
- ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊အမှတ်(၂)
- Fish Base of Myanmar
- Inland Fisheries of Myanmar


# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၃၁၁၉၀ ထိ စိုက်ပျိုးပြီးစီး

**မုံရွာ စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၃၁၁၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၂၈၀၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၁၁၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်းဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းဧက လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

ဝတ္ထုတိုကလျာ

# ပြန်ဆုံခွင့်ပေးပါ

ဇင်မင်းစိုး(ဗိုလ်ကလေး)



(၁)

"ဦးလှထွန်း ရှိလားဟေ့"

အိမ်ရှေ့က ဆူညံသံကြောင့် အဖေ၊ အမေနှင့် အဘွားတို့ အိမ်အပြင်ထွက်၍ကြည့်ကြသည်။ မမျှော်လင့်သောမြင်ကွင်းမို့ အားလုံးအံ့အားသင့်နေကြသည်။

ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ လူအများက ဟိုတစ်စုသည်တစ်စုနှင့် ဦးလှထွန်းတို့အိမ်ကို စူးစမ်းသလိုကြည့်နေကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက ဦးလှထွန်းကို လက်ညှိုးထိုး၍-

"ဆရာ ဦးလှထွန်းဆိုတာ သူပါပဲ"

အုပ်ချုပ်ရေးမှူးဘေးမှ ပါလာသည့် ရဲတပ်ဖွဲ့အကြီးအကဲက ဦးလှထွန်းကို ခြေအဆုံး၊ ခေါင်းအဆုံးကြည့်၍-

"ကျွန်တော်တို့ဦးလှထွန်းကို လာခေါ်တာပါခင်ဗျ"

"ခင်ဗျာ"

"ရှင်"

"ကျွန်တော့်ကို ဘာကိစ္စရှိလို့ လာခေါ်တာလဲ ခင်ဗျ"

"ဟုတ်ကဲ့ ဟိုတစ်လောက ဦးလှထွန်း မောင်းပို့တဲ့ ကုန်ကားထဲမှာ မူးယစ်ဆေးဝါးတွေ ဝှက်သယ်လာလို့ ကျွန်တော်တို့ တာဝန်အရစစ်မေးစရာရှိလို့ လာခေါ်ရတာပါ ခင်ဗျ"

"ဟာ ဆရာ ကျွန်တော်က အငှားကားမောင်းတာပါ ခင်ဗျ။ ကျွန်တော် အဲ့ဒါတွေ မလုပ်ပါဘူး။ သူများပို့ခိုင်းတာ မောင်းပို့တာပါပဲ။ ကျန်တာ ဘာမှမသိပါဘူး ဆရာ"

"ဟုတ်ကဲ့ ကျန်တာစခန်းရောက်မှ ရှင်းလင်းကြပါ။ အခုတော့ ကျွန်တော်တို့နဲ့ ခဏလိုက်ခဲ့ပါ"

"ဆရာရယ် ကျွန်မယောကျ်ားက ရိုးရိုးသားသားပါ။ ဒါတွေ သူမလုပ်တတ်ပါဘူး။ ကျွန်မတို့က အငှားကားမောင်းသမားပါပဲ။ ကျွန်မယောကျ်ားမှာ အပြစ်မရှိပါဘူးရှင်"

"ဟုတ်ပါတယ် ငါ့တူတို့ရယ်။ အဘွားသားက တစ်သက်လုံး အေးအေးဆေးဆေးနေလာခဲ့တာ အရပ်က သိပါတယ်။ မယုံရင်မေးကြည့်ကြပါကွယ်။ အဘွားသားမှာ အပြစ်မရှိပါဘူး"

အမေ၊ အဘွားတို့ ငိုသံစွက်ပြောနေချိန်မှာပင် အိမ်ပေါက်ဝသို့ ရှစ်နှစ်အရွယ် ကလေးတစ်ယောက် ခေါင်းပြူထွက်လာပြီး-

"အဖေ သား မွေးနေ့ပွဲလုပ်တော့မယ်လေ။ ဖယောင်းတိုင်တွေ ထွန်းပြီးပြီ"

"အေးအေး အမေနဲ့ အဘွားတို့ လုပ်ပေးလိမ့်မယ်နော် သား။ အဖေ ခဏလိုက်သွားအုံးမယ်။ အေးခင်နဲ့အမေ ကျွန်တော်စခန်းကို ခဏလိုက်သွားအုံးမယ်။ နောက်ပြီး ပြန်လာခဲ့မယ်နော်"

"သား"

"ကိုလှထွန်း ရှင်ဘာမှ အားမငယ်နဲ့နော်။ ကလေးမွေးနေ့လုပ်ပြီးရင် ကျွန်မ နောက်ကလိုက်လာခဲ့မယ်"

ရဲတွေခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားသောအဖေ့ကိုကြည့်ကာ အမေ၊ အဘွားနှင့် ရဲတပ်ဖွဲ့ဝင်တွေကို တစ်လှည့်စီကြည့်ရင်း ရှစ်နှစ်အရွယ် ကလေးလေး၏ မျက်နှာပေါ်တွင်တော့ ဝမ်းသာ၊ ဝမ်းနည်း ဘာမှမသိ။ ပကတိ အပြစ်ကင်းစင် ချစ်စရာကောင်းနေလေတော့၏။

(၂)

ကျောင်းဆင်းချိန်မို့ထင်သည်။ ထုံးစံအတိုင်း မိုးက အုံ့လာပြန်သည်။ အရေးထဲ ထီးက ပါမလာသူမို့ စန္ဒာခိုင်တစ်ယောက် နောက်တစ်ချိန် အတန်းမတက်တော့ဘဲ အိမ်ပြန်ရန် ခုံပေါ်ကစာအုပ်တွေကို အလျင်စလို အိတ်ထဲထည့်နေသည်။ အခန်းထဲမှာ ဘယ်သူမှ မရှိတော့ပြီ။ မိုးရိပ်ကြောင့် အားလုံးပြန်ကြပြီထင်သည်။

"ဒီမှာ ခင်ဗျ"

"အမယ်လေး"

ရှေ့မှာ အာရုံနှင့် စာအုပ်များစုထည့်နေတုန်း နောက်က ရုတ်တရက်ခေါ်လိုက်သည့်အသံကြောင့် စန္ဒာခိုင်တစ်ယောက် လန့်အော်မိလိုက်သည်။

"မျိုးလှိုင်တစ်ယောက် တွေ့မိလားခင်ဗျ"

"ဘယ်သိမလဲ။ ဘယ်က မျိုးလှိုင်လဲ။ ကျွန်မက သူ့လိုက်ကြည့်နေတာမှ မဟုတ်တာ။ လူဖြင့် လန့်သွားတာပဲ"

"ကျွန်တော်မေးတာ တိုးတိုးပါဗျာ။ ခင်ဗျားကိုက အသည်းငယ်တာပါ"

"ဘာ ရှင် ရှင် တော်တော်စွာပါလား။ မိန်းကလေးတစ်ယောက်ကို"

"ကျုပ်က စွာတာမဟုတ်ဘူး ခင်ဗျားက စွာတာ။ နေပါအုံး ခင်ဗျားက ကျောင်းသူအသစ်လား။ ကျုပ်တစ်ခါမှ မတွေ့မိပါဘူး"

"ကျွန်မဘာသာ ဘာဖြစ်ဖြစ် ရှင်နဲ့ဘာဆိုင်လဲ။ ကင်းထောက်လိုလို၊ ထောက်လှမ်းရေးလိုလိုနဲ့"

"ဟာ ခင်ဗျား တော်တော်စွာပါလား။ ကျုပ်က EC ဗျ"

" ရှင် EC ဖြစ်တော့ ကျွန်မက ဘာလုပ်ရမလဲ"

"တော်တော့ တော်တော့ဗျာ။ မိန်းကလေးတစ်ယောက်နဲ့ ယှဉ်ပြိုင်ရန်မဖြစ်ချင်ဘူး။ စကားကိုပြေလည်အောင်ပြောလဲ ရရဲ့သားနဲ့"

ပြောပြီးလှည့်ထွက်သွားသော ကျော်မျိုးသူကို စန္ဒာခိုင်တစ်ယောက် မျက်စောင်းတစ်ခဲခဲထိုးလျက်။

"ကျော်မျိုးသူ လာဟေ့ကောင်။ ငါက မင်းပျောက်လို့ လိုက်ရှာနေတာ။ မင်းက အလန်းလေးနဲ့ စကားပြောနေတာကိုး"

"မဟုတ်ပါဘူးကွာ မင်းပျောက်သွားလို့ မေးနေတာပါ။ စကားအကောင်းမပြောလို့ စိတ်တိုနေတာကွ"

"ငါ Toilet ခဏဝင်နေလို့ကွ။ မိုးမမိခင် ငါတို့ပြန်မယ်ဟေ့"

"အေး အေး"

အပြင်မှာ လေနည်းနည်းတိုက်စပြုလာပြီမို့ မကြာခင် မိုးရွာလာနိုင်သည်။ ဆိုင်ကယ်ကို အရှိန်လေးဖြင့်မောင်းလာရင်း စိတ်က ခုနက ကောင်မလေးကို ပြန်မြင်မိသဖြင့် တောက်ခေါက်မိလေသည်။

(၃)

"အားလုံးနားထောင်ပါခင်ဗျ။ ကျွန်တော်က ဒီအခန်းရဲ့ EC ပါ"

EC ဆိုလို့ စန္ဒာခိုင် စာရေးနေရင်း အရှေ့ကိုမော့ကြည့်လိုက်တော့ ဟိုတစ်နေ့က ဘုဆတ်ဆတ်နဲ့လူ။ သူ့ကိုပြန်ကြည့်နေသည်မို့ အိတ်ထဲက တရုတ်ယပ်တောင်အနီကိုဖြန့်ပြီး တဖျတ်ဖျတ်ခပ်ရင်း မျက်နှာတစ်ဖက်လှည့်နေလိုက်သည်။ သူ့ကိုမြင်မှ တစ်ဖက်လှည့်သွားသည်မို့ ကျော်မျိုးသူကလည်း သူမရှိတဲ့ဘက်လှည့်ပြီး-

"ကျောင်းတွေဖွင့်ပြီမို့လို့ အားကစားပြိုင်ပွဲတွေ စတော့မှာ ဖြစ်ပါတယ်ခင်ဗျ။ ပါဝင်ဆင်နွှဲလိုရင် ကျွန်တော့်ဆီမှာ စာရင်းပေးလို့ရပါတယ်။ နောက်ပြီးတော့ ကျောင်းရဲ့ ဝါဆိုသင်္ကန်းကပ်ဖို့ရှိလို့ နည်းများမဆိုလှူဒါန်းဖို့ ကျွန်တော်တို့ အလှူခံပါတယ်ခင်ဗျ"

အလှူခံဆိုလို့ စန္ဒာခိုင် အိတ်ထဲက တစ်ထောင်တန်တစ်ရွက် ထုတ်လိုက်သည်။ ဖလားကိုင်ပြီးသူ့ရှေ့ရောက်လာသူက ဘုဆတ်ဆတ်နဲ့လူ။ ထည့်ရမလိုလိုနဲ့တွေဝေနေပြီး ဖလားထဲကို အလှူငွေလှမ်းအထည့်၊ ကျော်မျိုးသူကလည်း ဖလားရှေ့ချပေမဲ့ တစ်ဖက်လှည့်နေသည်မို့ မထည့်တော့ဘူးအထင်နဲ့ ရှေ့အတိုးဖလားကို လှမ်းဆွဲချသလိုဖြစ်သွားပြီး-

"ခွမ်း"

"ဟာ"

"ဟင်"

တစ်ခန်းလုံးရဲ့ အကြည့်တွေက သူတို့နှစ်ယောက်ဆီကို ရောက်လာလေတော့သည်။

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ"

"အလှူငွေ လှမ်းထည့်တာပဲလေ။ ရှင်က ဝရမ်းပြေးလို အလှူခံနေတော့ တိုက်မိတာပေ့ါ"

"ဟာ ခင်ဗျား တော်တော့ဗျာ"

ဘေးနားက စန္ဒာခိုင် သူငယ်ချင်းတွေက အားနာနာနှင့် ပြန့်ကျဲသွားသည့် အလှူငွေများကို ပြန်ကောက်ထည့်ပေးကြလေသည်။ ထိုအချိန်မှစ၍ ကျော်မျိုးသူနှင့် စန္ဒာခိုင်တို့၏ မပြေလည်မှုများကို နှစ်ဖက်သူငယ်ချင်းများက ညှိနှိုင်းဆောင်ရွက်ပေးကြရင်း ခင်မင်ရင်းနှီးသွားကြလေတော့သည်။ ထိုခင်မင်မှုများသည် နောင်တစ်ချိန် ဒုတိယနှစ်သို့ရောက်လာသောအခါ သံယောဇဉ်အဖြစ်သို့ပြောင်းလာပြီး သူတို့နှစ်ယောက်၏ အချစ်ဇာတ်လမ်းကို တတိယနှစ်မှာ စတင်ခဲ့လေတော့၏။

(၄)

တိမ်ကင်းစင်ပြီး သာယာသောနေ့တစ်နေ့၏ တစ်ခုသော နံနက်ခင်းဝယ်-

"ခိုင်"

"ပြောလေ"

"ကျွန်တော် ခိုင့်ကို ချစ်တယ်"

ကျော်မျိုးသူပေးသော နှင်းဆီပန်းကလေးကို ငုံ့နမ်းမလိုလုပ်ပြီးမှ သူပြောလိုက်တဲ့စကားကြောင့် အံ့အားသင့်သလို ခဏစူးစိုက်ကြည့်ပြီး-

"ဒီလိုပဲ စကားကို လွယ်လွယ်ပြောတတ်သလား"

"ကျွန်တော် စကားကို လွယ်လွယ်မပြောတတ်ပါဘူး။ ခိုင့်ကိုစတွေ့တဲ့နေ့၊ စကားများရတဲ့နေ့တည်းက ခိုင့်ကို ချစ်မိသွားတာပါ"

"အပိုတွေ အဲဒီနေ့ကဆို လူကိုကြည့်ပြီးပြောတဲ့ စကားတွေက ရန်သူလိုပဲ"

"အဲဒီနေ့ထိ ကျွန်တော်မှ အချစ်ကိုမတွေ့ရသေးတာ။ အခုတော့ တွေ့ပါပြီ။ နောက်ဆို ကြမ်းကြမ်းတမ်းတမ်းမပြောတော့ဘူးနော်"

နှလုံးသားချင်းနီးစပ်ကြပြီဆိုတော့ လူချင်းနီးစပ်ရန်သာ ကျန်လေတော့သည်။

"ခိုင့်ကိုချစ်တဲ့ ကျွန်တော့်အချစ်တွေက တိုးပဲတိုးလာတာပါ။ ဘယ်တော့မှ လျော့မသွားပါဘူး"

သံယောဇဉ်တို့တွယ်နှောင်ကြပြီး လူငယ်များပီပီ အချစ်၏ ပျော်ရွှင်ဖွယ်နေ့ရက်များကို အတူတကွ ဖြတ်သန်းခဲ့ကြသည်။

"ကျွန်တော်တို့ ကျောင်းပြီးရင် လက်ထပ်ကြမယ်နော်"

တစ်ယောက်စိတ်ကိုတစ်ယောက် နားလည်ကြပြီဆိုတော့ ကတိတွေထားခဲ့လေသည်။ အမှန်တော့ အချစ်စစ်ဆိုသည်မှာ နားလည်မှုနှင့် အနစ်နာခံမှုတို့ ရောပြွမ်းနေသည်ဟု ဆိုရပေမည်။ တစ်ဦးဘာလုပ်လုပ်နားလည်ပေးနိုင်ပြီး ဘယ်လောက်အနစ်နာခံရမလဲဆိုတာပဲ တွေးတောနေခြင်းဖြစ်ပေလိမ့်မည်။

"လူကြီးစုံရာနဲ့ အမေ့ဆီလာတောင်းပေ့ါ"

"ကောင်းပြီလေ။ ဘဘုန်းနဲ့ ကြီးကြီးတို့ကို လာတောင်းခိုင်းမယ်"

စာမျက်နှာ ၂၅ သို့ ➤

# ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၈၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုသိမ် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၈၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၈၆၅ ဧက စိုက်ပျိုးရန်လျာထားပြီး မေလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စားဖိုဆောင်သီးနှံ ၄၈၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော စားဖိုဆောင်သီးနှံ ၄၈၂၁ ဧကမှာ ငပုတောမြို့နယ်တွင် ၂၃၉၇ ဧက၊ သာပေါင်းမြို့နယ်တွင် ၉၀၆ ဧက၊ ကန်ကြီးထောင့်မြို့နယ်တွင် ၈၇၈ ဧက၊ ပုသိမ်မြို့နယ်တွင် ဧက ၆၄၀ ဖြစ်ကြောင်း သိရသည်။

"ပုသိမ်ခရိုင်မှာရှိတဲ့ ဒေသခံတောင်သူတွေက စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် စားဖိုဆောင်သီးနှံတွေကိုလဲ စိုက်ပျိုးပါတယ်။ ဒီနှစ် စားဖိုဆောင်သီးနှံ ၄၈၆၅ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ စားဖိုဆောင်သီးနှံ ၄၈၂၁ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့ ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ စားဖိုဆောင်သီးနှံကို ဒေသခံတောင်သူတွေက သူတို့ဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိတဲ့ သီးနှံတွေကို အဓိက စိုက်ပျိုးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၈၆၅ ဧကကို ငရုတ်၊ မုန်လာ၊ နံနံ၊ တိုင်ထောင်ပဲ၊ ပဲပုစွန်၊ ချဉ်ပေါင်၊ သခွား၊ ဘူး၊ ရွှေဖရုံ၊ ပိန်းဥ၊ ကျောက်ဖရုံ၊ ကြက်ဟင်းခါး၊ ပဲစောင်းလျား စသည့်သီးနှံများကို အများဆုံး စိုက်ပျိုးထားကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

## မျောက်ကျောက်ရောဂါ ကာကွယ်ပါ

- သံသယ လူနာတို့ ကိုလ
  ဆေးရုံပို့လို့ စစ်ဆေးခံ၊
  ပြည်သူတွေ အသိရှိ
  သတိပြုမှန်၊
  ဗိုင်းဝန်းလို့ ထိန်းစေရန်
  ကပ်ဆိုးမကျန်ဖို့ ခွန်အားမွေး၊
  အောင်ပွဲမဟာ
  တို့ပြည်ရွာ ပရဟိတဖြင့်
  ထိန်းဆပြုပေး။

- လိုက်နာပါ ရောဂါဝေးဖို့
  အတွေးလေးလည်း ဖြူစင်လေ၊
  ဗိုင်းရပ်ရန် မကူးစက်
  တိုက်ဖျက်မိတ်ဆွေ၊
  လူအချင်းချင်း စာနာစေ
  ကူညီပါလေ စေတနာထား၊
  မမေ့အပ်ပါဘူး
  စေတနာကို အကောင်းဆုံးဖြင့်
  ပြုံးပျော်ရွှင် တိုက်ဖျက်ရှင်းကွယ်
  ဘေးကင်းစေသား။ ။

**ဖြိုးထက်(ရေစကြို)**

➤ စာမျက်နှာ ၂၄ မှအဆက်

လူကြီးများစကားပြောပြီး နေ့ကောင်းရက်သာ ရွေးချယ်ခဲ့ကြသည်။ နှစ်ဖက်စလုံးသဘောတူသဖြင့် ကျော်မျိုးသူနှင့် စန္ဒာခိုင်တို့၏ အချစ်လမ်းခရီးသည် ဖြောင့်တန်းနေလေ၏။ သို့သော် သူတို့နှစ်ဦး၏ အချစ်ခရီး၌ အဖုအထစ်များဖြစ်ပေါ်စေသည့်ကိစ္စတစ်ခုက မရည်ရွယ်ဘဲ ပေါ်လာခဲ့၏။ မင်္ဂလာမဆောင်ခင်တစ်ရက်အလို ခိုင်တို့ အိမ်ပြင်ဆင်၊ သန့်ရှင်းရေးလုပ်ရင်း ဓာတ်ပုံတစ်ပုံချိတ်ဆွဲရာမှ အစပြုသည်ဟု ဆိုရပေမည်။

"ခိုင် ဒီပုံက ဘယ်သူ့ပုံလဲ"

"ခိုင့် ဖေဖေလေ။ ဖေဖေဆုံးတာကြာပြီ။ သံချိတ်က တစ်ခါပြုတ်ကျဖူးလို့ နိမိတ်မကောင်းဘူးဆိုပြီး မချိတ်ဘဲထားတာကြာပြီလေ။ မနက်ဖြန် မင်္ဂလာဆောင်ဆိုတော့ ပြန်ချိတ်ထားတာ။ ဘာဖြစ်လို့လဲ အစ်ကို"

"ဘာမှမဖြစ်ပါဘူး။ ဒီအတိုင်းမေးကြည့်တာပါပဲ"

ကျော်မျိုးသူတစ်ယောက် ဓာတ်ပုံကို သေချာကြည့်ပြီး ရင်ထဲတစ်မျိုးဖြစ်လာသဖြင့် မျက်နှာချက်ချင်းလွှဲလိုက်သည်။

"ဖေဖေက ရဲမှူးကြီးရာထူးနဲ့ ပင်စင်ယူထားတာလေ။ ခိုင့်ကို အရမ်းချစ်တာ။ အခုတော့ ခိုင့် မင်္ဂလာဆောင်တောင် မကြည့်နိုင်တော့ဘူး"

ခိုင်လည်း ဝမ်းနည်းသွားဟန်ဖြင့် ဆက်မပြောတော့ပေ။ ကျော်မျိုးသူလည်း ခိုင် ပြောသည်ကို ကြားတစ်ချက်၊ မကြားတစ်ချက်ဖြင့် အတွေးပေါင်းများစွာဖြင့် ချာချာလည်နေတော့၏။ ကံတရား၏ ဆန်းကြယ်မှုသည် လွန်စွာအံ့ဩစရာကောင်းကြောင်းတွေးမိရင်း နှုတ်ဆိတ်သွားရလေတော့၏။

(၅)

"ကြီးကြီး အစ်ကို မလာသေးဘူးလားဟင်။ လူလဲ စုံနေကြပြီ"

"သူလာလိမ့်မယ် သမီး။ သူ့အဖေအမေကို သွားကန်တော့နေတာပါ"

ခိုင်တစ်ယောက် လူစုံလာလေလေ ဗျာများရလေလေပင်။

ဇာတိမြေ၏ သုသာန်တစ်စပြင်မှာတော့ ကျော်မျိုးသူတစ်ယောက် အဖေ၊ အမေနှင့် အဘွား၏မြေပုံလေးရှေ့တွင် ပုဆစ်တုပ်ထိုင်ပြီး ဦးသုံးကြိမ်ချလိုက်သည်။ နှုတ်ကလည်း-

"အဖေ၊ အမေ၊ အဘွား သား ဘာဆက်လုပ်ရမလဲဟင်။ ဘာဖြစ်လို့ သားကျမှ ဒီလို လာဆုံစည်းရတာလဲ အဖေရာ။ နောက်ဆုတ်ရမှာလား။ အီး ဟီး ဟီး"

ကျော်မျိုးသူ ဝမ်းနည်းစွာငိုချလိုက်သည်။ မြောက်ပြန်လေက သူ့ကို ကျီစယ်သွားသလို သစ်ရွက်ခြောက်ကလေးများကလည်း သူ့ကို တီးတိုးစကားပြောသွားသေးသည်။

"ကျော်မျိုးသူ သူတို့နဲ့ဘာဆိုင်လို့လဲ။ သူတို့က တာဝန်အရ လုပ်ရတာလေ။ တကယ့်တရားခံက မင်းအဖေကို ကုန်ပစ္စည်းပါဆိုပြီး မူးယစ်ဆေးသယ်ခိုင်းတဲ့ နောက်ကွယ်က လူတွေဟ။ သူတို့နဲ့ မဆိုင်ဘူး။ သူနဲ့ဆိုင်တယ်ဆိုရင်တောင် သူ့သမီးနဲ့ ဘာဆိုင်လို့လဲ။ မင်းမြန်မြန်သွားတော့။ သူတို့ မင်းကိုစောင့်နေကြတယ်။ သူ့အဖေက တာဝန်အရ....."

"ဟုတ်တယ် ခိုင်တို့ မိသားစုနဲ့မဆိုင်ဘူး။ သူတို့ စောင့်နေကြပြီ။ နောက်ကျနေပြီ အဖေ။ သား သွားတော့မယ်နော်"

ကျော်မျိုးသူ လက်ကနာရီကိုကြည့်ပြီး ဆိုင်ကယ်ကို ဝူးခနဲ မောင်းထွက်လာသည်။ ဒီနေ့မှ လမ်းက ရှည်နေသလို ကားက ပိတ်နေလေသည်။ လမ်းဆုံတစ်ခုအရောက်မှာ မီးမနီခင် အဝါရောင်သို့ပြောင်းနေလေပြီ။ မီးနီမိရင် စောင့်ဆိုင်းရမဲ့ကားတန်းကြီးက အရှည်ကြီးပင်။ သူက အလျင်လိုနေသူမို့ မီးနီမပြခင် ဟွန်းတီးပြီးဖြတ်အထွက် တစ်ဖက်က လှည့်ဝင်လာတဲ့ ကုန်တင်ကားကြီးက သူ့ဆီသို့ အရှိန်ပြင်းစွာဖြင့် ဝင်လာပြီး-

"ဒုန်း"

သူ့ခန္ဓာကိုယ်တစ်ခုလုံး မြောက်တက်သွားပြီး ပြန်အကျမှာတော့ ငှက်မွေးပမာ၊ ဝါဂွမ်းလိုလိုပေ့ါပါးစွာဖြင့် လေနှင်ရာသို့ တဖြည်းဖြည်းချင်း ပြန်ကျနေလေတော့သည်။

ငယ်စဉ်က ဖခင်ဖြစ်သူ မူးယစ်ဆေးဝါးသယ်ယူရောင်းချမှုဖြင့် လာရောက်ခေါ်ယူသွားစဉ် မြင်တွေ့ရသည့် ဖခင်၏နောက်ဆုံးအချိန်။ အဖေ့ကိုခေါ်သွားသည့် ရဲမှူးကြီးမျက်နှာ။ အဖေ ထောင်ထဲမှာဆုံးသွားပြီး မရေးမနှောင်းမှာပင် အမေလည်းဆုံးသွားခဲ့သောဖြစ်ရပ်များ။ အဘွားနှင့်အတူ နေခဲ့ရသည့်နေ့ရက်များ။ အဘွားဆုံးသွားပြန်သဖြင့် အဒေါ်ဖြစ်သူနှင့်နေထိုင်ခဲ့ရသည့် ကလေးဘဝ၊ အနှိမ်ခံဘဝဖြင့် အရိုက်အနှက်ခံခဲ့ရသော တစ်ကောင်ကြွက်အချိန်။ ဘုန်းဘုန်း၏ ခေါ်ယူမွေးစားမှု၊ ခိုင်နှင့်တွေ့ဆုံခဲ့ပုံ၊ ခိုင်ရဲ့ဖခင်ဟာ အဖေ့ကိုဖမ်းခေါ်သွားသည့် ရဲမှူးကြီးဖြစ်ပုံများက တစ်လှည့်စီအနေးကွက်ပြသလို ပြန်ပေါ်လာလေတော့သည်။

"အမေ သူမလာတော့ဘူးလားမသိဘူး။ သမီးတို့ အရှက်ကွဲပြီထင်ပါရဲ့"

ခိုင်တစ်ယောက် အမေဖြစ်သူကိုပြောပြီး မျက်ရည်များစီးကျနေလေတော့၏။ လူတစ်ယောက် ပျာယီးပျာယာဖြင့်ရောက်လာပြီး-

"ကိုကျော်မျိုးသူ မင်္ဂလာဆောင်ကိုလာရင်း လမ်းမှာ ကားတိုက်ပြီး ဆုံးပြီတဲ့"

"ရှင်"

ခိုင်တစ်ယောက် ကြားလိုက်ရသောစကားကြောင့် ရင်ဝမှစူးအောင့်မှုနှင့်အတူ အရုပ်ကြိုးပြတ် လဲကျသွားလေသည်။

"သမီး သမီးလေး အမယ်လေး ကယ်ကြပါအုံးရှင်။ သမီးလေးကို ကယ်ပါအုံး ဟီး ဟီး"

လူများစုရုံးရောက်ရှိလာပြီး ဆေးရုံပို့ရန် ပြင်ဆင်ကြလေသည်။

"ဆေးရုံအုပ်ကြီး Round လှည့်လာပါပြီရှင်။ လူနာစောင့်မှလွဲ၍ ကျန်သူများ အပြင်ထွက်ပေးကြပါ"

"ဆရာမ လူနာတွေများလှချည်လား။ ဘာဖြစ်ကြတာလဲ"

"တစ်ယောက်က ကားတိုက်ပြီးရောက်လာတဲ့ Case ပါ ဆရာ။ ဆေးရုံရောက်လာကတည်းက အသက်မရှိတော့ပါဘူး။ မိန်းကလေးကတော့ Heart attack နဲ့ ခုနကပဲ ဆုံးသွားပါတယ် ဆရာ"

"ကောင်လေးနဲ့ ကောင်မလေးတို့ သနားပါတယ်ဟယ်"

"အေးလေ"

တစ်ယောက်တစ်ပေါက်နဲ့ ပြောနေကြသော တစ်ဆက်တစ်ဆက်သောစကားတို့သည် အဓိပ္ပာယ်မဲ့စွာ ဟိုမှသည်မှ ထွက်ပေါ်လာလေတော့၏။

အလွန်ချစ်ခင်ကြသော ချစ်သူနှစ်ဦး၏ ကွေကွင်းမှုသည် ဆန်းကြယ်သော ကံကြမ္မာနှင့်အတူ မယုံကြည်နိုင်လောက်အောင် ထူးခြားထွေပြားလှ၏။

မတူကွဲပြားသော ကံကြမ္မာဖန်တီးမှုအခက်အခဲများနှင့် ရုန်းကန်ခဲ့ရသောကောင်လေးနှင့် အလွန်ချစ်ခင်တတ်သော ကောင်မလေးတို့၏ ချစ်ဇာတ်လမ်းသည် အပြစ်မဲ့ပေးဆပ်မှုသက်သက်သာဖြစ်ကြောင်း သိရှိကြ၍ ဘဝတစ်ခုခုတွင် ပြန်ဆုံကြမည်ဆိုပါက သူတို့နှစ်ယောက်ကို ပြန်ဆုံခွင့်ပေးပါဟူ၍သာ။

# စာပေအလင်း အမှောင်ခွင်း

ရှာသားဖိုးမောင်

**"စာအုပ်စာပေသည် ငြိးငွေ့နေလျှင် ပျော်ရွှင်စေ၏။
ဗဟုသုတ ပေးဝေ၍။
စိတ်အားငယ်က တက်ကြွစေ၏။
လောကုတ်လောကီ အဆီအနှစ်
အသစ်အကောင်း စုပေါင်းပညာ
ဝေဖြာရောင်လင်း အမှောင်ခွင်း၏"**

**မန်းတင်(၁၉၁၆-၁၉၉၇)**

လူတချို့က မြန်မာတွေစာဖတ်နည်းသွားကြပြီ။ စာအုပ်စာပေတွေ မဖတ်ကြတော့ဘူးဟု ပြောဆိုနေကြသည်ကို စာဖတ်သူကြားဖူးပါလိမ့်မည်။ အမြို့မြို့အရွာရွာတွင် စာအုပ်အငှားဆိုင်များ ကွယ်ပျောက်သွားခဲ့ကြသည်မှာလည်း အမှန်ပါ။ စာကြည့်တိုက်များတွင် စာလာဖတ်သူ၊ စာအုပ်ငှားသူလည်း နည်းပါးလှသည်ကို တွေ့ရပါလိမ့်မည်။ ကျောင်းစာကြည့်တိုက်၊ ရပ်ကွက်စာကြည့်တိုက်၊ ပြန်ကြားရေးစာကြည့်တိုက်နှင့် စာပေဗိမာန်စာကြည့်တိုက်တို့မှာကား စာလာဖတ်သူ ယခင်ကထက် နည်းသည့်အခါလည်းရှိ၏။ များသည့်အခါလည်းများပါ၏။ စာဖတ်သူဦးရေနည်းပါးခြင်း၊ များပြားခြင်းသည် စာကြည့်တိုက်များမှ ဝန်ထမ်းများ၏ စေတနာပါသော ဝန်ဆောင်မှုနွေးထွေးခြင်း၊ စာဖတ်ခြင်းကို ကူညီအားပေးခြင်း၊ စေတနာပါခြင်းတို့အပြင် လူနေမှု စားဝတ်နေရေးအဆင်ပြေမှု၊ မပြေမှု၊ ခရီးသွားလာရခြင်းလွယ်ကူမှု၊ ခက်ခဲမှု၊ မြို့ရွာလုံခြုံရေးနှင့် အေးချမ်းသာယာမှုစသော အခြေအနေအရပ်ရပ်၏ ဘက်ပေါင်းစုံနှင့်လည်း သက်ဆိုင်သည်။ စာအုပ်ကောင်းတွေဖတ်ချင်စဖွယ် ထွက်နေသည်ဟုကြားလျှင် ဖတ်နေကျစာဖတ်သမားများက စုပြုံ၍ ကျလာတတ်ကြသည်။ စာအုပ်သစ်၊ စာအုပ်ကောင်း၊ ဖတ်ချင်စဖွယ်ကောင်းအောင် ဆွဲဆောင်ထူးခြားသည့် စာအုပ်မျိုးမပါလျှင် စာဖတ်ပရိသတ် မတိုးလာပေ။

တိုးတက်သောနိုင်ငံများကလူများသည် စာဖတ်ကြသည်။ စာဖတ်သောလူမျိုးတို့သည် တိုးတက်ကြသည်ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကို ဆယ်နှစ်ကြာတာဝန်ယူခဲ့သူ ဦးသန့်ရေးဖူး၏။ ဦးသန့်သည် ပန်းတနော်မြို့သားဖြစ်ပြီး ဝါးခယ်မအထက်တန်းကျောင်းတွင်လည်း ကျောင်းအုပ်ဆရာကြီးလုပ်ခဲ့ဖူးသူဖြစ်ပါသည်။ စာဖတ်ခြင်းကို အလေ့အကျင့်ဖြစ်စေရန် ကျောင်းသားများကို အားပေးလေ့ရှိသည်။ သူကိုယ်တိုင်အချိန်ရသမျှစာကိုကြိုးစား၍ဖတ်နေတတ်သော စာသမားဖြစ်၏။ ထမင်းစားချိန်နှင့်ရေချိုးချိန်မှအပ သူ့လက်ထဲတွင် စာအုပ်တစ်အုပ်အမြဲကိုင်ထားလေသည်။ အမေရိကန်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်ထမ်းဆောင်စဉ်က သူ့အိမ်တစ်ခုလုံးစာကြည့်တိုက်သဖွယ် အခန်းတိုင်း စာအုပ်တွေနှင့်ပြည့်နေ၏။ စာဖတ်သူများသည် ပညာအမြော်အမြင်ပြည့်စုံ၍ ပညာပြည့်ဝသူများသည် စာဖတ်သူများဖြစ်ကြ၏။

စာဖတ်သူတိုင်းကနေရာတကာတွင် ခေါင်းဆောင်ဖြစ်လာချင်မှဖြစ်ပါမည်။ သို့ရာတွင် နယ်ပယ်တစ်ခုခု၌ ခေါင်းဆောင်ဖြစ်လာသူတို့သည် စာဖတ်သူများဖြစ်နေပါသည်။ နှစ်ဆယ်ရာစုကဲ့သို့ စာအုပ်စာရွက်နှင့် မဖတ်ကြသော်လည်း တယ်လီဖုန်းဖြင့်၊ တက်ဘလက်ဖြင့်၊ ကွန်ပျူတာဖြင့် စာရေးစာဖတ်နေကြသည်လည်း ယနေ့ခေတ်တွင် မြင်နိုင်ကြပါသည်။

လက်ကိုင်ဖုန်းဖြင့် စာဖတ်ကြသောလူငယ်စာဖတ်ပရိသတ်လည်း မနည်းပါ။ ဝတ္ထု၊ ဆောင်းပါး၊ သတင်းများကို ကြည့်သကဲ့သို့ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ ပို့ချချက်၊ ဘာသာရပ်ဟောပြောချက်များကို နားထောင်မှတ်သားကြည့်ရှုနေသူများလည်း မနည်းလှပါ။ ကြည့်ရှု၊ နားထောင်ရုံမျှမက မှတ်ချက်ရေးခြင်း၊ ဝေဖန်ချက်ပေးခြင်းအပြင် ဆဲဆိုခြင်း၊ လှောင်ပြောင်သရော်ခြင်းတို့လည်း ရေးတတ်ကြလေသည်။ မီဒီယာများသည် မိမိပရိသတ်၏အသံကို စာလုံးဖြင့် တုံ့ပြန်ချက်ရနေခြင်း မဟုတ်ပါလား။ တိုးတက်သောနည်းပညာခေတ်က မျက်နှာချင်းဆိုင်ပင်တွေ့၍ ပြော၍ရနေပေပြီ။

စာရေးသူနှင့်စာဖတ်သူ ပိုမိုထိကပ်လာ၏။ စာရေးသူအပေါ် စာဖတ်သူပရိသတ်အစားစားကလည်း တန်ဖိုးထားမှု၊ အားပေးမှု၊ တုံ့ပြန်မှုအမျိုးမျိုးပင်။ အချိန်ကာလရေစီးကြောင်းတွင် စာပေလုပ်ငန်း၊ စာအုပ်စာပေထုတ်ဝေရေးနှင့် စာဖတ်ပရိသတ်၏ သဘောထားနှင့် ခံယူချက်တို့သည်လည်း တရွေ့ရွေ့ပြောင်းလဲပါသည်။

**❖လက်ကိုင်ဖုန်းဖန်သားပြင်ပေါ်တွင် လက်ဖျားလေးထိ၍ ရေးနိုင်နေပြီ၊ ရေးတတ်ကြပြီဖြစ်သဖြင့် စာဖတ်သူများ အချို့က စာရေးသူများ ဖြစ်လာကြတော့သည်။ ကဗျာဖွဲ့သူကဖွဲ့၊ ဝတ္ထုရေးသူကရေး၊ ဆောင်းပါးတင်သူကတင် ပရိသတ်က အုတ်အော်သောင်းတင်း ထူးခြားစွာအောင်မြင်စေသော ကလောင်သစ်များပင် ပေါ်ထွက်လာခဲ့ကြလေသည်။ စာအုပ်ထုတ်ဝေလိုက်သောအခါ လက်ကိုင်ဖုန်းထဲမှာ ဖတ်ပြီးသား၊ ကြိုက်ပြီးသားမို့ ရောင်းလို့ကောင်းသော ပေါက်သွားသော စာအုပ်မျိုးတွေလည်းရှိလာခဲ့သည်။ စာရေးသူက အတိတ်အကြောင်းနည်းနည်းတင်ပြ၍ အနာဂတ်အတွက် အလေးအနက်တင်ပြလိုရင်းဖြစ်ပါသည်။❖**

အပြောင်းအလဲများစွာတို့တွင် အဆိုးရောအကောင်းပါတွေ့မြင်နိုင်ပါသည်။ ပစ္စုပ္ပန်အခြေအနေသည် လွန်ခဲ့သောအတိတ်ကာလ၊ လွတ်လပ်ရေးရစ၊ ၂၀ ရာစုခေတ်နှင့်ကား အတော်ပင်ဝေးကွာသွားခဲ့ပေပြီ။

ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နု၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း စသော ထိုအချိန်က (အသက် ၄၀ ဝန်းကျင်) နိုင်ငံရေးခေါင်းဆောင်များသည် ပြည်သူလူထုတစ်ဦးချင်းက ပညာအရည်အဆင့်နှင့် အတွေးအခေါ်မြင့်နေပါမှ ဒီမိုကရေစီနိုင်ငံတော်စနစ်အောင်မြင်မည်ဟု ခံယူကာ ပညာရေးကောင်းစေရန်၊ စာများများဖတ်ကြစေရန် စာအုပ်ကောင်းတွေခေတ်မီအောင်ထုတ်ဝေဖြန့်ချိရန် စီမံဆောင်ရွက်ခဲ့ကြပါ၏။ အမှန်အတိုင်းဝန်ခံရပါလျှင် ဘာသာပြန်စာပေအသင်းကြီးသည် နိုင်ငံတကာစာပေများကို ဟုတ်တိပတ်တိကျယ်ပြန့်စွာ ဘာသာမပြန်နိုင်ခဲ့ပေ။ မြန်မာပြည်ကို လေ့လာအတုယူပြီး အင်္ဂလိပ်စာမှ ဂျပန်သို့၊ အင်္ဂလိပ်စာမှထိုင်း(ယိုးဒယား)စာသို့ အစိုးရများက ထိရောက်ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ကြသဖြင့် နှစ်ပေါင်း ၇၀ ခန့်ကြာသောအခါ မြန်မာနိုင်ငံဘာသာပြန်စာပေသည် အများမြင်သည့်အတိုင်း ချောင်းငယ်မြောင်းငယ်မျှသာရှိနေချိန်ဝယ် ဂျပန်နှင့်ထိုင်းတို့၏ ဘာသာပြန်စာပေသည် မြစ်ကြီးများ၊ ပင်လယ်များသဖွယ်ကျယ်ပြန့်နေလေပြီ။

စာရေးသူသည် အမျိုးသားစာကြည့်တိုက်ကို အမှတ်ထင်ထင်မရောက်ဖူးပေ။ ကုန်သည်လမ်းတွင်ရှိသော စာပေဗိမာန်စာကြည့်တိုက်ကိုကား ဆယ်စုနှစ်ပေါင်းများစွာ စာဖတ်သူအဖြစ် အဆက်မပြတ်အားပေးဖတ်ရှုနေခဲ့သူဖြစ်ပါ၏။ သို့ဖြစ်၍ အမှန်အတိုင်းဝန်ခံရလျှင် စာအုပ်တွေဖတ်ချင်သမျှဝယ်မဖတ်နိုင်သော်လည်း စာပေဗိမာန်၏ကျေးဇူးဖြင့် စာအုပ်များစွာ လေ့လာဆည်းပူးခွင့်ရခဲ့သဖြင့် စာသမားမိမိအတွက် စာဖတ်သက်ရင့်ခဲ့ရပါ၏။ ကျေးဇူးအထူးတင်ရပါ၏။

ယနေ့ခေတ်ကား သတင်းခေတ်၊ မီဒီယာခေတ်ဖြစ်ပါသည်။ လျှင်မြန်သောအတက်အကျ၊ အကောင်းအဆိုးအမျိုးမျိုးကို တတ်နိုင်သမျှ အမီလိုက်၍ လေ့လာနေကြရပါသည်။ ကမ္ဘာပေါ်မှာတော့ တရံရောအခါက ကျယ်ပြန့်ခဲ့ကြသော စာနယ်ဇင်းများ၊ LIFE၊ NEWSWEEK၊ TIME၊ Reader's Digest စသည်တို့ပင်လျှင် ကွယ်ပျောက်သွားကြလေပြီ။ မြန်မာပြည် ပြန်ကြားရေးက အားထုတ်ခဲ့သော Open Mind, Spectrum, Guardian စသည့် စာစောင်များ၊ မဂ္ဂဇင်းများလည်း ဆက်လက်မရပ်တည်နိုင်ခဲ့ကြပေ။

လက်ကိုင်ဖုန်းဖန်သားပြင်ပေါ်တွင် လက်ဖျားလေးထိ၍ ရေးနိုင်နေပြီ၊ ရေးတတ်ကြပြီဖြစ်သဖြင့် စာဖတ်သူများ အချို့က စာရေးသူများဖြစ်လာကြတော့သည်။ ကဗျာဖွဲ့သူကဖွဲ့၊ ဝတ္ထုရေးသူကရေး၊ ဆောင်းပါးတင်သူကတင် ပရိသတ်က အုတ်အော်သောင်းတင်း ထူးခြားစွာ အောင်မြင်စေသော ကလောင်သစ်များပင်ပေါ်ထွက်လာခဲ့ကြလေသည်။ စာအုပ်ထုတ်ဝေလိုက်သောအခါ လက်ကိုင်ဖုန်းထဲမှာ ဖတ်ပြီးသား၊ ကြိုက်ပြီးသားမို့ ရောင်းလို့ကောင်းသော ပေါက်သွားသော စာအုပ်မျိုးတွေလည်း ရှိလာခဲ့သည်။ စာရေးသူက အတိတ်အကြောင်း နည်းနည်းတင်ပြ၍ အနာဂတ်အတွက် အလေးအနက်တင်ပြလိုရင်းဖြစ်ပါသည်။

စာအုပ်စာပေသည် ပညာနှင့်ဗဟုသုတကို ငွေကုန်ကြေးကျမများဘဲ ကြိုးစားလေ့လာဆည်းပူးသူအတွက်မူ ထူးခြားကြီးမားသော ကောင်းကျိုးရလဒ်ကို ပေးနိုင်စွမ်းရှိပါသည်။ အမေရိကန်သမ္မတလင်ကွန်း၊ ရုရှားစာရေးဆရာ မက္ကဇင်ဂေါ်ကီစသည့် နမူနာသာဓကပြစရာတွေများစွာရှိကြပါသည်။ မြန်မာပြည်မှာလည်း ဆရာရန်ကုန်ဘဆွေ၊ (ဒေးဒရဲဇာတိ ကျောင်းလုံးဝမနေဖူးဘဲ နိုင်ငံကျော်စာရေးဆရာဖြစ်လာသူ)၊ ပခုက္ကူဦးအုံးဖေ(ဘုန်းကြီးကျောင်းစာသာသင်ဖူးပြီး အတန်းကျောင်းမနေခဲ့ရသော်လည်း ထောင်သားဘဝ၊ ထောင်တွင်းကစာကြည့်တိုက်ကျေးဇူးဖြင့် စာဖတ်ကျင့်ရကာ) စာကိုမပြတ်လေ့လာရင်း စာအုပ်ခုနစ်အုပ်ရေးနိုင်ခဲ့သော စာပေအလှူရှင်။ စာပေကြောင့် ဘဝလမ်းကြောင်း ကောင်းမွန်စွာပြောင်းလဲလာသူပေါင်း မရေမတွက်နိုင်ပေ။

ပြောမှားဆိုမှား၊ အရေးအသားမှားများမဖြစ်ကြစေရန်၊ ဥပဒေကျင့်ဝတ်၊ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုအစဉ်အလာ၊ စည်းမျဉ်း၊ စည်းကမ်းကျင့်ထုံး စသည်တို့ တိုးတက်နိုင်သမျှ သိအောင်လေ့လာကြစေလိုသည်။ Law, Rules, Ethics, Custom, Discipline, Culture, Regulations etc အင်္ဂလိပ်လိုတတ်လျှင် အင်္ဂလိပ်လိုပါ ကြိုးစား၍ဖတ်သင့်ပါသည်။

မြန်မာစာ၊ မြန်မာစကားဖြင့်ရေးသဖြင့် တတ်နိုင်သမျှ လွယ်လွယ်ရှင်းရှင်းရေးစေလိုပါသည်။ လေ့ကျင့်ရင်းမှာ မိမိရေးသားသမျှ စာကောင်းပေမွန်ဖြစ်စေရန် ရည်မှန်းချက်ကြီးကြီးထားပါ။ (Think Big လူနေချို့ကြားဖြစ်သော်လည်း စိတ်နေဘုံဖျားဖြစ်ပါစေ။ အားပေးပါသည်။) အောက်ပါကောင်းခြင်းလက္ခဏာ ခြောက်ရပ်နှင့် ညီရမည်ဟုမှတ်သားပြီး လေ့ကျင့်သွားနိုင်ပါသည်။

**၁။ မှန်ကန်ရမည်။** စကားလုံး၊ ဝါကျ၊ သဒ္ဒါ၊ အစီအစဉ်၊ သတ်ပုံ၊ ရေးထုံး၊ အသံအတွဲအချ၊ အထူအပါးစသည်။

**၂။ ရှင်းလင်းရမည်။** သိသာ၊ ပေါ်လွင်၊ ပီသ၊ ထင်ရှား၊ နားဝင်လွယ်၊ သဘောပေါက်လွယ်ပါစေ။

**၃။ တိကျရမည်။** ဘယ်သူ၊ ဘယ်အချိန်၊ ဘယ်မှာ၊ ဘာကြောင့်၊ ဘာကို၊ ဘယ်လိုလုပ်ဟု ၆ ခုပြည့်စုံပါစေ။

**၄။ ကျစ်လစ်ရမည်။** မပိုမလို၊ မတိုမရှည်၊ အပိုအလိုမရှိအောင် ရေးတတ်ပါစေ။

**၅။ ပြေပြစ်ရမည်။** စကားပဲပြောပြော၊ စာပဲရေးရေး ပြေပြေပြစ်ပြစ်ဖြစ်ပါစေ။ မှန်ရာရေးတာဖြစ်သော်လည်း အရေးအသားမပြေပြစ်(မမှန်)ပါက အကျိုးမပြီးနိုင်ပေ။ ရေးပြီးတစ်ခေါက်အသံထွက်ပြန်ဖတ်ကြည့်ပါ။ ထစ်လျှင်၊ နားထောင်ရတာအဆင်မပြေပါက ပြေအောင်ချောအောင်ပြင်ရေးပါ။

**၆။ ဆီလျော်ရမည်။** ပရိသတ်၊ အချိန်အခါ၊ အခြေအနေ၊ ဆီလျော်စွာရေးရပါမည်။ နိဒါန်း၊ စာကိုယ်၊ နိဂုံး၊ ဦးတည်ချက်၊ အကြောင်းအချက်၊ လေသံ၊ ဟန်ပန်စသည်(အရေးအသားမှာဆိုလျှင် ခဲ့၊ ချ၊ စမ်း ချေ၊ တော့၊ နေ၊ နိုင်၊ ပေ၊ ပစ်၊ ပြန်၊ ရက်၊ ရှ၊ လေ၊ လှ၊ လွန်၊ လိုက်၊ လည်း၊ ဝံ့၊ သေး စသောကြိယာထောက်ပုဒ်များ ဆီလျော်စွာထည့်တတ်ရပါမည်)ဆီလျော်ရပါမည်။

("မှန်၊ ရှင်း၊ တိ၊ ကျစ်၊ ပြေပြစ်၊ ဆီလျော်"ဟု ကျက်မှတ်ထားပါ)

စိတ်ကူးပေါ်ရာလက်ကိုင်ဖုန်းပေါ်မှာ သတင်းရေးသူ၊ ကဗျာဝတ္ထုရေးသူများ လေ့ကျင့်ရင်းပင် စာရေးနည်းပိုမိုကောင်းမွန်လာကြပါလိမ့်မည်။ အဓိကအချက်မှာကား စာများများဖတ်ဖြစ်အောင်ဖတ်ရန်ပင်ဖြစ်ပေသည်။ စာဖတ်သူများ ဆက်လက်တိုးတက်အောင်မြင်ကြဦးမည်။

စကားဖြစ်စေ၊ စာပေလက်ရာဖြစ်စေ၊ ပရိသတ်က အကဲခတ်တန်ဖိုးဖြတ်စမြဲဖြစ်ပါသည်။ တန်ဖိုးရှိအောင် ဘယ်လိုပြောရသနည်း၊ မည်သို့ရေးရမည်နည်း။ အကဲဖြတ်တန်ဖိုးမြင့်စေရန်(နည်းသိလျှင် အလွယ်လေး) အောက်ပါအဓိကအချက် ၆ ချက်ကောင်းမွန်အောင်ဆောင်ရွက်ရပေမည်။ အကျယ်ကိုမူစာဖတ်သူကိုယ်တိုင် ဆက်လက်လေ့လာစေလိုသည်။

**၁။ ဖတ်ချင်စဖွယ်ရှိရပါမည်။ Readability**
**၂။ အရင်းအမြစ်ကိုးစားနိုင်မှု။ Reliability**
**၃။ အကြောင်းအချက်ခိုင်လုံမှု။ Validity**
**၄။ စံများနှင့်ကိုက်ညီခြင်း။ Standardigation**
**၅။ ဆောင်ရွက်စဉ်နှင့်ဖွဲ့စည်းမှု။ Procudure**
**၆။ ကောင်းကျိုးပြုနိုင်စွမ်း။ Outcome Benefit**

စာကိုလွယ်ကူစွာရေးနိုင်သော အချိန်အခါအခွင့်အလမ်း၌ ရေးချင်တိုင်းမရေးရ၊ ရေးချင်သလိုမရေးရ။ အရှည်မြော်မြင်နိုင်မှရေးပါ။ အနာဂတ်မျှော်မှန်းချက်နှင့်ရေးပါ။ ရည်မှန်းချက်တာဝန်သတ်မှတ်၍ရေးပါ။ ဥပမာ

**၁။ လောကကောင်းကျိုးသယ်ပိုးမည်။**
**၂။ မိဘအကျိုး၊ လူမျိုးအကျိုးဆောင်ရွက်မည်။**
**၃။ မိမိကိုယ်ကို တိုးတက်အောင် အလေ့အကျင့်ကောင်းများဖြင့် ပျိုးထောင်မြှင့်တင်မည်။ အောင်မြင်ကြပါစေ။**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၉၆၈၃ ဧက စိုက်ပျိုးပြီးစီး



**တန့်ဆည် စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၉၆၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၇၁၅၂ ဧကနှင့် ဖူးစားပြောင်း ၁၀၁၆ ဧက စုစုပေါင်း ၈၁၆၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိအစေ့ထုတ်ပြောင်း ၇၀၁၁ ဧကနှင့် ဖူးစားပြောင်း ၂၆၇၂ ဧက စုစုပေါင်း ၉၆၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၈၁၆၈ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၉၆၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းစိုက်ပျိုးမှုအနေနဲ့ လက်ရှိအချိန်မှာတော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့်ချင်း၊ ဇရုတ်ပိုးသတ်ဆေးအသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း သီးနှံစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့် ကုန်ကျကြောင်းနှင့်ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်း ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့် ကုန်ကျကြောင်း သိရသည်။ (၂၀၆)

# ဥတ္တရသီရိမြို့နယ် နန်ချွန်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**နေပြည်တော် စက်တင်ဘာ ၂**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နန်ချွန်ကျေးရွာ၌ စတုတ္ထအကြိမ်မြောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေများ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် ဝန်ထမ်းများက နန်ချွန်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုတိုးချဲ့ လုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက နန်ချွန်ကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံသို့ စီမံကိန်း ရန်ပုံငွေကျပ် ၂၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက နန်ချွန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၆၉ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)မှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်ထံမှ သိရသည်။ ကိုညို

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်အတွင်း ငါးမုတ်ငါးပိသာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ငါးမုတ်ငါးပိသာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးနွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ငါးမုတ်ငါးပိသာချိန် ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးမုတ်ငါးပိသာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်ငါးများကို ပြည်တွင်းဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လပထမပတ်ကစပြီး ငါးမုတ်ငါးတွေက တင်ပို့ရောင်းချအားကောင်းလာခဲ့တာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးမုတ်ငါးပိသာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမုတ်ငါးတွေ ဝယ်ယူမှုများပြားလာလို့ တင်ပို့မှုကောင်းခဲ့တာပါ။ ကုန်တင်ပို့မှုတက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်" ဟု လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးနွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်ငါးများအပါအဝင် ဒေသထွက်ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျဆေးကြောသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှ အခြားဒေသများသို့ ပြန်လည်တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ လက်ရှိတွင် တစ်ရက်လျှင် ငါးမုတ်ငါးပိသာချိန် ၁၀ လျှင် ငွေကျပ် ၁၁၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# သရက်မြို့နယ် ပျဉ်ထောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းစစ်ဆေး

**သရက် စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်ထောင်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ပျဉ်ထောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးစေရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပျဉ်ထောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၆၅ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ပျဉ်ထောင်ကျေးရွာရှိ အိမ်ခြေ ၉၈ အိမ်မှ လူ ၃၇၆ ဦးတို့အတွက် ရာသီမရွေး သွားလာရေး လွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။ **ငြိမ်းသူ(စလင်း)**

# မိုင်းကိုင်မြို့နယ် နမ့်ခိုက်ကျေးရွာ၌ VDPစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်း

**မိုင်းကိုင် စက်တင်ဘာ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွိုင်ကုန်ကျေးရွာအုပ်စု နမ့်ခိုက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရေးဦးစွာ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် နမ့်ခိုက်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူ၍အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့်စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဦးစီးအရာရှိ ဦးအောင်လှိုင်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာတက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**

# ဂါဘွန်အစိုးရက ရှားပါးသစ်မျိုးစိတ်ဖြစ်သည့် ကီဗာဇင်ဂိုသစ်ပင်များကို သစ်ထုတ်လုပ်ရန်ခွင့်ပြု



လိုင်ဘရီဗယ်လီ စက်တင်ဘာ ၂

ဂါဘွန်နိုင်ငံအစိုးရက ရှားပါး သစ်မျိုးစိတ်ဖြစ်သည့် ကီဗာဇင်ဂို သစ်ပင်များကို သစ်ထုတ်လုပ်ရန် ခွင့်ပြုခဲ့ကြောင်း ယနေ့သတင်းများ အရ သိရသည်။

ဂါဘွန်အစိုးရသည် သစ်ထုတ် လုပ်ခွင့်ပါမစ်အတွက် ခွင့်ပြုပေးခဲ့ ရာတွင် ကမ္ဘာ့ရှားပါးသစ်မျိုးစိတ် ဖြစ်သည့် ကီဗာဇင်ဂိုသစ်အမျိုး အစားဖြစ်ပြီး ကီဗာဇင်ဂိုသစ်တော ကြိုးဝိုင်းအတွင်း သစ်ထုတ်လုပ် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ကီဗာ ဇင်ဂိုသစ်အမျိုးအစားသည် သစ်မာ အနွယ်ဝင် မျိုးစိတ်တစ်ခုဖြစ်ပြီး မီတာ ၄၀ ထိ မြင့်မားလာစေရန် အတွက် နှစ်ပေါင်း ၅၀၀ ကြာစိုက် ပျိုးရသည့် သစ်အမျိုးအစားလည်း ဖြစ်ကြောင်း၊ ကီဗာဇင်ဂိုသစ်အမျိုး အစားကို အာရှတိုက်ရှိနိုင်ငံများက အသုံးများပြီး စားပွဲခုံကြီးများ ပြုလုပ်ရာတွင်လည်းကောင်း၊ ဂီတာ ကောင်းများ ပြုလုပ်ရာတွင်လည်း ကောင်း အဓိကအသုံးပြုကြ ကြောင်း သိရသည်။

"နိုင်ငံရဲ့ စီးပွားရေးနဲ့ ပြည်သူ တွေရဲ့ အလုပ်အကိုင်အခွင့်အလမ်း တွေအတွက် သစ်ထုတ်လုပ်ခွင့်ပြု ခဲ့တာဖြစ်ပါတယ်။ သစ်တောနဲ့ ပတ်သက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုး တက်မှုတွေကို မြှင့်တင်နိုင်အောင် ဆောင်ရွက်သွားပါမယ်"ဟု ဂါဘွန် အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ကမ္ဘာ့တစ်ဝန်း သဘာဝပတ် ဝန်းကျင်ထိန်းသိမ်းရေးအတွက် အဓိကကျသော သစ်တောပြုန်း တီးမှုကာကွယ်ရေးအတွက် အရှိန် အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ သော်လည်း ဂါဘွန်အစိုးရက သစ် ထုတ်လုပ်ရေးကုမ္ပဏီများကို သစ် ထုတ်လုပ်ခွင့်များ ခွင့်ပြုလိုက် သည့်အတွက် နိုင်ငံတကာမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေး တက်ကြွလှုပ်ရှားသူများက ဂါဘွန်အစိုးရ၏ ဆုံးဖြတ်ချက်အပေါ် ဝေဖန်မှုများ ပြုလုပ်လာကြသည်။

ဂါဘွန်နိုင်ငံအနေဖြင့် ပြည်ပ သို့ ထုတ်ကုန်တင်ပို့ရောင်းချနိုင် ရေးကို အလေးထားဆောင်ရွက် သွားမည်ဖြစ်သည့်အတွက် ရှားပါး သစ်မျိုးစိတ်များကို သစ်ထုတ်လုပ် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဂါဘွန် အစိုးရက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ရှန်ရှန်တိုင်ဖွန်းမုန်တိုင်း အားပျော့သွားပြီဖြစ်သဖြင့် တိုင်ဖွန်းမုန်တိုင်းအဆင့်မှ လျှော့ချပြီး သာမန်မုန်တိုင်းအဖြစ်သတ်မှတ်

တိုကျို စက်တင်ဘာ ၂

ဂျပန်နိုင်ငံသို့ တိုင်ဖွန်းမုန်တိုင်း အသွင်ဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ သော ရှန်ရှန်တိုင်ဖွန်းမုန်တိုင်းသည် စက်တင်ဘာ ၁ ရက်တွင် အားပျော့ သွားပြီဖြစ်သဖြင့် ရှန်ရှန်တိုင်ဖွန်း မုန်တိုင်းကို တိုင်ဖွန်းမုန်တိုင်းအဆင့် မှလျှော့ချပြီး သာမန်မုန်တိုင်း အဖြစ် သတ်မှတ်ကြောင်း Japan Meteorological Agencyက ထုတ် ပြန်သွားခဲ့သည်ဟု ယနေ့သတင်း များအရ သိရသည်။

ဂျပန်နိုင်ငံတွင် ရှန်ရှန်တိုင်ဖွန်း မုန်တိုင်းကြောင့် သေဆုံးသူခုနစ်ဦး ရှိခဲ့ပြီး ပျက်စီးဆုံးရှုံးမှုအမြောက် အမြားရှိခဲ့ကြောင်း၊ မုန်တိုင်းကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသော် လည်း မုန်တိုင်းတိုက်ခတ်မှုအခြေ အနေ တည်ငြိမ်သွားပြီဖြစ်သည့် အတွက် တိုင်ဖွန်းမုန်တိုင်းအဆင့်မှ လျှော့ချသတ်မှတ်လိုက်ပြီဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်း များ စတင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ရှန်ရှန်တိုင်ဖွန်းမုန်တိုင်းဟာ အားပျော့သွားပြီဖြစ်တဲ့အတွက် တိုင်ဖွန်းမုန်တိုင်း အဆင့်ကနေ လျှော့ချလိုက်ပြီ ဖြစ်ပါတယ်။ မုန်တိုင်းအခြေအနေ စိုးရိမ်စရာ မရှိတော့ပေမဲ့လဲ ပစိဖိတ်သမုဒ္ဒရာ ပိုင်းမှာတော့ လေထုဖိအားတွေ မတည်မငြိမ် ဖြစ်နေဆဲဖြစ်တဲ့ အတွက်ကြောင့် အထူးသတိပြုရ မှာဖြစ်ပါတယ်"ဟု Japan Meteorological Agency မှ ပြောရေး ဆိုခွင့်ရှိသူတစ်ဦးက ပြောကြား သွားခဲ့သည်။

မုန်တိုင်းအဆင့်ကို လျှော့ချ လိုက်ပြီဖြစ်သော်လည်း စံချိန်တင် မိုးရွာသွန်းခဲ့သည့်အတွက်ကြောင့် ဂျပန်နိုင်ငံ အနောက်ဘက်ပိုင်းနှင့် အရှေ့ဘက်ပိုင်းတို့တွင် မြစ်ရေ လျှံတက်မှု ဖြစ်ပေါ်နေဆဲဖြစ်ပြီး ရေဘေးအန္တရာယ်ကို အထူးသတိ ပြုရန်လည်း ဒေသခံများကို ဂျပန် အာဏာပိုင်အဖွဲ့အစည်းက ထုတ် ပြန်သွားခဲ့သည်။

မုန်တိုင်းအခြေအနေကို လျှော့ ချလိုက်ပြီဖြစ်သော်လည်း ကျည်ဆန် ရထားများကို ရပ်နားထားမည် ဖြစ်ကြောင်း ဂျပန်အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Xinhua News

Trs : Sai Sat

# ဘရာဇီး အမေဇုန်မိုးသစ်တောတွင် ဩဂုတ်လအတွင်း တောမီးလောင်ကျွမ်းမှု ၁၄နှစ်တာကာလအတွင်း အမြင့်ဆုံးဖြစ်ခဲ့

ဘရာဇီးလီးယား စက်တင်ဘာ ၂

ဘရာဇီးနိုင်ငံ၏ အမေဇုန်မိုး သစ်တောတွင် ဩဂုတ်လအတွင်း တောမီးလောင်မှုသည် ၁၄နှစ် တာကာလအတွင်း အမြင့်ဆုံးဖြစ် ခဲ့ကြောင်း အစိုးရ၏ကောက်ယူ ထားသော အချက်အလက်များ၌ ဖော်ပြထားသည်ဟု ယနေ့ သတင်းများအရ သိရသည်။

အယ်နီညိုရာသီဥတုဖြစ်စဉ် ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုနှစ်တွင် အမေဇုန်မိုးသစ်တောအတွင်း တော မီးလောင်ကျွမ်းမှုများ မြင့်တက်ခဲ့ ကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ်က လည်း မိုးရွာသွန်းမှုသည် ပုံမှန် ရွာသွန်းမှုထက် နောက်ကျခဲ့ သည့်အပြင် မိုးရွာမှုနှုန်းလည်း နည်းခဲ့ကြောင်း သိရသည်။

"ဒါက ရာသီဥတုပြောင်းလဲမှုနဲ့ အယ်နီညိုဖြစ်စဉ်တို့အပြင် လူတွေ လုပ်တဲ့ မြေယာအသုံးပြုမှုအပြောင်း အလဲတွေဟာ တောမီးလောင်ကျွမ်း မှုမြင့်တက်စေတဲ့ အဓိကအခန်း ကဏ္ဍကနေ ပါဝင်နေပါတယ်"ဟု National Institute for Space Research(Inpe)မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။



ယခုနှစ် ဩဂုတ်လတွင် အမေ ဇုန်မိုးသစ်တောအတွင်း တောမီး လောင်ကျွမ်းမှုဖြစ်ပွားသည့်နေရာ ၃၈၂၆၆ ခုထိရှိခဲ့ကြောင်း၊ အဆိုပါ အရေအတွက်သည် ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက နှစ်ဆကျော် ပိုများလာကြောင်း Inpe ၏ ထုတ်ပြန်ချက်အရ သိရသည်။

Ref : Xinhua News

Trs : KZ

# ဩစတြေးလျနိုင်ငံတွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံး

ကင်ဘာရာ စက်တင်ဘာ ၂

ဩစတြေးလျနိုင်ငံတောင်ပိုင်း တွင် လေပြင်းတိုက်ခတ်ပြီး မိုး သည်းထန်စွာ ရွာသွန်းမှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ ကြောင်း နိုင်ငံအာဏာပိုင်များက ပြောကြားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံတောင်ပိုင်း တွင် လေပြင်းတိုက်ခတ်ပြီး မိုး သည်းထန်စွာ ရွာသွန်းမှုကြောင့် ဗစ်တိုးရီးယားပြည်နယ်နှင့် နယူး ဆောက်ဝေးပြည်နယ်ကြားရှိအပန်း ဖြေပန်းခြံတစ်ခု၌ သစ်ပင် တစ်ပင်လဲကျမှုကြောင့် အသက် ၆၃ နှစ်အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း အရေးပေါ်ဝန် ဆောင်မှုဌာနက ထုတ်ပြန် သွားခဲ့သည်။

ဗစ်တိုးရီးယားပြည်နယ် အရေး ပေါ်ဝန်ဆောင်မှုဌာနသည် ကယ် ဆယ်ပေးရန်အတွက် ဖုန်းခေါ်ဆိုမှု ပေါင်း ၂၈၀၀ ကျော်ကို တစ်ည အတွင်း လက်ခံရရှိခဲ့ကြောင်း၊ လေပြင်းတိုက်ခတ်ပြီး မိုးသည်း ထန်စွာရွာသွန်းမှုကြောင့် သစ်ပင် များပြိုလဲမှုနှင့် အဆောက်အအုံ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လေတိုက်နှုန်းသည် တစ်နာရီ လျှင် ကီလိုမီတာ ၁၅၀ ခန့် တိုက် ခတ်မှုကြောင့် ပြည်နယ်အရှေ့ တောင်ဘက် ကမ်းရိုးတန်းအများစု တွင် မိုးလေဝသသတိပေးချက်များ ဆက်လက်ထားရှိဆဲဖြစ်ကြောင်း၊ ဗစ်တိုးရီးယားပြည်နယ်အာဏာပိုင် များက ကမ်းရိုးတန်းဒေသများတွင် အန္တရာယ်ရှိသော လှိုင်းလုံးကြီး များ ကမ်းပြိုကျမှုဖြစ်နိုင်သည့် အပြင် မြေနိမ့်ပိုင်းဒေသများတွင် လည်း ရေကြီးရေလျှံမှုများဖြစ်ပေါ် နိုင်သောကြောင့် သတိပြုနေထိုင် ကြရန် သတိပေးချက်ထုတ်ပြန် ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# တူရကီယဲနိုင်ငံတွင် မြေငလျင်ဒဏ်သင့် ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတကာမှ အကူအညီအဖြစ် ကန်ဒေါ်လာ လေးဘီလီယံထိရရှိ

အင်ကာရာ စက်တင်ဘာ ၂

တူရကီယဲနိုင်ငံတွင် မြေငလျင် ဒဏ်သင့်ပြည်လည်ထူထောင်ရေး လုပ်ငန်းများအတွက် နိုင်ငံတကာ မှ အကူအညီအဖြစ် အမေရိကန် ဒေါ်လာလေးဘီလီယံထိ ရရှိခဲ့ ကြောင်း တူရကီယဲဘဏ္ဍာရေး ဝန်ကြီး ဆင်မ်ဆက်ခ်က ပြော ကြားခဲ့သည်ဟု ယနေ့သတင်းများ အရ သိရသည်။

တူရကီယဲနိုင်ငံတွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်က ပြင်းအား ၇ ဒသမ ၈ မဂ္ဂနီကျူရှိသည့် မြေငလျင် လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး တူရကီယဲ နိုင်ငံအလယ်ပိုင်းနှင့် တောင်ဘက် ပိုင်းတို့တွင် ကြီးမားသော ပျက်စီး ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရ ကြောင်း၊ အဆိုပါမြေငလျင် ကြောင့် သေဆုံးသူ ၅၃၅၃၇ ဦးရှိ ခဲ့ပြီးထိခိုက်ဒဏ်ရာရရှိသူ ၁၀၇၂၀၃ ဦးထိ ရှိခဲ့ကြောင်း၊ လူနေအိမ်ခြေ ပေါင်း ၅၁၈၀၀၀ လုံးထိ ပျက်စီးခဲ့ ပြီး လူနေအထပ်မြင့် အဆောက် အအုံ ၃၄၅၀၀၀ ထိ ပျက်စီးခဲ့ ကြောင်း သိရသည်။

"၂၀၂၃ ခုနှစ်က အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်နဲ့ ရင်ဆိုင် ခဲ့ရတယ်။ နိုင်ငံရဲ့သမိုင်းမှာ အဆိုး ရွားဆုံးသော ပျက်စီးဆုံးရှုံးမှုဖြစ်ပါ တယ်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို အမြန်ဆုံးဆောင် ရွက်သွားဖို့အတွက် ပြည်ပက အကူအညီနဲ့ပြည်တွင်းအားပူးပေါင်း ဆောင်ရွက်သွားဖို့ ကြိုးစားခဲ့ တယ်။ ပြည်ပကနေ လုံလောက် တဲ့ အကူအညီ ရရှိထားပါပြီ"ဟု တူရကီယဲ ဘဏ္ဍာရေးဝန်ကြီး ဆင်မ်ဆက်ခ်က ပြောကြားခဲ့သည်။

ကြီးမားသော ပျက်စီးဆုံးရှုံးမှု များဖြင့် ရင်ဆိုင်ခဲ့ရသည့်အတွက် တူရကီယဲနိုင်ငံအနေဖြင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန် အခက်အခဲရှိနေ သောကြောင့် ပြန်လည်ထူထောင် ရေးအတွက် နိုင်ငံတကာက အကူ အညီပေးခဲ့ပြီး ဩဂုတ် ၃၁ ရက်ထိ နိုင်ငံတကာမှ ပံ့ပိုးပေးခဲ့သော အမေရိကန်ဒေါ်လာမှာ စုစုပေါင်း လေးဘီလီယံထိ ရှိခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# လူသားအရင်းအမြစ်ကို အရင်းအနှီးပြုခြင်း

ထက်အောင်လှူ(နံ့သာမြေ)

ရှေးယခင်က ရေအခက်အခဲ၊ ငွေအခက်အခဲ၊ သဘာဝသယံဇာတအခက်အခဲတို့ရှိခဲ့သော စင်ကာပူနိုင်ငံသည် လူသားအရင်းအမြစ်ကိုအရင်းအနှီးပြု၍ ယနေ့ကမ္ဘာ့ထိပ်ဆုံးနိုင်ငံအဖြစ် တည်ရှိနေသည်။ ထိုအခြေခံအကြောင်းရင်းကို လူအများစုသိကြသော်လည်း အသိနောက်၌ အကျင့်ပါရေးခက်ခဲနေကြ၍သာ ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေကြပေသည်။ သိရုံနှင့်မလုံလောက် လုပ်ဖြစ်အောင်လုပ်ရန် လိုအပ်သည်။ သဘာဝသယံဇာတများသည် ထုတ်ယူမှုများပြားပါမူ ကုန်ခန်းနိုင်ပါသော်လည်း လူ့ဉာဏစွမ်းအားတို့သည် မကုန်ခန်းနိုင်၍ လူကို အသေအချာပြုစုပျိုးထောင်ကာ စီးပွား၊ လူမှု၊ ပညာရေးတို့၌ တိုးတက်အောင် ဆောင်ရွက်ကြရပေမည်။ သို့မှသာ ဉာဏမြင့်သောလူ့အဖွဲ့အစည်း၊ တော်သောလူ့အသိုင်းအဝိုင်းဖြစ်ပါပေမည်။

သယံဇာတဆိုသည်မှာ မြေပေါ်မြေအောက်၌ သဘာဝအတိုင်းဖြစ်ပေါ်နေသော ဝတ္ထုပစ္စည်းဟု ဆို၏။ စင်ကာပူနိုင်ငံတွင် သောက်သုံးရေမရှိ၍ မလေးရှားမှ ဝယ်ယူသောက်သုံးရသကဲ့သို့ ဟင်းသီးဟင်းရွက်များကိုလည်း ပြည်ပနိုင်ငံများမှ ဝယ်ယူကြရသည်။ စင်ကာပူဝန်ကြီးချုပ်လီကွမ်ယုက ဦးဆောင်၍ လူမှုဖွံ့ဖြိုးရေးထူထောင်ခဲ့သည်။ စင်ကာပူနိုင်ငံအတွင်း မည်သည့်သယံဇာတရှိသည်ကိုရှာဖွေရာ၌ လူများသာတွေ့ရ၍ လူကိုအရင်းအနှီးတစ်ခုအဖြစ်ထားကာ ပြုစုပျိုးထောင်သောအခါ ယနေ့ခေတ်မီဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းအဖြစ် အံ့မခန်းတွေ့နေကြရသည်။ ဒုက္ခနှင့်လူမှုအခက်အခဲတို့သည် လောကဓံသဘောတရားအရ သေချာပေါက်ရှိကြပါပေ၏။ စာရေးသူတို့လူ့လောကတွင်သာမက သတ္တလောကတစ်ခုလုံးနှင့် ဩကာသလောကတစ်ခုလုံး၌ရှိသည်။ ထို့ကြောင့် အဆင်မပြေမှုတို့ကို အန်တုကြံ့ကြံ့ခံလျက် ရှင်သန်နေထိုင်ကြရပေမည်။ ဩကာသလောက၌ သစ်ပင်တို့သည် ပျက်စီးမှုအကြောင်းအကျိုး၊အကောင်းအဆိုးသဘောတရားလောကဓံကို ရဲရဲရင်ဆိုင်ကြရပေ၏။

တစ်ကိုယ်ရေရှင်သန်ရေးအတွက် ထိုအခက်အခဲတို့ကို ကျော်လွှားကြရသည်။ စိတ်ပျက်အားငယ်ခြင်းမရှိ အရှုံးမပေးသော စိတ်ခွန်အားတို့ဖြင့် အဆင့်ဆင့်အထပ်ထပ် ပြန်လည်ထူထောင်ကြရသည်။ ထိုသဘောတရားကို ဆရာကြီးမင်းသုဝဏ်က ပျဉ်းမငုတ်တိုကဗျာ၌ "ထိုပင်ငုတ်တို၊ ပျဉ်းမအိုသည် စစ်ကိုလည်းကြုံ၊ ခြအုံလည်းဖြစ် ဓားထစ်လည်းခံ၊ နေလျှံလည်းတိုက် လေပြင်းခိုက်လျက်၊ မငိုက်ဦးခေါင်း နွေသစ်လောင်းသော် ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေ၍ လေပြည်ထဲတွင်၊ ငယ်ရုပ်ဆင်သည် အသင်ယောကျ်ားကောင်းတကား"ဟု ဝီရသတ္တိရှိကြရေး အတုယူကြရန် မီးမောင်းထိုးပြထားသည်။

သစ်ပင်တို့သည် လောကဓံမည်မျှကြမ်းပါစေ ရှင်သန်ရေးလမ်းစဉ်နှင့်အညီ ကုပ်တွယ်လျက် မြေကြမ်း၊ လေကြမ်း၊ ရေကြမ်းတို့ကို မဖြုံစတမ်း ကြိုးပမ်းအားပြုကာ ရှင်သန်ကြပေသည်။ ထို့အတူ စာရေးသူတို့သည်လည်း မည်မျှခက်ခဲနေသည့်တိုင် မဟာဇနကမင်းသား၏ လုံ့လဖွဲ့ဉာဏ်ပညာကိုစံပြု၍ အလိုရှိရာပန်းတိုင်သို့ တက်ကျိုးသော်လည်း လက်ထိုးလော်ရဲသော ကူးခပ်ခြင်းဝါယမထားကြရမည်။ စာရေးသူတို့သည် လက်လျှော့အရှုံးပေးမှုမပြုပါဘဲ အရှေ့ကိုမျှော်လျက် မဆုတ်မနစ်ကြိုးကုတ်ဆောင်ရွက်ရမည်။

**အားသာချက်ရှာဖွေခြင်း**

လောကဓံသဘောတရားအရ မိမိသည် ဆင်းရဲသူဖြစ်ခဲ့ပါသော်လည်း အားငယ်စရာမလိုပါပေ။ ကမ္ဘာကျော်နိုင်ငံ့ခေါင်းဆောင်နှင့် ကြွယ်ဝချမ်းသာသောပုဂ္ဂိုလ်အများစု၏ အတိတ်ကာလများသည် ဆူးနွယ်တလင်းနှင့် ခလုတ်ကျင်းတို့ ရောပြွမ်းနေတတ်၏။ သောကတဝေဝေနှင့် အဆင်မပြေကြသူများဖြစ်ကြသည်။

သို့သော် ထိုအရာတို့ကို ကျော်ဖြတ်ခဲ့ပါ၍ အောင်မြင်မှုသရဖူဆောင်းနိုင်ခဲ့ကြ၏။ ထို့ကြောင့် စာရေးသူတို့သည် မိမိ၏စိတ်ကို အပြုသဘောဆောင်ကာ ဆင်ခြင်တတ်ရန်လိုအပ်လှသည်။ လုပ်လျှင်ဖြစ်သည်ဟူသော မိမိ၏လုပ်နိုင်စွမ်းကို သိရှိနားလည်ကြရမည်။ "ယောကျ်ားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း ရမြဲလမ်း"ဟု အဆိုနှင့်အညီ နှလုံးသွင်းရပေမည်။

လောက၌ ပြီးပြည့်စုံသောလူဟူသည်မရှိပါပေ။ တစ်ခုမဟုတ်တစ်ခု လိုအပ်ချက်တို့နှင့်သာ ရှင်သန်နေကြရပေသည်။ ခြေနှစ်ချောင်းသတ္တဝါများဖြစ်သော ငှက်တို့သည် တောင်ပံများကိုဖြန့်လျက် အလိုရှိရာ ကောင်းကင်၌ ပျံဝဲနေထိုင်နိုင်ကြသည်။ ငှက်တို့သည် ဆင်၊ မြင်းတို့ကဲ့သို့ အားအင်ကြီးမားမှုကို မတောင့်တကြပါဘဲ မိမိ၏ ဖြစ်တည်မှုအားသာချက်နှင့် လှုပ်ရှားရုန်းကန်ရှင်သန်နေကြသည်။ ခြေလေးချောင်းသတ္တဝါများဖြစ်သော ဆင်၊ မြင်း၊ ကျွဲ၊ နွားတို့သည်လည်း တောင်ပံများကို မမက်မောကြသကဲ့သို့ ကောင်းကင်ပေါ် မပျံဝဲနိုင်သည့်တိုင် မြေပြင်၌ မိမိတို့ဖြစ်တည်မှုအလျောက် ရှင်သန်ကြပေ၏။ ဘဝတွင်ရုပ်ရည်မလှပသူဖြစ်နေသည့်တိုင် စိတ်ပျက်အားငယ်စရာမလိုပါဘဲ ဘဝကို ရှင်သန်တတ်ရပေမည်။ ရုပ်ရည်ချောမောလှပသူတို့သည် လူအများ၏ စိတ်ဝင်စားမှုခံရကာ ခရီးလမ်း၌ တစ်ခါတစ်ရံ အနှောင့်အယှက်များပင်ဖြစ်တတ်သည်။ ရုပ်ရည်မလှသူတို့သည် မိမိတို့၏အားသာချက် လုံ့လဝီရိယနှင့်ပညာရေး၌ အထွတ်အထိပ်ရောက်ရှိကြသူများ ဒုနဲ့ဒေးပင်ရှိပါပေ၏။

လောကသည် ဒွန်တွဲလောကဖြစ်၍ ညဉ့်နက်ခြင်းသည်ပင် အရုဏ်နှင့်နီးကပ်နေသကဲ့သို့ လောကဓံမုန်တိုင်းတို့နောက်၌ လေပြည်လေညင်းတို့ကပ်ပါလာစမြဲပါပေ။ မိမိသည် မတော်သေးလျှင် တော်အောင် စွမ်းဆောင်ကြိုးကုတ်ပြုလုပ်ရမည်။ မတတ်သေးလျှင် တတ်အောင်သင်ယူလေ့ကျင့်ရမည်။ မိမိသည် တစ်ပါးသူထက် တော်သူတတ်သူဖြစ်ရန် လုံ့လဝီရိယနှင့် ကြိုးကုတ်စွမ်းဆောင်ရပေမည်။ အသက်မွေးမှု အတတ်ပညာသင်ယူကာ လျှောက်လှမ်းကြရမည်။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ဆန်းစစ်ကာ မိမိ၏စွမ်းဆောင်နိုင်မှုကိုသိရှိနားလည်ရမည်။ ထို့နောက် မိမိ၏ အားသာချက်များကို ရှာဖွေရပေမည်။

❖လောကသည် ဒွန်တွဲလောကဖြစ်၍ ညဉ့်နက်ခြင်းသည်ပင် အရုဏ်နှင့်နီးကပ်နေသကဲ့သို့ လောကဓံမုန်တိုင်းတို့နောက်၌ လေပြည်လေညင်းတို့ကပ်ပါလာစမြဲပါပေ။ မိမိသည် မတော်သေးလျှင် တော်အောင် စွမ်းဆောင်ကြိုးကုတ်ပြုလုပ်ရမည်။ မတတ်သေးလျှင် တတ်အောင်သင်ယူလေ့ကျင့်ရမည်။ မိမိသည် တစ်ပါးသူထက် တော်သူတတ်သူဖြစ်ရန် လုံ့လဝီရိယနှင့် ကြိုးကုတ်စွမ်းဆောင်ရပေမည်။ အသက်မွေးမှု အတတ်ပညာသင်ယူကာ လျှောက်လှမ်းကြရမည်။ ❖

ဆင်းရဲသော်လည်း ရိုးသားမှုစာရိတ္တလှေကားနှင့် အမြင့်သို့ တက်လှမ်းနိုင်သည်။

ဆရာကြီးဦးအောင်သင်းက "မင်းကိုယ်မင်း လုပ်အားဘယ်လောက်သွင်းလဲ အဲဒါမင်းတန်ဖိုးပဲ။ ဒီနေ့ ငါပြောချင်တဲ့ပွိုင့်ကဒါပဲ။ မင်းကိုယ်မင်း ဘယ်လောက်လုပ်အားသွင်းထားလဲ။ မင်းအချိန်ကို ဘယ်လောက်သုံးထားသလဲ။ မင်းအချိန်ကို တန်ဖိုးရှိရှိ ဘယ်လိုလုပ်အားပေါင်းလဲ" အစရှိသော စကားတို့ကိုဟောပြောပွဲတို့၌ပြောလေ့ရှိပေသည်။ လုပ်အားညီမျှခြင်းတန်ဖိုးဖြစ်ကြောင်း သီအိုရီကို မီးမောင်းထိုးပြပေသည်။ ထို့ကြောင့် မည်သည့်အရင်းအနှီးမှမရှိသည့်တိုင် လူကိုအရင်းအနှီးပြု လုပ်အားပေါင်းကာ ထူထောင်နိုင်ပါပေသည်။

**လူသားအရင်းအမြစ်ကိုအရင်းအနှီးပြုလုပ်ခြင်း**

ရေနံချောင်းမြို့နယ်ရွာလေးတစ်ရွာမှ ရန်ကုန်မြို့ ဘုန်းကြီးကျောင်းကိုမှီခို၍ ကျောင်းတက်နေသော လူငယ်လေးတစ်ဦးသည် "ငါဟာသူများတွေထက် ဘာမှလဲမသာဘူး။ သူများတွေက ကားတွေနဲ့လာတယ်။ အဝတ်စားအသစ်တွေနဲ့၊ မုန့်ဖိုးများများနဲ့ လူနေမှုအဆင့်အတန်းမြင့်မားကြတယ်။ ငါသူတို့ထက်သာဖို့ကတော့ စာတော်ဖို့လိုတယ်။ ငါစာကြိုးစားမယ်"ဟု တွေးတောခဲ့သည်။ ထို့နောက် အများထက် စာများဖတ်နိုင်မှတ်နိုင်ခဲ့၍ ထိုလူနေမှုအဆင့်အတန်းမြင့်မားသူ၊ ရုပ်ရည်ချောမောသူ မြို့ကြီးသားတို့ကပင် စာလာမေးကြ၍ လူရာဝင်သူဖြစ်ခဲ့၏။ ထိုလူငယ်နှင့် ခင်မင်ရင်းနှီးလိုသောကြောင့် သူငယ်ချင်းများက မုန့်များ ဝယ်လာတတ်၍ လာဘ်လာဘတို့လည်း ပေါ်များသည်။

စင်ကာပူနိုင်ငံသို့အလုပ်သွားလုပ်ရာ၌ "အခြားနိုင်ငံခြားသားတွေက ငါ့ထက်ခန္ဓာကိုယ် ဖွံ့စည်းပုံသာကြတယ်။ အလုပ်လုပ်နိုင်ကြတယ်။ ငါလဲသူတို့ထက်သာတဲ့အရာလုပ်မယ်ဆိုပြီး စကားပြောစွမ်းရည်နဲ့ နည်းပညာပိုင်းပိုင်နိုင်မှုကို ဦးစားပေးလုပ်ဆောင်မယ်ဆုံးဖြတ်ကာ ကြိုးစားခဲ့တယ်။ အဲဒါကြောင့် သူရှေ့ရောက်ခဲ့တယ်"။ အဓိကသုံးသပ်လျှင် လူကိုအရင်းအနှီးပြု၍ အားထုတ်မှု၏ ရလဒ်ဖြစ်ပေသည်။ လူသားအရင်းအမြစ်ကို အရင်းအနှီးပြုလုပ်သောကြောင့် ယခုအခါ နည်းပညာနယ်ပယ်၌ ပညာရှင်အဆင့်တိုင်အောင် တက်လှမ်းအသက်မွေးနေပြီး ထိုသူသည် ချမ်းသာမှုနှင့်အတူ ဂုဏ်တင့်တယ်နေသည်။

နောက်တစ်ဦးအနေဖြင့် လူသားအရင်းအမြစ်ကို အရင်းအနှီးပြုလုပ်သော ညီငယ်တစ်ယောက်သည် ရန်ကုန်မြို့၌ ကျောင်းတက်ရန်နှင့်သင်တန်းတက်ရန် အဆင်ပြေအောင် လူကိုအရင်းအနှီးအဖြစ် အသုံးပြုပေသည်။ ပထမ၌ Foodpandaနှင့် Online Delivery ကုမ္ပဏီတို့၌ စက်ဘီးနှင့်လိုက်ပို့ပေးသော ဝန်ထမ်းလုပ်ကာ သင်တန်းများတက်သည်။ လူကိုသာအရင်းအနှီးအဖြစ် ပြုလုပ်ပျိုးထောင်ရင်းဖြင့် ဂျပန်စကားပြောသင်တန်းတက်ကာ ယခုအခါ ဂျပန်နိုင်ငံ၌ လစာကောင်းကောင်းနှင့် ကြီးပွားတိုးတက်မှုအဆင့် ရောက်ရှိပေသည်။

**ရည်မှန်းချက်နှင့်ပန်းတိုင်သို့ အရောက်သွားခြင်း**

မိမိ၏အဆင်မပြေမှုတို့ကို တွေးတောပူပန်လျက် ရည်မှန်းချက်မရှိဘဲ ဘဝကိုရေစုန်မမျှောမိရန် လိုအပ်ပေသည်။ တိကျသောပန်းတိုင်၊ ရည်ရွယ်ချက်ရှိသောလုပ်ဆောင်ချက်ရှိရမည်။ မျောချင်ရာမျောနေသော ပင်လယ်ထဲက သစ်ဆွေးပမာ မကျင့်အပ်ပေ။ သောင်တစ်ဖက်ကမ်း၏တည်နေရာ လှမ်းမြင်ကာ ဆောင်ရွက်ပါမှ ပန်းတိုင်နှင့်နီးကပ်နိုင်ပေ၏။ ထိုမှတစ်ဆင့် မိမိစိတ်သန္တာန်၌လည်း တောင့်တမှုနှင့် ဆာလောင်ပြင်းပြသောဆန္ဒရှိရန်လိုအပ်သည်။ "ဆန္ဒသည်အဓိပတိ"ဖြစ်သည်။ ဆန္ဒပြင်းပြလျှင် လုပ်ငန်းတစ်ဝက်အောင်မြင်ပါပေ၏။ ယနေ့ လကမ္ဘာပေါ်သို့ လူသားများတက်ရောက်နိုင်ခဲ့ခြင်းသည်ပင်လျှင် ဆန္ဒမှ အစပြုခဲ့ခြင်းဖြစ်သည်။ ဆန္ဒကောင်းများနောက်သို့ လုပ်ရပ်ကောင်းတို့လိုက်ကာ ဘဝ၏ကောင်းကျိုးချမ်းသာများရယူနိုင်ပေသည်။ မိမိ၌ ပြင်းပြသောစိတ်သာရှိပါလျှင် အခက်အခဲတို့ရင်ဆိုင်ရသော်လည်း မလျှော့သောဇွဲသတ္တိနှင့် လျှောက်လှမ်းပါက အလိုရှိရာရယူနိုင်သော သာဓကတို့ များစွာတွေ့ဖူးကြပေမည်။ မိုင်တစ်ရာ၏အစသည် ပထမခြေတစ်လှမ်းဖြစ်ပါ၍ ရည်မှန်းချက်နှင့် ဖြစ်လိုစိတ်ပြင်းပြခြင်းတို့ရှိပါက "တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ" ဖြစ်ပေ၏။ ဆုံးဖြတ်ချက်မှန်ကန်ကာ ရည်ရွယ်ရာသို့ အဆင့်ဆင့်ဖြတ်ကျော်ရင်း လျှောက်လှမ်းနေရပေမည်။ ဤသည်ပင် ဘဝ၏ကြီးမားသောကနဦး အထောက်အကူကောင်း တစ်ရပ်ဖြစ်ပါပေ၏။

အချုပ်ဆိုရပါသော် လောကသဘာဝတရား၏ အဆင်မပြေမှု၊ ခါးသီးမှု လောကဓံတရားတို့ကို ညည်းညူပြစ်တင်နေမည့်အစား အသိတရား၊ သတိတရားနှင့်ဝေဖန်ကြရမည်။ ဝေဖန်ရာ၌ သူတစ်ပါးဆီမှ သင်ခန်းစာများနှင့် မိမိဆီမှအတွေ့အကြုံတို့ကို ပေါင်းစပ်သုံးသပ်ကာ မိမိဘဝလမ်းဖြောင့်တန်းရေး ရှေးရှုကြရမည်။ အနေဆင်းရဲ၊ အစားဆင်းရဲဟူသော ဆင်းရဲခြင်းတို့သည် သေခြင်းလောက်မဆင်းရဲသေးပါပေ။ ထို့ကြောင့် ဆင်းရဲမှုအပေါင်းကိုအန်တုနိုင်ရေးအတွက် မိမိတွင် အခြားမည်သည့်အရာမှမရှိခဲ့ပါမူ လူကိုအရင်းအနှီးပြု၍ ကိုယ့်ကိုယ်ကိုယ်ကောင်းအောင်ကြိုးစားကြရပေမည်။ ကိုယ့်ကိုယ်ကိုယ် လုပ်အားသွင်းကြရပေမည်။ သို့မှသာ တန်ဖိုးရှိသောလူတစ်ယောက်ဖြစ်ကာ သူမတူဂုဏ်ဒြပ်နှင့် တင့်တယ်ပါမည်။ နှလုံးသားဖြူကာ ကိုယ့်ကိုယ်ကိုယ် အပြုသဘောဆောင်သော၊အကောင်းမြင်စိတ်ရှိသော လူတစ်ယောက်အဖြစ် ရပ်တည်ရှင်သန်ရပေမည်။ မည်မျှခက်ခဲကျပ်တည်းသည့်တိုင် ရိုးသားကြိုးစားမှုနှင့်အတူ လူသားအရင်းအမြစ်ကို အရင်းအနှီးပြု၍ မိမိအလှနှင့် မိမိပတ်ဝန်းကျင်အလှများကို ဖန်တီးတည်ဆောက်ရမည်ဖြစ်ပါကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ဟောပြောပွဲများ(ဆရာအောင်သင်း)**
- **ပျဉ်းမငုတ်တို (မင်းသုဝဏ်)**
- **ဒဿနများ(နန္ဒမိုး)**

# ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကွမ်း ၉၈၂ ဧကစိုက်ပျိုးပြီးစီး



**ကျုံပျော် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကွမ်း ၉၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကွမ်း ၉၈၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကွမ်းစိုက်ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွမ်းပင်များ အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

''ကျောင်းကုန်းမြို့နယ်မှာ ကွမ်း ၉၈၂ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ကွမ်းတွေကို ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် ကျောင်းကုန်းမြို့နယ်မှာ မိုးသီးနှံတွေကို ဇွန်လ ပထမပတ်ကတည်းက စိုက်ပျိုးခဲ့တာပါ။ ကျောင်းကုန်းမြို့နယ်မှာ ကွမ်းအပါအဝင် မိုးသီးနှံတွေအားလုံး အခက်အခဲမရှိ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့ သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်''ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကွမ်းအပါအဝင် မိုးသီးနှံများအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းလားမြို့နယ် ၂၆ မိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းများခင်းနိုင်ရေး တိုင်းတာစစ်ဆေး

**မိုင်းလား စက်တင်ဘာ ၂**


ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေး သွားလာနိုင်ရန်ရည်ရွယ်၍ ၂၆ မိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ မြေပြင်ကွင်းဆင်းတိုင်းတာ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းတိုင်းတာစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်၊ ခရိုင်ဦးစီးမှူး ဦးစိုးလွင်၊ မြို့နယ်ဦးစီးမှူး ဦးသက်ညီညီနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာမှတာဝန်ရှိသူများနှင့်အတူ ၂၆ မိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းများကို ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်ရန် လျာထားသည့် မြေပြင်အခြေအနေများကို တိုင်းတာစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)က ကျေးရွာရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ ကွန်ကရစ်လမ်းများခင်းမည့် အစီအစဉ်များကို ချပြရှင်းလင်းပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

၂၆ မိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၁၆၀ အသုံးပြုကာ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ချိုသန်းညွန့်**

# ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်









# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




## COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။




## COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



## COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

## COVID-19 ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

## COVID-19 ရောဂါသံသယဖြစ်ဖွယ်လက္ခဏာများ

လွန်ခဲ့သည့်(၁၄)ရက်အတွင်း ရောဂါကူးစက်ပြန့်ပွားနေသည့်နိုင်ငံများသို့ ခရီးသွားခဲ့ခြင်း(သို့မဟုတ်) ကိုရိုနာဗိုင်းရပ်ရောဂါ (COVID-19)ဖြစ်ပွားသည်ဟု အတည်ပြုခြင်းခံရသူနှင့် အတူနေထိုင်ခဲ့ခြင်းတို့ရှိခဲ့ပြီး ဖျားခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀ ဒသမ ၄ ဖာရင်ဟိုက်နှင့်အထက်ရှိခြင်း) ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း။

❖ **ဆိုရှယ်မီဒီယာများကို အသုံးပြုကြသည့်နေရာတွင် စနစ်တကျအကျိုးရှိရှိအသုံးချနိုင်ရေး အရေးကြီး...**

❖ **မိမိတို့၏အသုံးပြုမှုသည် အခြားသူကို ထိခိုက်နစ်နာမှုများ မဖြစ်စေရေး၊ အထူးသဖြင့် နိုင်ငံတော်၏ အမျိုးသားစရိုက်လက္ခဏာ၊ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်မှုမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ပြုလုပ်သော မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။




## မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈၉ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ကက်တမင်း ၃၇ ကီလိုနှင့် Happy Water ၆ ဒသမ ၅ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်၂၉ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် တောင်ဂွကျေးရွာအနီးတွင် ပြည့်ဖြိုးကျော်(ခ)မှုန်လေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို သတင်းအရ ရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၈၉ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၃၇ ကီလိုနှင့် Happy Water ၆ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ပြောင်းဆေးဝါးများသယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် သိန်းမင်းကျော်(ခ) ဖိုးထွေးနှင့် နိုင်ဝင်းထွန်းတို့နှစ်ဦးကို ယင်းနေ့မွန်းလွဲ ၁ နာရီတွင် သာစည်မြို့နယ် ဘုရားငါးဆူကျေးရွာအနီး ပျော်ဘွယ်-တောင်ကြီးသွားကားလမ်းတွင် PAJERO မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ခိုင်းသူ ဘိုဘိုဇော်၊ မဒိုင်နန်း(ခ)ရွှေစင်နှင့်

**စာမျက်နှာ ၂၂ ကော်လံ ၂** ☆

## Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌ စကော့တီရှက်ဖလာက wire-to-wire ပုံစံဖြင့် ချန်ပီယံဆု ဆွတ်ခူး

**အတ္တလန်တာ စက်တင်ဘာ ၂**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့တွင် ကျင်းပခဲ့သည့် Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၃၀ လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Xinhua News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် စကော့တီရှက်ဖလာသည် ပထမနေ့မှ နောက်ဆုံးနေ့ထိ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီး wire–to–wire ပုံစံဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၂၂ ကော်လံ ၁** ❖



**တရားမဝင်သစ်မျိုးစုံ၊ ဓာတုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာမျက်နှာ- ၂၂

